www.burmeseclassic.com

ကြောက်တတ်သူမဖတ်ရ

# တစ္ဆေတွေလာတဲ့ည

တာတေ ၊ မင်းဘုန်းသိခ်သူ ၊ ရွှေဘုန်းတံ ၊ ကဝေနီ



ဒီဇိုင်း - ယမုံဝိုး

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ -
ဦးမောင်မောင်မြင့်အေး (မြဲ - ၀၄၁၀၀)
လာဘ်မိုးစာပေ
ပုံနှိပ်သူ -
ဦးစည်သူကိုကို (မြဲ - ၁၀၉၁၁)
တော်ဝင်ထွန်းပုံနှိပ်တိုက်
မျက်နှာဖုံးပန်းချီ
ဝိုင်းမော်၊ နော်အိမ်ခန့်
မျက်နှာဖုံးဒီဇိုင်း
ယမုံနီ၊
အတွင်းသရုပ်ဖော်
ကျော်ဦး
ကွန်ပြူတာစာစီ
ဇာနည်မော်
မျက်နှာဖုံးဇလင်
EAGLE
အတွင်းဇလင်
ရာဇာမျိုးဝင်း
စာအုပ်ချုပ်
ဇာနည်
အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်



ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄

# တစ္ဆေတွေလာတဲ့ည

တာတေ၊ မင်းဘုန်းသိခ်သူ
ရွှေဘုန်းကံ၊ ကဝေနီ



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ တစ္ဆေခြောက်လာတဲ့ ည

**တာတေ** ........................................ ၅

၂။ ကြယ်ကြွေ ည


**မင်းဘုန်းသိခ်သူ** ........................................ ၃၄

၃။ ဘမိမ်းသေမြနှင်း နှင့် မျက်နှာပွင့် ဗီယာသနပ်ခါး

**ရွှေဘုန်းကံ** ........................................ ၈၂

၄။ ဘလောင်းလုတဲ့ ည

**ကဝေနီ** ........................................ ၁၄၄

## တစ္ဆေခြောက်လာတဲ့ည

## တာတေ

ဘယ်သူကစခဲ့တဲ့ အစဉ်အလာဆိုတာတော့ တာတေ မသိဘူးဗျ။

တာတေတို့နေတဲ့ ထနောင်းကုန်းနားက မီးလောင်ကုန်းမှာလေ။ တစ်နှစ်တစ်ခါလုပ်တာဗျို့။ ကျုပ်တို့ရွာက ရွှေတောင်ဦး ဘုရားပွဲပြီးလို့ တစ်ပတ်ဆိုရင် ဒီပွဲက စတာဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အကျွတ်အလွှတ်ပွဲတဲ့ဗျာ…။

မီးလောင်ကုန်းသင်္ချိုင်းတောင်ဘက်က ဘိုးရုံသောင်ရဲ့ [illegible]သောထဲမယ်။ မဏ္ဍာပ်ထိုးပြီး လုပ်တာဗျ။ စီစဉ်တာကတော့ မီးလောင်ကုန်းက လူကြီးတွေပေါ့ဗျာ။ ရွာက ကာလသားတွေကတော့ သူတို့ရွာက လုပ်တဲ့ပွဲမှာ ဝိုင်းဝန်းပြီး ချက်ကြ၊ ပြုတ်ကြရတာပေါ့။

ဒီပွဲကို ရောက်လာမယ့် သရဲတွေ၊ တစ္ဆေတွေ စားဖို့လေဗျာ။ ပဲရယ်၊ အာလူးရယ်၊ အမဲသား၊ ကြက်သား အကုန်ပေါင်းပြီး အိုးကြီးနဲ့ ချက်ရတာဗျို့။

အကျွတ်အလွှတ်ပွဲမစခင် သုံးရက်လောက်ကတည်းက အနီးအနားက ရွာသင်္ချိုင်းတွေမှာ လိုက်ပြီး ဖျို့ဟစ်ထားရတာဗျ။

"ဒီသင်္ချိုင်းမြေအတွင်း မှီတင်းနေထိုင်ကြတဲ့ သရဲ၊ တစ္ဆေအပေါင်းတို့။ နောက်သုံးရက်ကြာရင် မီးလောင်ကုန်းရွာ အကျွတ်အလွှတ်ပွဲကျင်းပတော့မယ်ဗျို့။ ဒီပွဲမှာ ဆရာတော်ကြီးတွေဟောကြားတဲ့ တရားပေစာ နာကြားရင်း ထမင်း၊ ဟင်းကောင်းစားဖို့ ကြွကြပါလို့ ဖိတ်မန္တကပြုပါတယ်ဗျား။ မမေ့မလျော့နဲ့ နွားရိုင်းသွင်းချိန်အရောက် ကြွခဲ့ကြပါ တစ္ဆေ၊ သရဲအပေါင်းတို့"

တစ္ဆေတွေ၊ သရဲတွေကြားအောင် အသံပြဲကြီးနဲ့ ဖျို့ဟစ်တာက အာဗြဲလို့ခေါ်တဲ့ အောင်ဘကြည်လေဗျာ။ ဒီကောင် အာဗြဲက ဦးဆောင်ပြီး ကာလသားလေးငါးယောက် လိုက်ပြီးဖျို့ဟစ်ရတာ။





ဒီကောင်တွေလည်း သိပ်တော့ မသက်သာဘူးဗျ။ ထနောင်းကုန်း၊ ဘန့်ဘွေးကုန်း၊ မီးလောင်ကုန်း၊ ငွေတွင်းကုန်း၊ ဆပ်သမြောင်၊ ညံတော၊ အို…မနည်းပါဘူးဗျာ။ အနီးအနားက ရွာသင်္ချိုင်းတွေ အကုန်သွားပြီးတော့ ဖျို့ဟစ်ရတာဗျ။

ကျုပ်တို့တောင်ရွာစုက သင်္ချိုင်းက သရဲတွေဆိုရင် အာဗြဲရဲ့အသံပြဲပြဲကြီးကို မှတ်မိနေမှာ သေချာသဗျ။

မဏ္ဍာပ်ထိုးတဲ့လူက ထိုး၊ သံဃာစင်ဆောက်တဲ့လူက ဆောက်၊ တစ္ဆေသရဲတွေ ကျွေးဖို့ အစားအသောက်ချက်ဖို့ပြုတ်ဖို့ စီစဉ်တဲ့လူက စီစဉ်ပေါ့ဗျာ။

ဒီအကျွတ်အလွှတ်ပွဲကို ဘယ်သူက စခဲ့တယ်ဆိုတာတော့ မသိဘူးဗျ။ ကျုပ်တို့မမွေးခင်ကတည်းက ရှိခဲ့တာလေဗျာ။

ဒီပွဲမှာ သရဲ၊ တစ္ဆေတွေ တကယ်ပဲလာကြသလား၊ ဘယ်လောက်များများလာကြပြီး ဘယ်လောက်ကျွတ်လွှတ်သွားတယ်ဆိုတာကို ဘယ်သူမှ အတပ်မသိကြပေမဲ့ အကျွတ်အလွှတ်ပွဲကိုတော့ တစ်နှစ်မပြတ်ကို လုပ်ခဲ့ကြတာဗျို့။

ဖျို့ဟစ်တဲ့အဖွဲ့မှာ အာဗြဲက ခေါင်းဆောင်ဖြစ်သလို သရဲကျွေးတဲ့နေရာမှာတော့ ပြောင်းရှည်ဆိုတဲ့ကောင်က ခေါင်းဆောင်ဗျ။

မြေကွက်လပ်မှာ ငှက်ပျောဖက်တွေ အသေအချာခင်းပြီး ထမင်းပုံ၊ ဟင်းပုံပြီး အကျအနကို ကျွေးတာဗျ။ ပြောင်းရှည်ဆိုတဲ့ကောင်က လူက အရပ်ရှည်ရှည်၊ ကလန်ကလားကြီးနဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဆောင်းကြီး ခါးစောင်းတင်ပြီး ကျွေးနေလိုက်တာများ [illegible]အလှူအိမ်ကြီးကျနေတာဗျ။

ကျုပ်လည်း ပြောသာပြောတာပါဗျာ။ မီးလောင်ကုန်းက အကျွတ်အလွှတ်ပွဲကို မရောက်တာကြာပါပြီ။ ဟိုတုန်းကသာ တစ်ခေါက်၊ နှစ်ခေါက် ရောက်တာ။ ဒီနောက်ပိုင်းတော့ မသွားဖြစ်ဘူးဗျ။ ကျုပ်တို့ရွာက ရွှေတောင်ဦးဘုရားပွဲက ပြီးရုံရှိသေးတော့ လူတွေလည်း ပန်းနေကြတာမို့လားဗျာ။ ဒီအချိန်မှာ ဘယ်မှကို သွားချင်ကြတာ မဟုတ်ဘူးဗျ။

"ကိုကြီးတာတေ၊ ဒီနှစ် မီးလောင်ကုန်းက အကျွတ်အလွှတ်ပွဲကို သွားကြည့်ရအောင်ဗျာ"

ကျော်ခဲဗျ။ ဒီကောင်က ကျုပ်ငယ်ငယ်ကအတိုင်းပါဗျာ။ ဟိုစပ်စပ်၊ ဒီစပ်စပ်နဲ့ ကျော်ခဲမရောက်တဲ့နေရာကို မရှိပါဘူးဗျာ။

ကျုပ်က အင်တင်တင်လုပ်နေတာဗျ။ ရွှေတောင်ဦးဘုရားပွဲမပြီးခင် သုံးရက်လောက်အလိုကတည်းကိုက ကျော်ခဲက တဖွဖွပြောနေတာ။ သံမဏိကလည်း ကျော်ခဲပူဆာတာကို သူပါသဘောတူပုံပဲဗျ။

ဒီကောင်တွေပူဆာတော့မှပဲ ကျုပ်လည်း တွေးမိတာဗျို့။ အဲဒီအကျွတ်အလွှတ်ပွဲကို ကျုပ်မျက်ကွင်းဆေးကွင်းပြီး တစ်ခါမှ မသွားခဲ့ဖူးဘူးဗျ။ ကျုပ်ဆိုတဲ့ကောင်ကလည်း ကျော်ခဲတို့ စပ်စု





တယ်ဆိုတာ ကျုပ်အိပ်နေသလောက်ပဲ ရှိတာလေဗျာ။

ကျုပ်စိတ်ထဲမှာ တစ်ခါလောက်တော့ မျက်ကွင်းဆေးကွင်းပြီး သွားကြည့်မယ်လို့ တွေးတော့တွေးဖူးသားဗျ။ ဒါပေမဲ့ တစ်ခါမှတော့ မရောက်ခဲ့ဘူး။

ဒီတစ်ခါတော့ ကြုံပြီပေါ့ဗျာ။ ဟိုကောင် ကျော်ခဲပူဆာတာဟာ ကျုပ်စိတ်ကို ဆွပေးသလို ဖြစ်သွားတာဗျို့။

"အေး…သွားကြမယ်လေကွာ"

ကျုပ်က တက်တက်ကြွကြွ ပြောလိုက်တော့ ဒီကောင်နှစ်ကောင် ပျော်သွားသဗျ။

ရွှေတောင်ဦးဘုရားပွဲပြီးလို့ နှစ်ရက်အကြာမှာ ကျုပ်ဟာသည်း ဝိုင်းထဲက မန်းကျည်ပင်ကြီးအောက်က သစ်သားကွပ်ပျစ်ပေါ်မှာ ခြေပစ်လက်ပစ်ကို အိပ်ပျော်သွားရောဗျို့။

"တာတေရေ…တာတေ"

ဝိုင်းဝက ကျုပ်နှာမည်ခေါ်သံကြားလို့သာ လန့်နိုးသွားတာဗျို့။ နို့မဟုတ်ရင် ဘယ်လောက်များ အိပ်ပျော်နေမလဲမသိဘူး။ အဘနဲ့ အမေကလည်း ဘုရားပွဲမှာ ကျုပ်ပင်ပန်းထားမှန်းသိလို့ [illegible]ကြဘူးဗျ။ ကျုပ်နိုးတော့ ညနေတောင်စောင်းနေပြီလေဗျာ။

ကျုပ်ခေါင်းထောင်ပြီး ဝိုင်းဝကို လှမ်းကြည့်လိုက်တယ်။ ဟင်…မီးလောင်ကုန်းက ပြောင်းရှည်နဲ့ စံမြပါလား။

"ဟေ့ကောင်တွေ…လာလေကွာ။ ဝိုင်းဝမယ် မတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရပ်လို့"

"အေး...လာဖို့ပဲ။ မင်းအိပ်နေတာမြင်လို့ ရပ်နေတာကွ"

ပြောပြောဆိုဆို ဒီကောင်တွေ ကျုပ်ဆီကို တန်းလျှောက်လာကြတာဗျ။ ပြောင်းရှည်တွေ၊ စံမြရော ကျုပ်နဲ့ ရွယ်တူတွေလေဗျာ။

"လာ...ထိုင်ကြကွာ။ ငါလည်း ဘုရားပွဲအပြီးမှာ ပန်းပြီး အိပ်ပျော်သွားတာဟ။ ထမင်းစားပြီးကတည်းက အိပ်လိုက်တာ ခုမှ နိုးတာသာ ကြည့်ပေတော့ကွာ။ ဒါတောင် ပြောင်းရှည်ခေါ်သံကြားလိုက်လို့ဟ။ နို့မဟုတ်ရင် ညအထိတောင် ဆက်အိပ်နေမလားပဲကွ"

ကျုပ်က ပြောပြောဆိုဆိုနဲ့ နဂါးဆေးပေါ့လိပ်ကလေးတွေ တစ်ယောက်တစ်လိပ် တည်လိုက်တယ်ဗျ။ ပြီးတော့ ကျုပ်ရဲ့လက်သုံးတော် နေဖြူမီးခတ်ကြီးကို ကမ်းပေးလိုက်တယ်။ ဒီကောင်နှစ်ကောင် မီးခတ်ပြီး ဆေးပေါ့လိပ်တွေ ညှိကြတာပေါ့ဗျာ။

ကျုပ်လည်း မအိပ်ခင်ချထားခဲ့ ဆေးပေါ့လိပ်တိုကလေးကို ညှိပြီးဖွာလိုက်ရောဗျို့။

"ပြောင်းရှည်...မင်းတို့နှစ်ယောက် ဘယ်ကလာတာတုံး"

"ဘိုးရုံထောင်တို့နဲ့ လာတာကွာ။ တို့ရွာ အကျွတ်အလွှတ်ပွဲက လပြည့်ကျော် ၆ ရက်လေကွာ။ အဲဒါ ဘိုးရုံထောင်တို့ဘုန်းကြီးလာပင့်တာကွ။ ငါနဲ့ စံမြက ဘိုးရုံထောင်တို့ကို လှည်းမောင်းပြီး လိုက်ပို့ကြတာ တာတောရ။ ဘုန်းကြီးကျောင်းမှာ လှည်းထားခဲ့ပြီး မင်းဆီကိုလာခဲ့တာ"

"ဩော်...ဒီကိစ္စလား။ ငါတောင် ဒီနှစ် မင်းတို့ရွာက အကျွတ်အလွှတ်ပွဲကို လာမလားလို့ကွ...စံမြရ"

"အေး...ငါတို့ အခုလာတာလည်း ဒီကိစ္စပဲကွ တာတောရ။ ဒီနှစ် တို့ရွာက အကျွတ်အလွှတ်ပွဲအတွက် အစည်းအဝေးလုပ်တော့ ဘိုးရုံထောင်တို့ လူကြီးပိုင်းက ပြောတယ်ကွ။ အကျွတ်အလွှတ်ပွဲ အစဉ်အလာကို ငါတို့လူငယ်တွေ ဆက်ပြီးထိန်းသိမ်းထားကြဖို့ပေါ့ကွာ။ အဲဒီလို လူငယ်တွေအနေနဲ့ ဒီပွဲကို ဆက်ပြီးလုပ်ကြတဲ့အခါမှာ ထနောင်းကုန်းက တာတောကိုပါ ထည့်ပြီးအဖွဲ့ဖွဲ့ဖို့။ ဒီကိစ္စနောင်ရွက်တိုင်း တာတောကို ဖိတ်ခေါ်ကြဖို့မှာတယ်ကွ။ ဒါကြောင့် ငါနဲ့ စံမြ မင်းကိုလာဖိတ်တာ။ အဲဒီနေ့မှာ မင်းဆက်ဆက်ကြွခဲ့ဖို့ပေါ့ကွာ"

"ဟား...ဟား...ဟား...ပြောင်းရှည်ရာ မင်းကလည်း ဘယ့်နှယ်ကြွပါတုံးကွ။ တာတော...မင်းလာဖြစ်အောင်လာခဲ့လို့ ပြောစမ်းပါကွာ"

"ဟာ...မဟုတ်ဘူးလေကွာ။ လူကြီးတွေကိုက မင်းကို ဒိတ်ခိုင်းတာကွ။ ဒါကြောင့် ဖိတ်ရတာလေကွာ"

"အေးပါကွာ ပြောင်းရှည်။ ငါလာခဲ့မယ်...စိတ်ချ။







www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲနဲ့ သံမဏိကလည်း သွားချင်လို့ ပြောနေတာ''

''ကျောက်ခဲဆိုတာ ဘယ်သူတုံး''

''ကိုကြီးမောင်ညို့ရဲ့ သားလေကွာ။ ဟိုကောင် သံမဏိက ကိုကြီးအောင်ငြိမ်းရဲ့သားကွ''

''ဩော်…ကိုမောင်ညိုတို့၊ ကိုအောင်ငြိမ်းတို့ သားတွေကိုး''

''ဟာ…ဒီကောင်နှစ်ကောင် ငါ့ကို လွှတ်ခင်တာကွ ပြောင်းရှည်ရ။ အားလည်းကိုးရတယ်ဟေ့''

''ဒီကောင်တွေပါ ခေါ်ခဲ့လေကွာ။ ဘုန်းကြီးတွေကို နေ့ဆွမ်းကပ်မှာကွ။ မင်းတို့အတွက် ဘုန်းကြီးပွဲကျ ငါသိမ်းထားမယ်''

စံမြက ပြောတာဗျ။ စံမြက လူအေး၊ လူရိုးဗျ။ စကားကလည်း အနည်းသား။

''ဟာ…မလုပ်ပါနဲ့ စံမြရာ။ တာဝန်ပိုပါတယ်ကွာ။ ငါတို့ ထမင်းစားပြီးမှ လာကြမှာပါ။ ညနေစာတော့ အဆင်ပြေသလို ပေါ့ကွာ။ မီးလောင်ကုန်းတစ်ရွာလုံး တာတေ့စားအိမ်တွေချည်းပါကွာ''

''ဟာ…ဒါတော့ ဟုတ်ပါတယ်ကွာ။ ဒါပေမဲ့ ငါတို့က မင်းကို ဧည့်ဝတ်ပြုချင်လို့ပါကွာ''

''နို့…နေပါဦးကွ ပြောင်းရှည်ရ။ ဟိုကောင် အာပြဲ





မပါလာဘူးလား''

ကျုပ်က အာပြဲကို သတိရပြီး မေးလိုက်တာဗျ။

''ဟာ…ဒီရက်တွေဆို အာပြဲမအားတော့ဘူးလေကွာ။ သချိုင်းကုန်းတွေလှည့်ပြီး ဗျို့ဟာစ်နေရပြီကွ။ ဒီအနီးတစ်ဝိုက်က သရဲတွေကလည်း အာပြဲအသံကို မှတ်မိနေလောက်ပါပြီကွာ''

ဒီကောင်နှစ်ကောင် ဆေးလိပ်ကလေးဖွာရင်း ကျုပ်နဲ့ စကားကောင်းနေကြတာဗျို့။ တော်တော်ကြာမှ –

''ကဲ…တာတေရေ၊ စကားကတော့ ပြောလို့ကောင်းတယ်ဟေ့။ ငါတို့ သွားမှဖြစ်မယ်။ ဘိုးရုံထောင်တို့က မျှော်နေရင် မကောင်းဘူးဟေ့''

ပြောင်းရှည်က ကျုပ်ကိုနှုတ်ဆက်ပြီး ပြန်သွားကြရောဗျို့။ ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးပင့်နေတဲ့ ဘိုးရုံထောင်တို့ကို ဝင်ခေါ်ပြီး မီးလောင်ကုန်းကို လှည်းပြန်မောင်းရမှာလေဗျာ။

လပြည့်ကျော် ၆ ရက်ရောက်တော့ ကျုပ်ရယ်၊ ကောင်လေးနှစ်ကောင်ရယ် ထမင်းစားပြီးမှ ရွာကထွက်ခဲ့ကြတယ်။ ကျုပ်က ယူနေကျ မျက်ကွင်းဆေးကို အိတ်ရှုံ့လေးနဲ့ လည်ပင်းမှာ ဆွဲလို့ပေါ့ဗျာ။ ဒါပေမဲ့ အင်္ကျီထဲမှာထည့်ထားတာဆိုတော့ လူတွေ အမြင်ဘူးဗျ။

မီးလောင်ကုန်းရောက်တော့ အကျွတ်အလွှတ်ပွဲလုပ်ဖို့ ပြင်ထားတဲ့ ဘိုးရုံထောင်ရဲ့ ယာခင်းကို ကျုပ်တို့ တန်းသွားကြတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်ကြီးမှဗျာ ဟီးနေအောင် ထိုးထားတာဗျို့။ မီးလောင်ကုန်း အကျွတ်အလွတ်ပွဲဆိုတာ တကယ့်ကို ကြီးကျယ်ပေတာပဲလို့ ကျုပ်စိတ်က တွေးလိုက်မိတယ်။ သံဃာစင်ကလည်း ကျကျနနကို ဆောက်ထားတာဗျ။ စေတနာပါပါနဲ့ကို လုပ်ထားကြတာပါဗျာ။

"ဟာ…တာတေတို့ လာကြပြီဟေ့"

ဘိုးရုံသောင်ဗျ။ မဏ္ဍပ်ထဲမှာ ထိုင်နေတဲ့ လူကြီးဝိုင်းကနေ လှမ်းအော်ပြောတာဗျို့။

"ဟာ…တာတေ ရောက်ပြီလား။ မင်းတို့ကို ထမင်းကျွေးဖို့ ငါမျှော်နေတာကွ"

စံမြကြီးကား သံဃာစင်နောက်က ထွက်လာပြီး ကျုပ်ကို ဝမ်းသာအားရ ကြိုဆိုတယ်ဗျ။

"ဟာ…ငါတို့ စားပြီးမှလာတာကွ စံမြရ။ ဒါနဲ့…အာဗြဲတို့၊ ပြောင်းရှည်တို့ရော"

"ရှိတယ်…ရှိတယ်။ ငှက်ပျောဖက်ခုတ်တာ နည်းနေလို့သွားပြီးခုတ်နေကြတယ်ကွ။ လာမှာ…လာမှာ၊ မကြာဘူး။ ကဲ…မင်းတို့ ရွာထဲဝင်ကြဦးလေကွာ"

ကျုပ်တို့လည်း စံမြခေါ်တဲ့နောက် လိုက်ခဲ့ရတာပေါ့ဗျာ။ ရွာထဲရောက်တော့ ဟိုလူက နှုတ်ဆက်၊ ဒီလူကနှုတ်ဆက်နဲ့ ပျော်စရာတော့ ကောင်းသားဗျ။





"ဟာ…တာတေတို့ရောက်ပြီလားကွ။ လာဟေ့…စံမြတို့အိမ်မှာ ငါတို့ ကာလသားတွေ ဝိုင်းဖွဲ့နေလေရဲ့။ မင်းကို မျှော်နေကြတာကွ"

ကိုစံပေါဆိုတဲ့လူဗျ။ ကိုစံပေါကြီးက ကျုပ်ကို လွှတ်ခင်တာဗျို့။ တွေ့တာနဲ့ ဝမ်းသာအားရခေါ်တော့တာဗျ။ မီးလောင်ကုန်းသားတွေက လွှတ်ခင်ဖို့ကောင်းတာပါဗျာ။ ကျုပ်တို့ စံမြတို့အိမ်ရောက်တော့ ဝိုင်းထဲမှာ [illegible]ပွဲသုံးလုံးဆက်ပြီး ခုနံတန်းတွေချလို့ဗျ။ လက်ဖက်ပွဲတွေမှ ဆီကိုအိနေတာဗျာ။ ကျုပ်အကြိုက် နဂါးဆေးပေါ့လိပ်တွေလည်း အစည်းလိုက်ချလို့ဗျာ။ ရွာထဲက ကာလသားတွေ လူစုတဲ့နေရာ ထင်တယ်ဗျ။ ဒီကမှ အကျွတ်အလွတ်ပွဲကို သွားကြမယ့်ပုံပဲ။

"လာဟေ့…တာတေ၊ ထိုင်ကွာ"

ဂျပုလို့ခေါ်တဲ့ မောင်စိန်က ခရီးဦးကြိုပြုသဗျ။ ညိုထွန်း၊ တင်မောင်၊ ပန်းစုံ၊ ခွေးညို၊ တင်ညွှန့် အားလုံး ကျုပ်နဲ့ လူခင်တွေချည်းပဲဗျ။

ကျုပ်က ကျောက်ခဲနဲ့ သံမဏိကို ထိုင်ခိုင်းတယ်။ ပြီးမှ ခွေးညိုဘေးမှာ ကျုပ်ဝင်ထိုင်လိုက်တယ်။

"တာတေတို့များ ပျောက်ချက်သားကောင်းပါကွာ။ ငတို့မီးလောင်ကုန်းဘက်ကို ခြေဦးတောင်မလှည့်တာ ကြာပေါ့"

ပန်းစုံက ကျုပ်ကို စကားနာလေးထိုးလို့ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ပါဘူး ပန်းစုံရာ။ အိမ်အလုပ်နဲ့ ရပ်ရေးရွာရေးနဲ့ကို တစ်နေ့ကုန်ကုန်သွားတာပေါ့။ လူသာ မရောက်ရှိတာပါကွာ။ စိတ်ကတော့ မင်းတို့ဆီ ရောက်ပြီးသားပါကွာ"

"တာတေတို့ကတော့ တွေ့ပြီဆိုရင် လွမ်းရောဗျား"

ဂျပုကလည်း စကားလေးနဲ့ ဝင်ဖို့ပေးလိုက်သေးဗျ။

"တကယ်ပါကွ ဂျပုရ။ တာတေဆိုတဲ့ကောင်က စကားနဲ့ လွမ်းတတ်တဲ့ကောင် မဟုတ်မှန်း [illegible]းသိပါတယ်"

သူငယ်ချင်းတွေ မတွေ့တာကြာတော့လည်း တစ်ယောက်ကိုတစ်ယောက် စကြတာပေါ့ဗျာ။

"ရော့…တာတေ၊ အမောပြေ ဒါလေးဖွာလိုက်ဦး။ မင်းကြိုက်တဲ့ နဂါးကွ"

ခွေးညိုက ကြေးမီးခတ်ကြီးခတ်ပြီး နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ် မီးညှိတယ်။ ပြီးတော့ ကျုပ်ကို ကမ်းလေးတယ်ဗျ။

ကျုပ်လည်း နဂါးဆေးပေါ့လိပ်ကို နှစ်ဖွာ၊ သုံးဖွာ ဆက်ဖွာလိုက်တယ်။

"နို့…အကျွတ်အလွတ်ပွဲက ဘယ်အချိန်စမှာတုံး ဂျပုရဲ့"

"ထုံးစံအတိုင်းပေါ့ တာတေရာ။ နွားရိုင်းသွင်းချိန်ပေါ့ကွာ"

"ဟ…နေပါဦးကွ။ ဗျိုဟစ်တဲ့ အာပြဲကြီး မမြင်ပါလား"





"အာပြဲလား…ရှိတယ်ကွ။ ထမင်းဟင်းတွေချက်တဲ့နေရာမှာကွ။ ကူပြီးချက်ပေးနေတယ်။ စောစောကတောင် ရွာထဲဖြန့်ဝင်လာသေးတယ်"

ဂျပုက ကျုပ်မေးတာကို ဖြေတယ်။

"မင်းကိုတောင် အာပြဲက မေးနေသေးတာ။ တာတေလာမယ်ဆို၊ မရောက်သေးဘူးလားတဲ့"

တင်ညွန့်က ဝင်ပြောတာဗျ။ ကျုပ်လည်း လက်ဖက်စားလိုက်၊ ဆတ်သားခြောက်ဝါးလိုက်၊ ရေနွေးကြမ်းလေးသောက်လိုက်၊ ရေနွေးကြမ်းလေးသောက်လိုက်၊ ဆေးလိပ်ကလေး ဖွာလိုက်နဲ့ပေါ့ဗျာ။ စကားဝိုင်းကလည်း မြိုင်သားဗျ။ ဟိုအကြောင်းပြော၊ ဒီအကြောင်းပြောနဲ့။ စံမြတို့ဝိုင်းထဲမှာ စည်လို့ဗျ။

လက်ဖက်ပွဲနဲ့ အကြမ်းအိုးကလည်း မပြတ်ပါဘူးဗျာ။ ကျုပ်အကောင်တွေ ကျောက်ခဲတို့၊ သံမဏိတို့တောင် ပျော်လို့ဗျ။ ငယ်ငယ်ကအကြောင်းတွေ ပြောကြ၊ ရယ်ကြပေါ့ဗျာ။

တချို့ကလည်း ကျုပ်ဆရာကြီးတွေအကြောင်း မေးကြသဗျ။ ဆရာကြီးဦးမင်းအောင်တို့၊ ဆရာနွံဖတို့ပေါ့ဗျာ။ ကျုပ်ကလည်း ကျုပ်လျှောက်လိုက်ခဲ့ဖူးတဲ့ ကျုပ်ဆရာကြီးတွေရဲ့ သီလ၊ သမာဓိရှိကြပုံတွေလို့ ပြောပြရတာပေါ့ဗျာ။

ကျုပ်ပြောပြတဲ့အထဲမှာ ဒီကောင်တွေ စိတ်အဝင်စားဆုံးကတော့ 'ကန်တော်ကဝေမ' အကြောင်းပဲဗျ။ ကျောက်မိကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး အသက်ဝင်လာတာလေဗျာ။ ငွေသန္တပ်ကြီးရဲ့ ကျုပ်ကန်ထဲ ဆင်းပြီး မိကျောင်းကြီးနဲ့ တိုက်ခဲ့ရတာလေဗျာ။ ဒီအကြောင်းကို 'ကဝေဆယ့်နှစ်ကြိုး' စာအုပ်ထဲမှာ 'ကန်တော်ကဝေမ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျုပ်ရေးခဲ့ပါတယ်။

စကားကောင်းနေလိုက်ကြတာ နေညိုသွားတာတောင် သတိမထားမိကြဘူးဗျ။ ဝိုင်းထဲကို မီးလောင်ကုန်းက ကာလသားတွေ တဖွဲဖွဲရောက်လာလိုက်ကြတာ စံမြတို့ဝိုင်းတောင် ပြည့်ခါနီးရောဗျို့။

"ဟာ…တာတေ၊ မင်းဘယ်အချိန်ထဲက ရောက်နေတာတုံးကွ"

အာဗြဲကြီးဗျ။ သရဲတွေကို ဗျိုးလိုက်ဟစ်တဲ့ကောင်လေ။

"ငါ နေလယ်ကတည်းက ရောက်နေတာကွာ အာဗြဲရ"

"စိတ်မရှိနဲ့ တာတေရာ။ ငါအလုပ်များနေလို့ မင်းကို ဧည့်မခံနိုင်တာပါ သူငယ်ချင်းရာ"

"ဟာ…ငါသိတယ်လေ အာဗြဲရာ၊ ဒီမှာ လိုလေသေးကို မရှိပါဘူးကွာ"

ကျုပ်က အာဗြဲကို ဧည့်ဝတ်ကျေကြောင်း ပြောရတာပေါ့ဗျာ။

"ကဲ…ဒါဆိုရင် တို့ ရွာပြင်ထွက်ကြစို့ကွာ။ ကဲ…အားလုံးပဲ ကိုယ့်ကိုပေးထားတဲ့ တာဝန်တွေအတိုင်း လုပ်ကြရမယ်





နော်။ အဓိကကတော့ မင်းတို့ကို ငါမှာထားတဲ့အတိုင်းပဲ သတိရှိရှိလုပ်ကြရမယ်။ ပြီးတော့ အရေးအကြီးဆုံးက ပါးစပ်ပဲ။ မင်းတို့ ပါးစပ်က ပေါက်တတ်ကရတွေ မပြောကြနဲ့။ နောက်တစ်ခုက တစ်ယောက်နဲ့တစ်ယောက် နာမည်မခေါ်မိစေနဲ့။ ကိုယ်ယူထားတဲ့ တာဝန်ကို ကိုယ့်ဘာသာလုပ်ကြပေတော့။ ကဲ…သွားကြစို့"

ကျုပ်က လျှင်ပြီးသားပါဗျာ။

စောစောကတင် ခွေးညိုကို လက်ကုတ်ပြီး ဝိုင်းပြင်ထွက်ခဲ့တယ်။ ခွေးညိုတို့အိမ်ကိုသွားပြီး မျက်ကွင်းဆေး သွေးကွင်းလိုက်တယ်။ ဒီကိစ္စက အတတ်နိုင်ဆုံး လျှို့ဝှက်ရတာဗျ။

မီးလောင်ကုန်းက ကာလသားတွေကို အာဗြဲကြီး ဦးဆောင်ပြီး ရွာပြင်ထွက်ခဲ့ကြရောဗျို့။ ကျုပ်တို့လည်း ရောပြီး လိုက်ခဲ့ကြတယ်။ ရွာပြင်ရောက်တော့ အနီးအနားရွာတွေက ကျောင်းထိုင်ဆရာတော်ကြီး ဆယ့်တစ်ပါးက သံဃာစင်ပေါ်မှာ ကြွနေကြပြီဗျ။ တရားနာမဏ္ဍပ်ထဲမှာ ဝါးကြောဖျာကြမ်းတွေ အပြည့်ခင်းထားတယ်။ လူဆိုရင်တော့ နှစ်ရာလောက်ထိုင်ပြီး တရားနာနိုင်တာပေါ့ဗျာ။ တရားနာတဲ့ မဏ္ဍပ်နဲ့ ခပ်ဝေးဝေးမှာ ထမင်းကျွေးဖို့ ပြင်ထားတာဗျ။

တိုင်တွေစိုက်ပြီး အောက်လင်းဓာတ်မီးတွေထွန်းဖို့ အဆင်သင့်ပြင်ထားတယ်ဗျ။

တဖြည်းဖြည်းနဲ့ နေဝင်သွားပြီ။ အမှောင်ရိပ်က တဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်း လျှမ်းလာပြီပေါ့ဗျာ။ လူတွေ တစ်ယောက်နဲ့တစ်ယောက် စကားကျယ်ကျယ် မပြောကြဘူးဗျ။ လက်ဟန်ခြေဟန်နဲ့ပဲပြပြီး ပြောကြတာ။ တာဝန်တွေက ခွဲပြီးသားလေဗျာ။

ဟော...အောက်လင်းဓာတ်မီးထွန်းရမယ့်သူတွေက အောက်လင်းဓာတ်မီးတွေ လိုက်ပြီးထွန်းနေကြပြီဗျို့...။

ပြောင်းရှည်ကို ကျုပ်ခုမှတွေ့ရတယ်ဗျာ။ ဒီကောင်က ကျွေးမွေးတဲ့အဖွဲ့ကို ခေါင်းဆောင်ရတာကိုး။ ဟော...ပြောင်းရှည်တို့အဖွဲ့ ကွင်းထဲမှာ ငှက်ပျောဖက်ကြီးတွေ လိုက်ပြီးခင်းနေကြပြီဗျို့။ ရှေ့က ငှက်ပျောဖက်ခင်းတဲ့သူကခင်း၊ နောက်က ထမင်းတောင်းနဲ့ ထမင်းပုံတဲ့သူကပုံလို့ဗျ။ ယာခင်းထဲမှာ ဝါးကြော်ဖျာကြမ်းကြီးတွေခင်းထားတာဆိုတော့ ပျော်ဖို့ကောင်းကောင်းသေးရဲ့ဗျာ။ ဟော...ထမင်းပုံပေါ်မှာ ဟင်းထည့်တဲ့သူက ဟင်းတွေအပုံလိုက်ထည့်သဗျ။ မှောင်လည်းမှောင်လာပြီလေ။

ဟာ...လာကြပြီဗျို့...လာကြပြီ။ တစ္ဆေတွေ လာကြပြီ။

ယာတောတွေကိုဖြတ်ပြီး လာနေတာဗျ။ ကျုပ်လည်း ဒီတစ်ခါပဲ မျက်ကွင်းဆေးနဲ့ ကြည့်ဖူးတာ။ အောင်မယ်...ခပ်မှန်မှန်ပဲ လျှောက်လာကြတာဗျ။ ပြေးလွှားလာတာ မဟုတ်ဘူး။

တဖြည်းဖြည်းနဲ့ နီးလာပြီဗျို့။ ဟာ...ရှေ့ဆုံးကလာတဲ့ အကောင်ကြီးက နည်းတဲ့အကောင်ကြီးမဟုတ်ဘူးဗျာ။ အရပ်ဆယ်ပေလောက်ရှိမှာဗျ။ တစ်ကိုယ်လုံး အမွေးရှည်ကြီးတွေဖုံးလို့ဗျို့။





ဟာ...ဒီကောင်ကြီးရဲ့ နားရွက်ကြီးတွေက အကြီးကြီးပါပဲလား။ ဘေးကို ကားထွက်နေတာဗျ။ ဆင်နားရွက်ကြီးတွေလိုပဲဗျို့။ ဒါပေမဲ့ ဒီတစ္ဆေကြီးရဲ့နားရွက်တွေက မြေကြီးကို တိုက်နေတာဗျ။

ဒီနားကားကြီးက ရှေ့ဆုံးကရောက်လာတာဗျို့။ သူ့နောက်က တန်းစီပြီးပါလာတဲ့ တစ္ဆေတွေကတော့ ပုံစံအစုံပဲဗျာ။ ဆံပင်ဖားလျားကြီးတွေရော၊ ထဘီပေါင်လယ်လောက်ဝတ်ထားတဲ့ သရဲမကြီးတွေရော၊ တစ်ကိုယ်လုံး အမွေးတွေဖုံးနေတဲ့ သရဲကြီးတွေရော...။ ကျုပ်စိတ်ထင်တော့ အကောင်ငါးဆယ်၊ ခြောက်ဆယ်လောက် ရှိမယ်ထင်တယ်ဗျ။

ဩော်...လက်စသတ်တော့ နားကားကြီးက အုပ်ချုပ်တာကိုးဗျ။ ရှေ့က နားကားကြီး ရပ်လိုက်တယ်ဆိုရင် နောက်က အကောင်တွေလည်း တုံ့ခနဲရပ်သွားတယ်ဗျ။ မျက်လုံးနီနီကြီးတွေ ပြူးပြီး ထမင်းတွေ၊ ဟင်းတွေကို ကြည့်နေကြတယ်ဗျို့။ တစ်ကောင်မှတော့ ဝင်မစားရဲကြဘူး။

ဟော...ဟော...ထဘီပေါင်လယ်လောက် ဝတ်ထားတဲ့ ဆံပင်ဖားလျားနဲ့ သရဲမကြီးက နားကားကြီးကိုကျော်ပြီး ရှေ့ကို ထွက်လာတယ်ဗျ။

"အီး...ဟီး...ဟီး"

ဟာ...မြန်လိုက်တဲ့ နားကားကြီးဗျာ။ သရဲမကြီးရဲ့ ဆံပင်ဖားလျားကြီးကို ဆတ်ခနဲဆောင့်ဆွဲလိုက်တာ သရဲမကြီး



www.burmeseclassic.com

www.burmeseclassic.com



ငယ်သံပါအောင် အော်တော့တာပါပဲဗျာ။ ဒါတွေကို ကျုပ်ပဲမြင်နေ ကြားနေရတာဗျ။ ကျုပ်က မျက်ကွင်းဆေးကွင်းထားတာလေဗျာ။ တခြားသူတွေကတော့ တစ္ဆေတွေရောက်နေတာကို သိပုံမပေါ်ဘူးဗျ။

အားလုံးပြင်ဆင်လို့ပြီးသွားတော့ အာဗြဲက ရှေ့ထွက်လာပြီး အော်ရောဗျို့။

"အကျွတ်အလွတ်ပွဲကို ကြွရောက်လာတဲ့ သရဲတစ္ဆေ၊ ဖုတ်၊ ပြိတ္တာအပေါင်းတို့၊ အခုအချိန်ကစပြီး အားရပါးရ စားနိုင်ကြပါပြီ"

အာဗြဲရဲ့အသံကြီးကို ကြားတော့မှ နားကားကြီးက စားကြဖို့ လက်ဟန်၊ ခြေဟန်ပြလိုက်တယ်။ ဒီတော့မှ တစ္ဆေတွေက ဝါးဖျာကြီးတွေပေါ်ကို တက်လာပြီး ထမင်းပွဲတွေမှာ ဝင်ထိုင်ကြတယ်။ ပြောင်းရှည်တို့ပြင်ထားတဲ့ ထမင်းပွဲတွေကလည်း တစ်ပွဲနဲ့ တစ်ပွဲ ခပ်ခွာခွာပြင်ထားတာဗျ။

သူတို့အစီအစဉ်က တော်တော်တော့ မှန်တယ်ဗျို့။ ဘာဖြစ်လို့တုံးဆိုတော့ တချို့အကောင်တွေက အကြီးကြီးတွေဗျ။ ခုလို ထမင်းပွဲတွေကို ခပ်ခွာခွာပြင်ထားတော့ ထိုင်ရ၊ စားရတာ မကျပ်ဘူးပေါ့ဗျာ။

စားတာ၊ သောက်တာကတော့ ပုံစံအမျိုးမျိုးပဲဗျ။ တချို့အကောင်တွေက တော်တော်ကြမ်းတာပဲ။ ပြူးပြဲပြီး ဒူးကြီးတွေထောင်၊ ပေါင်ကြီးတွေကားပြီး စားကြတာ။ တချို့ကတော့ ခပ်ငြိမ်





ငြိမ်ပဲ စားကြတာ။ အောင်မယ်...နားကားကြီးက မစားဘူးဗျ။ ဘေးက ပတ်ပြီးလျှောက်နေတယ်။ သူ့အကောင်တွေကို လိုက်ပြီး ထိန်းနေတာပေါ့ဗျာ။

ကျုပ်တွေးမိတာက ဒီအနီးအနားရွာတွေမှာရှိတဲ့ တစ္ဆေတွေဟာ ဒါအကုန်ပဲလား။ ဒါမှမဟုတ်ရင် အကျွတ်အလွတ်ပွဲကို ဒါလောက်ပဲ လာခွင့်ရှိလို့လား၊ နားကားကြီးက ဒီတစ္ဆေတွေရဲ့ အုပ်ချုပ်တဲ့သူလား။ ကျုပ်ဘာသာတွေးတာပါဗျာ။

စားလိုက်ကြတာဗျာ။ တော်တော်ကို ဆာလောင်နေကြတဲ့ ပုံပဲဗျ။ စားရင်းနဲ့ လူတွေကို မျက်လုံးနီနီကြီးတွေနဲ့ လိုက်ကြည့်နေကြတယ်ဗျို့။ အာဗြဲတို့၊ ပြောင်းရှည်တို့တွေသာ ဒီအကောင်တွေကို ကျုပ်မြင်သလိုမြင်ရရင် ထွက်ပြေးမလားလို့ ကျုပ်တွေးမိတယ်။

နာရီဝက်လောက်ကြာတော့ အားလုံး စားလို့သောက်လို့ပြီးကြရောဗျို့။ နားကားသရဲကြီးက လက်ပြလိုက်တယ်။

ဟာ...တချို့အကောင်တွေ ထပြီးပြန်သွားကြပြီဗျို့။ ဩော်...ဒီလိုကိုး။ ကျုပ်ခုမှ သဘောပေါက်တယ်ဗျ။ စောစောက အမွေးအမျှင်ကြီးတွေနဲ့ ကြမ်းကြမ်းတမ်းတမ်း အကောင်ကြီးတွေ ထပြန်ကုန်ကြတာဗျ။ ခပ်ငြိမ်ငြိမ်နဲ့ စားသောက်နေတဲ့ တစ္ဆေတွေ ကျန်ရစ်ခဲ့တယ်။ နားကားကြီးက ကျန်နေတဲ့ တစ္ဆေတွေကို တစ်ပတ်ပတ်ပြီး သေသေချာချာကြည့်နေတယ်။

ဟာ...နားကားကြီးပါ လှည့်ထွက်သွားပြီဗျို့။ တစ္ဆေတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ထားခဲ့တာဗျ။

"အားလုံးပဲ စားသောက်ပြီးကြရင် တရားနာဖို့ တရားနာ
မဏ္ဍပ်ထဲကို ကြွကြပါ"

အာဖြဲက အသံပြဲကြီးနဲ့ အော်လိုက်တယ်။ ဟော…
ထမင်းဝိုင်းကထပြီး တရားနာတဲ့ မဏ္ဍပ်ထဲကို ဝင်သွားကြပြီဗျို့။
တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်။ ကျုပ်လိုက်ရေကြည့်တယ်။
အားလုံးပေါင်း အကောင်နှစ်ဆယ်ဗျ။

ဪ..တရားနာနိုင်တဲ့အဆင့်ရှိတာ ဒီနှစ်ဆယ်လောက်ပဲ
ရှိတာကိုး။ ပြန်သွားတဲ့တစ္ဆေတွေက ကျွတ်ဖို့၊ လွတ်ဖို့ ဝေးသေး
တယ်ထင်တယ်။ သူတို့ဆရာ နားကားကြီးကိုယ်တိုင်လည်း ပြန်
သွားတာပဲလေဗျာ။ သူလည်း ကျွတ်ဖို့လိုသေးလို့ပေါ့။

တရားပွဲစပြီ။ ဒီတစ်ခါ တရားဟောတာက ကျုပ်ဆရာ
တော် 'ဦးဂုဏ'ဗျ။ တရားပွဲရဲ့ ရှေ့ဆုံးမှာက ဘိုးရုံထောင်တို့
လူကြီးဝိုင်းတွေဗျ။ သူတို့နောက်မှာက အနီးအနားက ရွာသူရွာ
သားတွေဗျ။ အသက်ငါးဆယ်၊ ခြောက်ဆယ်ကျော်တွေပေါ့ဗျာ။
အဲဒီနောက် ခပ်ခွာခွာမှာက တစ္ဆေတွေက ထိုင်နေကြတာ။

တရားတော့ သေသေချာချာ နာနေကြသားဗျ။ ပြောင်း
ရှည်တို့အဖွဲ့တွေက တစ္ဆေတွေစားသွားတဲ့ ထမင်းတွေကို သိမ်းဖို့
တောင်းကြီးတွေနဲ့ ရောက်လာကြတယ်။

ဟာ…အံ့သြစရာပဲဗျာ။ စောစောက တစ္ဆေတွေ ထမင်း





တွေ၊ ဟင်းတွေကို အားရပါးရကိုစားနေတာ ကျုပ်ကိုယ်တိုင်
မြင်သားပဲလေဗျာ။ အခုကြည့်လိုက်တော့ ထမင်းတွေက လက်ရာ
တောင် မယွင်းဘူးဗျ။ နဂိုပုံထားတဲ့အတိုင်းပဲ။ ကျုပ်ဖြင့် တော်
တော်ကို အံ့သြသွားတာဗျ။ တစ္ဆေတွေလည်း စားသွားရဲ့သားနဲ့
ထမင်းတွေမလျော့တာကို ကျုပ်စဉ်းစားလို့ကို မရပါဘူးဗျာ။

ဟော…ရေစက်ချတော့မယ်ဗျို့။ ဟာ…တစ္ဆေတွေ လျော့
နေပါလား။ စောစောက ကျုပ်သေသေချာချာ ရေထားတာ တစ္ဆေ
နှစ်ဆယ်အတိပါ။ အခုရေကြည့်တော့ ဆယ်ကောင်ပဲရှိတော့တယ်
ဗျို့။ တစ္ဆေဆယ်ကောင် ဘယ်ရောက်သွားတုံး။ တရားနာရင်း
ကျွတ်လွတ်သွားလို့လား။

ဟော…ကျုပ်ဆရာတော်ဦးဂုဏ ရေစက်ချတာဗျို့…။

"သာဓု…သာဓု..သာဓု…နောင်ဝေဝ…ဝေ"

ဟာ…သာဓုခေါ်ကြပြီဗျို့။ ကျုပ်သေသေချာချာကြည့်
တယ်။ ကျန်နေတဲ့ တစ္ဆေဆယ်ကောင်က သာဓုလိုက်ခေါ်တယ်ဗျ။
ဟော…ပျောက်သွားပြီ၊ ပျောက်သွားပြီ၊ အားလုံးပျောက်သွားတာ
ဗျို့။ ဆယ်ကောင်လုံးပျောက်သွားတာ။ ဒီတစ္ဆေတွေ ကျွတ်သွားပြီ
ထင်တယ်ဗျ။ ကျုပ်ဖြင့် သူတို့အစား ဝမ်းသာလိုက်တာဗျာ။ ဒီရွာ
ကလူတွေသာ ကျုပ်လိုမြင်ကြရရင် သူတို့တွေ ဘယ်လောက်
ဝမ်းသာအားရ ရှိကြလေမလဲလို့ ကျုပ်တွေးကြည့်မိတယ်။

ဒါပေမဲ့ ကျုပ်နားမလည်တာက တရားနာရင်းတန်းလန်း



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတဲ့ တစ္ဆေဆယ်ကောင်က ဘယ်လိုဖြစ်သွားတာတုံး။ ကျွတ်သွားတာလား။ ဒါမှမဟုတ် ပြန်သွားကြတာလား။ ကျုပ်လည်း မသိတော့ ဒီအတိုင်းပဲ ထားလိုက်ရတာပေါ့ဗျာ။

အဲဒီညက ၈ နာရီလောက်မှာပဲ အားလုံးပြီးသွားတာပါ။ ကျုပ်လည်း ကျောက်ခဲနဲ့ သံမဏိကိုခေါ်ပြီး ထနောင်းကုန်းကို ပြန်ခဲ့ကြတယ်။ ဆရာတော်တွေကတော့ မီးလောင်ကုန်းကျောင်းမှာပဲ ကျိန်းကြမှာဗျ။ နောက်နေ့မှ ပြန်ကြွကြမှာ။

မီးလောင်ကုန်းအကျွတ်အလွတ်ပွဲပြီးလို့ သုံးရက်မြောက်နေ့မှာ အာဗြဲနဲ့ ပြောင်းရှည် ကျုပ်ဆီရောက်လာကြတယ်။

"ဟာ…လာကြကွာ အာဗြဲနဲ့ ပြောင်းရှည်။ ဘာတုံး… မင်းတို့နှစ်ယောက် မကျွတ်သေးတဲ့ တစ္ဆေတွေကို စာရင်းလိုက်ကောက်နေတာလားကွ"

ကျုပ်က ဝိုင်းထဲကို ဖျာဖျာ ဖျာဖျာနဲ့ ဝင်လာတဲ့ ဒီကောင်နှစ်ကောင်ကို ဆီးပြီးနောက်လိုက်တယ်။ ဒါပေမဲ့ ဒီကောင်တွေက မရယ်ဘူး။ ရပ်တည်ကြီးတွေနဲ့ ကျုပ်ထိုင်နေတဲ့ ကွပ်ပျစ်မှာ ဝင်ထိုင်ကြတယ်။

အာဗြဲက ဆေးလိပ်ခွက်ထဲမှာထည့်ထားတဲ့ နဂါးဆေးပေါ့လိပ်တစ်လိပ်ကို ဆတ်ခနဲ ကောက်ယူပြီး မီးညှိဖွာတယ်ဗျ။

"မင်းတို့နှစ်ယောက် ဘယ်ကလှည့်လာတာတုံး"

ပြောင်းရှည်က သူဆောင်းလာတဲ့ ဝါးဖတ်ဦးထုပ်ကို ချွတ်





ပြီး ယပ်ခပ်နေတယ်။

"မင်းဆီကိုပဲ လာကြတာကွ တာတေရ"

"ဟေ…ဒါဆိုရင်တော့ မင်းတို့မှာ ကိစ္စရှိတယ်ထင်တယ်"

"အေး…ဟုတ်တယ်။ ငါတို့ရွာမှာ တစ္ဆေတွေဝင်နေလို့ တာတေရ"

"ဟေ…ဘယ်လို…ဘယ်လိုကွ"

"ဟိုနေ့က အကျွတ်အလွတ်ပွဲအပြီးမှာ ရွာထဲကို တစ္ဆေတွေ ဝင်နေပုံရတယ်ကွ။ ရွာထဲမှာ ခြောက်ဟယ်လှန့်ဟယ်တွေ ဖြစ်နေတယ်"

ကျုပ်ချက်ချင်း သတိရသွားတယ်။ ဟိုညက တရားနာနေတုန်း ပျောက်သွားတဲ့ တစ္ဆေဆယ်ကောင် ရွာထဲရောက်နေတာပဲ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ဟိုညက ကျုပ်မြင်တာကို ဒီကောင်တွေကို ပြောပြလို့တော့ မဖြစ်ဘူးဗျ။

"ဘယ်လိုတွေ ခြောက်လို့တုံး ပြောင်းရှည်ရဲ့"

"ဒီလိုဟေ့…။ မနေ့ကစပြီး ရွာထဲကလူတော်တော်များများ ဖျားနေကြတယ်။ ဆေးထိုးဆရာ ကိုဘကျော်တောင် မနားရအောင် ဖြစ်နေတာကွ။ အဲဒါ ဖျားတဲ့လူကို ကိုဘကျော်က ဆေးထိုးဖို့ အပ်နဲ့ရွယ်ရင် နောက်ကနေ လက်ကိုဆွဲထားတယ်ကွ"

"ဟေ…ဒီလောက်တောင် ဖြစ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတင်ဘယ်ကမလဲကွ။ ညဆိုရင် အုပ်လိုက်ကြီး စကားတွေပြောပြီး ရွာထဲမှာ လျှောက်သွားနေကြတာ အသံတွေပဲ ကြားရတာ။ ဘာတွေပြောမှန်းတော့ မသိဘူးကွ။ တချို့နေရာတွေမှာကျတော့ သစ်ပင်တွေပေါ်မှာ ငုတ်တုတ်ကြီးတွေ ထိုင်နေတာကို တွေ့ကြတယ်ဆိုပဲ။ မနေ့ကညကလည်း အရီးပျော့တို့ပိုင်းရှေ့မှာ ရယ်သံကြီးတွေ ကြားရတယ်တဲ့ကွ။ အဲဒါ အရီးပျော့က ထွက်ကြည့်တော့လည်း ဘာမှမတွေ့ရဘူးဆိုပဲ"

"နို့...မင်းတို့ရွာက ခွေးတွေ မဟောင်ဘူးလား"

"အေး...ခွေးတွေက ဟောင်တော့ မဟောင်ဘူးကွ။ အူတော့ တော်တော်ကိုအူတာကွ တာတေရ။ ညည ခွေးအူတဲ့ အသံကြီးတွေ ကြားရတာ တော်တော်ကို ကြောက်စရာကောင်းတာကွ"

"အကျွတ်အလွှတ်ပွဲလုပ်တုန်းက မင်းတို့ တစ်ခုခုမှားသွားတယ်ထင်တယ် ပြောင်းရှည်"

"မင်းပြောတာ ဟုတ်လိုက်တာ တာတေရာ"

အာဖြဲက ဝင်ပြောတာဗျ။

"ဟော...ဘယ်လိုမှားတာတုံးကွ"

"ဒီလိုဟေ့။ အဲဒီညနေက ရွာတံခါးတွေမှာ ကောင်လေးနှစ်ယောက်စီ အစောင့်ခိုင်းပြီး ရွာတံခါးတွေ ပိတ်ခိုင်းထားတာကွ။ ပြီးတော့ လူကြီးတွေက ရွာတံခါးတွေမှာ ပရိတ်ကြိုးတွေ တားပြီး





ပိတ်ထားတာ"

"အေး...ဒါဆို လုံသားပဲ"

"ဒီလိုဖြစ်သွားတာဟေ့။ မြောက်တံခါးမှာ ခွေးနက်ကလေးတစ်ကောင် ရောက်လာတယ်တဲ့ဟေ့။ ခွေးက ကြောက်ပြီး တအီအီနဲ့ အော်နေတာတဲ့ဟေ့။ ဒီမှာတင် အဲဒီမြောက်တံခါးစောင့်တဲ့ ကောင်လေးနှစ်ကောင်က ခွေးညိုတို့အိမ်က နက်ကျော်ဆိုတဲ့ ခွေးလို့ထင်ပြီး တံခါးနည်းနည်းဟပေးလိုက်တာတဲ့ဟေ့။ ခွေးနက်က တံခါးကပြေးဝင်ပြီး ဖျတ်ခနဲပျောက်သွားရောတဲ့။ ဒီတော့မှ ကောင်လေးနှစ်ကောင်လည်း လန့်သွားပြီး သူတို့မှားသွားပြီဆိုတာ သိသွားသတဲ့ဟေ့"

အာဖြဲပြောတဲ့စကားလည်းဆုံးရော ပြောင်းရှည်က ပြောပြန်ရောဗျို့။

"တို့ရွာမှာ အကျွတ်အလွှတ်ပွဲလုပ်ရင် ပွဲမပြီးမချင်း ရွာတံခါးတွေ ပိတ်ထားရတာကွ။ အထဲကလူ အပြင်မထွက်ရသလို၊ အပြင်ကလူလည်း အထဲကို မဝင်ရဘူးကွ။ ဒါအကျွတ်အလွှတ်ပွဲရဲ့ စည်းကမ်းကွ။ အခုဟာက ခွေးညိုတို့အိမ်က ခွေးလေး နက်ကျော်လို့ထင်ပြီး တံခါးလေးနည်းနည်း ဟပေးလိုက်တာကွ။ ဒီမှာတင် စည်းပေါက်သလို ဖြစ်သွားတာနေမှာပေါ့ကွာ။ တစ္ဆေတွေ ရွာထဲဝင်လာတော့တာပဲကွ"

ပြောင်းရှည်က ကျုပ်ကိုကြည့်ပြီး ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ငါတို့ မင်းကိုလာခေါ်တာကွ တာတေရ။ ဒီကိစ္စကို တော့ မင်းကူညီမှရမယ်ထင်လို့ မင်းဆီကို လာခဲ့တာပဲကွာ”

ကျုပ်သေသေချာချာစဉ်းစားပြီး ခေါင်းညိတ်လိုက်တယ်။

“အင်း…ဒီကိစ္စလောက်တော့ ငါလုပ်နိုင်မှာပါကွာ။ ကဲ…ငါအခုလိုက်ခဲ့မယ်။ ဒီညပဲ လုပ်ကြတာပေါ့ကွာ”

ကျုပ်လိုက်မယ်ဆိုတော့ အာဖြဲရော၊ ပြောင်းရှည်ရော ပျော်သွားကြတယ်ဗျ။

ညနေစောင်းတော့ မီးလောင်ကုန်းကို ကျုပ်တို့ရောက်ကြတယ်။ လမ်းမှာတည်းက ကျုပ်က အာဖြဲကိုပြောပြီးသားဗျ။ တစ်ရွာလုံးကို လိုက်ပြီးဆော်ဩထားဖို့လေဗျာ။ ညမိုးချုပ်တာနဲ့ အိမ်တံခါးတွေ ပိတ်ထားကြဖို့။ ပြီးတော့ လူငယ်တွေကို ကျုပ်နဲ့ အတူ လာနေဖို့ပေါ့ဗျာ။

ည ၉ နာရီထိုးတော့ ကျုပ်အလုပ်စပြီဗျို့။ မျက်ကွင်းဆေးကွင်းပြီး၊ ကျုပ်ကို မဖဲဝါကိုယ်တိုင် အပ်ထားတဲ့ ကိုယ်ခွဲရုပ်ကလေးကို ထုတ်ယူပြီး –

“သချိုင်းရှင်မကြီး မဖဲဝါဗျာ…ကျုပ်တာတေက မဖဲဝါကို ပင့်ဖိတ်ပါတယ်။ ရောက်ရာအရပ်က ကြွခဲ့ပါဗျာ”

“ဝူး…ဝူး…ဝူး…ဝူး”

ဟော…ရွာထဲကခွေးတွေ အူပြီဗျို့။ ဟာ…ရွာအရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ အကုန်အူတာဗျို့။





ခွေးအူသံတွေ တစ်ရွာလုံး ညံသွားတာဗျို့။

ဟော…လှုပ်လာပြီ၊ လှုပ်လာပြီ။ ကျုပ်လက်ထဲက မဖဲဝါရဲ့ ကိုယ်ခွဲအရုပ်ကလေး လှုပ်လာပြီဗျို့။ မဖဲဝါရဲ့ ဝိညာဉ်ကပ်လာပြီဆိုတာ ကျုပ်သိလိုက်တယ်။

“ပြောင်းရှည်…မင်းတို့ မြောက်တံခါးဖွင့်ထားလား”

“အေး…ဖွင့်ထားတယ်။ စံမြနဲ့ ပန်းစုံ စောင့်နေတယ်”

“ကဲ…ဟုတ်ပြီ။ မင်းတို့မကြောက်နဲ့နော်၊ ဘာမှမဖြစ်ဘူး သိလား”

“အေးပါကွာ တာတေရာ့။ မင်းရှိတာပဲ ငါတို့က ဘာကိုကြောက်ရမှာတုံး”

“မီးလောင်ကုန်းရွာထဲမှာ ပုန်းအောင်းနေတဲ့ တစ္ဆေအပေါင်းတို့…သချိုင်းရှင်မကြီး မဖဲဝါရဲ့ အမိန့်ပြန်တမ်းကို အခုချက်ချင်း နာခံကြပေတော့။ သင်တို့အားလုံး အခုချက်ချင်း သချိုင်းရှင်မကြီးရှေ့မှာ ဒူးတုပ်အခစားဝင်ကြစေ”

ဟာ…ကျုပ်စကားဆုံးတာနဲ့ ရောက်လာကြပြီဗျို့။ ရောက်လာသမှ အပြေးအလွှားကို ရောက်လာတာဗျို့။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်။ ဟုတ်ပြီ…ဆယ်ကောင်။ အတိအကျပါပဲဗျာ။ ဟိုညက တရားနာနေရင်း ပျောက်သွားတဲ့ တစ္ဆေဆယ်ကောင်ပဲဗျို့။

“သင်တို့ဟာ အကျွတ်အလွတ်ပွဲမှာ ဆရာတော်တရား



www.burmeseclassic.com

www.burmeseclassic.com



ဟောနေတုန်း ရွာထဲမှာ ဝင်ပုန်းနေကြတဲ့ တစ္ဆေတွေပဲ။ ဟောဒီမှာ သချိုင်းရှင်မ မဖဲဝါကို မော့ပြီးဖူးကြစမ်း”

ကျုပ်က ကျုပ်လက်ထဲက မဖဲဝါကိုယ်ခွဲအရုပ်ကလေးကို မြှောက်ပြလိုက်တယ်။ ဟော···ဒူးတွေထောက်ကုန်ကြပြီဗျို့။

“ကဲ···သချိုင်းရှင်မကြီးရဲ့အမိန့်။ အခုချက်ချင်း ဒီရွာက နေ ထွက်ရမယ်။ ပြီးရင် ကိုယ့်ကိုသတ်မှတ်ပေးထားတဲ့နေရာကို ချက်ချင်းပြန်ပြီး နားကားကြီးရဲ့ အုပ်ချုပ်မှုအောက်မှာ နေကြရမယ်။ ကဲ···အခုချက်ချင်း ထကြ။ တန်းစီပြီး ငြိမ်ငြိမ်သက်သက် ရွာကထွက်ပေတော့။ သင်တို့ထွက်ဖို့ ရွာရဲ့မြောက်ဘက်တံခါးဖွင့်ထားတယ်။ သချိုင်းရှင်မ မဖဲဝါရဲ့အမိန့်···”

ဟော···သွားပြီဗျို့။ တစ္ဆေဆယ်ကောင် တန်းစီပြီး ရွာမြောက်ဘက်ကို သွားကြတယ်။ ကျုပ်နဲ့ မီးလောင်ကုန်းက လူငယ်တွေက နောက်ခပ်လှမ်းလှမ်းက လိုက်ကြည့်ကြတယ်။

“ဝူး···ဝူး···ဝူး···ဝူး···ဝူး”

တစ်ရွာလုံးက ခွေးတွေ ပြိုင်တူအူကြရောဗျို့။

အိမ်တံခါးတွေပိတ်ပြီး ငြိမ်နေကြတော့ တစ်ရွာလုံး တိတ်ဆိတ်နေတာပေါ့ဗျာ။ တကယ့်ကို စိတ်ချောက်ချားစရာကြီးဗျ။

“ဝူး···ဝူး···ဝူး···ဝူး···ဝူး”

ခွေးအူသံကြီးတွေကတော့ တစ်ရွာလုံးကို လွှမ်းနေတာဗျို့။

ဟုတ်တယ်ဗျို့။ မြောက်တံခါးက အဆင်သင့်ဖွင့်ထား





တယ်။ ဒီတစ္ဆေတွေ ဝင်လာခဲ့တဲ့ တံခါးလေဗျာ။ အဲဒီတံခါးကပဲ သူတို့ကို ပြန်ထုတ်ရတာဗျ။

သွားပြီဗျို့···သွားပြီ···သွားကြပြီ။

ရွာတံခါးဝက ကျုပ်ရပ်ပြီး သေသေချာချာစောင့်ကြည့်တယ်။ ဆယ်ကောင်လုံးထွက်သွားကြတာဗျ။ ယာတောတွေကို ဖြတ်ပြီး မှောင်ထဲကို တိုးဝင်သွားကြတယ်။ ရွာထဲက ခွေးအူသံတွေလည်း တိတ်ဆိတ်သွားပြီ။ စံမြနဲ့ ပန်းစုံက တံခါးနဲ့ ခပ်လှမ်းလှမ်းမှာ ရပ်နေရာကနေ ပြေးလာကြတယ်။

“စံမြနဲ့ ပန်းစုံ တံခါးပိတ်လိုက်တော့။ အားလုံးထွက်သွားကြပြီ”

စံမြတို့ မြောက်တံခါးကို သေသေချာချာ ပိတ်လိုက်ကြတယ်။

ကိစ္စပြီးတော့ ကျုပ်တို့ ရွာထဲပြန်လာကြတယ်။ အဲဒီည ကတော့ ကျုပ်လည်း ရွာမပြန်ဖြစ်ဘူးပေါ့ဗျာ။ ပြောင်းရှည်တို့ အိမ်မှာ လိုက်အိပ်လိုက်တယ်။ နောက်နေ့မနက်မှာ ပြောင်းရှည် အမေကျွေးတဲ့ ဆီထမင်းနဲ့ ငါးခြောက်ဖုတ်ဆီဆမ်းကလေးစားပြီး ထနောင်းကုန်းကို ကျုပ်ပြန်လာခဲ့တယ်ဗျ။

**တာတေ**



www.burmeseclassic.com

www.burmeseclassic.com



## ကြယ်ကြွေည
# မင်းဘုန်းသိခ်သူ

ရာဇဝတ်မှုခင်းကဏ်ခုကို အထိတ်တလန့်ဖြစ်အောင် လိုတာထက်ပိုပြီး ကြော်ငြာအော်ဟစ်ရောင်းချနေတဲ့ ဂျာနယ်လက်ွေသမားတစ်ယောက်ရဲ့ အသံတွေဟာ တီခနဲ ဖြတ်တောက်သွားပါတယ်။





အသံလှုပ်ရှားမှုတွေ ဘယ်လို၊ ဘာ့ကြောင့် မျက်မှောက်ကနေ ပျောက်ကွယ်သွားရသလဲဆိုတာ စဉ်းစားနေတုန်းမှာပဲ ဟိုးအမှောင်ကောင်းကင်ဆီကနေ မိုးစက်မိုးပေါက်တွေ တဖြောက်ဖြောက် ယိုဆင်းလာပါတော့တယ်။ မိုးစက်တွေဟာ အသည်းခိုက်လုမတတ် အေးစက်လှပြီး ကျွန်တော့်ခန္ဓာကိုယ်နဲ့ထိတဲ့ အင်္ကျီလွတ်နေတဲ့ အသားတွေကို အပ်ဖျားနဲ့ တူးဆွသလို ခံစားနေရတယ်လေ။ မိုးစက်တွေ တဝေါဝေါမြည်ကြွေးဆဲ။ လမ်းမပေါ်ကို မိုးစက်တွေ ထိခိုက်ပြီး လွင့်စဉ်ကြေမွသွားတဲ့အသံတွေကို မီးလင်းဓာတ်တိုင်ရဲ့ အလင်းမှိန်မှိန်အောက်မှာ မြင်နေရတယ်။

ကျွန်တော် အိမ်ပြန်ချင်ပြီ။ ကျောင်းကရော…ကျွန်တော် ကျောင်းတက်နေတုန်းပဲလေ။ ဒုတိယနှစ် အင်္ဂလိပ်စာအဓိကနဲ့ ဒဂုံတက္ကသိုလ်ကျောင်းသားပါ။ ဒါနဲ့ ကျွန်တော် ယောင်လည်လည်နဲ့ ဘယ်သွားရင်ကောင်းမလဲ စဉ်းစားနေတုန်း ရှေ့တူရူက လမ်းကိုပဲ ဆက်လျှောက်ဖို့ ရွေးချယ်လိုက်ပါတယ်။

ကောင်းကင်အမှောင်တွေကလည်း ရွာလိုက်တာ။ မိုးစက်တွေက မှောင်မည်းတုန်း။

မိုးကောင်းကင်ပေါ်ကနေ စိမ့်ယိုကျစရာ ကောင်းကင်အပေါက်အပြဲကို ဖာထေးနိုင်ဖို့ နည်းလမ်းရှာဖွေစဉ်းစားနေတုန်းမှာ အချိန်တွေဟာ ကျွန်တော့်ဦးခေါင်းပေါ်ကနေ ဒုန်းစိုင်းပျံသန်းသွားကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ မိုးစက်တွေ အကျရပ်သွားပါတယ်။ ကျွန်တော် ခုထိ ဝေခွဲမရသေးတာကတော့ လမ်းမပေါ်မှာ ကျွန်တော်တစ်ယောက်တည်း ဘာဖြစ်လို့ ရောက်နေသလဲဆိုတာပါပဲ။

ကျွန်တော် အိမ်ပြန်ချင်ပါပြီ။

အမေ . . .။

ကောင်းကင်ဟာ နက်မှောင်။ လမ်းဘေးဝဲယာဘက်က သစ်ပင်သစ်ကိုင်းခြောက်တွေက တစ္ဆေလက်တံတွေလို အရိုးပြိုင်းပြိုင်းထောင်။ မာကျောလှတဲ့လေက အမှောင်တွေကို ပစ်ဖောက်လို့။

ကျွန်တော် ကျောင်းကနေ အိမ်အပြန် အကြောင်းတစ်ခုခုနဲ့ နောက်ကျရင် အမေဟာ ခြံဝကနေ စိတ်ပူပြီး စောင့်မျှော်နေတဲ့ အမေ့ပုံရိပ်ဟာ ကျွန်တော့်အာရုံထဲကို လွင့်ဝေလာပါတယ်။ ရုတ်တရက် ရင်ထဲမှာ ပူလိုက်တာဗျာ။ မီးစနဲ့ ထိုးလိုက်သလိုပါပဲ။ ဝေဒနာတစ်ခုက ကောက်ခါငင်ခါပါပဲ။ ဒါနဲ့ ဝေဒနာကို အောင့်အည်းပြီး ကျွန်တော်ဆက်လျှောက်လာမိတယ်။ လမ်းပေါ်မှာ ဘယ်သူမှမရှိဘူး။ လမ်းဘေးမှာတော့ သစ်ပင်ကြီးတွေ လေတိုးသံကြောင့် တရှဲရှဲမြည်ပြီး လှုပ်ရှားနေကြတယ်။ မိုးရွာထားလို့ တစ်နေရာမှာ ရေစီးကြောင်းတစ်ခု ဖြစ်ပေါ်ပြီး တတွတ်တွတ်မြည်သံ အဆက်မပြတ် ကြားနေရတုန်း။ လမ်းဘေးဝဲယာက သစ်ပင်ကြီးတွေ၊ ကျဲပါးလှတဲ့ နေအိမ်အချို့ဟာ အမှောင်ကောင်းကင်အောက်မှာ မှောင်မည်းခြောက်သွေ့ပြီး မြို့ပျက်ကြီးလို ဖြစ်နေတယ်။





ကပ်ရောဂါကြီးတစ်ခုကြောင့် လူတွေ စွန့်ခွာပြေးတဲ့ မြို့ပျက်ကြီးများလားဗျာ။ လမ်းမီးတိုင်အချို့က ခါးကြီးတွေငုံ့ကိုင်းပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ဟိုးဝေးဝေး ကုက္ကိုပင်ကြီးဆီက ရွက်ကြွေတွေ လွင့်မျောရုပ်တိုက် ပြေးလွှားလာပုံက ဝိညာဉ်တွေရဲ့ ခြေသံတွေလိုပဲ။ သစ်ပင်ကြီးတွေက အလျားလိုက် ရွေ့နေတယ်။ တိမ်တွေကလည်း ပြေးလွှားရပ်တန့်လို့ . . .။

တိတ်ဆိတ်ငြိမ်သက်လွန်းလှတဲ့ ညမှ ကျွန်တော့်ခြေထောက်တွေကပဲ ရွေ့လျားနေသလား။ ဒါမှမဟုတ် ခြေဖဝါးအောက်က လမ်းမကြီးကပဲ ရွေ့လျားနေသလား မသိတော့ပါဘူး။ လမ်းမကြီးဟာ ပဟေဠိဆန်လှပြီး အစာမျိုထားတဲ့ မြွေကြီးတစ်ကောင်လို ငြိမ်သက်နေလေရဲ့။

ထိုစဉ်မှာပဲ သင်းပျံ့တဲ့မွှေးရနံ့တစ်ခုကို ကျွန်တော်ရှူရှိုက်လိုက်မိပါတယ်။ မည်သည့်ရနံ့ရယ်လို့ အမျိုးအမည် ခွဲခြားနိုင်စွမ်းမရှိတဲ့ အနက်အဓိပ္ပာယ်မသိနိုင်တဲ့ ရနံ့ပါ။ မွှေးလိုက်တာဗျာ။ ရင်ထဲကို အေးမြသွားတာပါပဲ။

တဖြည်းဖြည်း ကျဲပါးသွားတဲ့ မိုးစက်တွေအောက်မှာ ခံစားလိုက်ရတဲ့ မွှေးရနံ့ဟာ စိတ်ကို တိမ်းညွတ်ထွေပြားသွားစေပြီး ရနံ့လာရာကို မှန်းဆပြီး ရှာဖွေမိပါတယ်။ ရနံ့ရဲ့ ညို့ငင်မှုအောက်မှာ တိမ်းညွတ်ယိမ်းယိုင်သွားပြီဆိုတာ ဝန်ခံပါတယ်။

ကျွန်တော့်ရဲ့ ပတ်ပတ်လည်မှာ ရနံ့ထွက်ပေါ်လာရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး။ အမှောင်ထဲမှာ ကူးခပ်နေတဲ့ အဆောက်အအုံတွေ၊ သစ်ပင်တွေကတော့ ရှိနေဆဲပဲ။ ရနံ့ကို ရှာဖွေနေတုန်း။ ဒီအချိန်မှာ ကျွန်တော့်အသိစိတ် ပြန်းခနဲ ပြိုကွဲသွားတဲ့အရာတစ်ခု ပေါ်လာပါတယ်။

ကျွန်တော့်အမြင်အာရုံဟာ ခပ်လှမ်းလှမ်းဘေးအုတ်ခုံမှာ ထိုင်နေတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ ကောင်မလေးဟာ ကျွန်တော်နဲ့ သက်တူရွယ်တူလို့ ထင်ပါတယ်။ ကောင်မလေးဟာ တစ်နေရာကို ငေးမောနေပြီး တစ်စုံတစ်ယောက်ကို စောင့်မျှော်နေတဲ့ပုံပါ။ ပိုးထည်နဲ့ ချည်ထည် ရောစပ်ပြီး ချုပ်လုပ်ထားတဲ့ ဂါဝန်အပြာနုကလေးကို ဝတ်ဆင်ထားပြီး လက်ထဲမှာ ချည်ထူနဲ့လုပ်ထားတဲ့ အိတ်ကလေးတစ်လုံးကို ကိုင်ထားတယ်။ ညအမှောင် လူသူကင်းမဲ့တဲ့ လမ်းမပေါ်မှာ ကောင်မလေး ဘာဖြစ်လို့ ထိုင်နေရတာလဲ။

ကျွန်တော် ကောင်မလေးဆီကို ခြေလှမ်းတဖြည်းဖြည်း ရွေ့လိုက်မိပါတယ်။ ကျွန်တော့်ခြေသံဟာ တိတ်ဆိတ်နေတဲ့ ညဥ့်ယံကိုဖောက်ပြီး တရှပ်ရှပ်ထွက်ပေါ်နေပါတယ်။ ကောင်မလေးဟာ ကျွန်တော်ချဉ်းကပ်လာတာကို ရိပ်စားမိလောက်ပါရဲ့။ ဒါပေမဲ့ တစ်ချက်ကလေးမှ လှည့်မကြည့်ပါဘူး။ ဒါနဲ့ ကျွန်တော် သူကြားအောင် ဖိနပ်ကို ရှပ်တိုက်ပြီး တမင်လျှောက်လိုက်တယ်။ ဒါလည်း သူ လှည့်မကြည့်ပါဘူး။





ဘယ်လိုကောင်မလေးပါလိမ့်။

"အဟမ်း"

ကျွန်တော် ချောင်းတစ်ချက် ဟန့်လိုက်တယ်။ ဒီတော့မှ သူ့ရဲ့ခန္ဓာကိုယ်ကလေးက မဆိုစလောက် တုန်ခါသွားပြီး ခေါင်းကလေး မသိမသာ လှည့်လာတယ်။ ဒီအချိန်မှာ ကျွန်တော် စောစောက စူးရှမွှေးပျံ့စွာ ရနေတဲ့ ပန်းရနံ့တစ်မျိုးကို စူးစူးနင့်နင့် ရလိုက်ပါတယ်။ လက်စသတ်တော့ ထူးခြားဆန်းကြယ်တဲ့ ရနံ့က ကောင်မလေးဆီက ထွက်နေတာကိုး။ ကျွန်တော် သေချာအောင် ထပ်ပြီးရှူရှိုက်လိုက်ပြန်တယ်။ ကောင်မလေးဆီက တသုန်သုန် စီးဆင်းနေတဲ့ ရနံ့ဆိုတာ သေချာသွားပါပြီ။ ပန်းရနံ့တွေ ကောင်မလေးဆီက ရှန်းရင်းဆန်ခတ် ထွက်ပေါ်နေတာ အံ့ဩစရာပဲ။

ကျွန်တော် ခြေလှမ်းကို ရပ်ပစ်လိုက်တယ်။ ဒီအချိန်မှာ ကောင်မလေးနဲ့ မျက်နှာချင်းဆုံမိသွားတော့တယ်။

အို…သတိရခြင်းတွေ တိတ်တဆိတ် အိပ်ရာဝင်ကြ။ ချုပ်ရိုးအထပ်ထပ်နဲ့ အမှောင်ကောင်းကင်။

"ဘုရားရေ…ငါ သူ့ကိုသိတယ်"

ကျွန်တော့်မှတ်ဉာဏ်ကို အပြင်းအထန် တူးဆွလိုက်မိပါတယ်။

ကျွန်တော်တို့နှစ်ယောက် ခရီးရှည် အဝေးပြေးကားကြီးနဲ့ အထက်မြန်မာပြည်ကို လိုက်ပါလာတာကိုပဲ နောက်ဆုံးသတိရ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။ ကျွန်တော့်နေရာက နောက်ဆုံးခုံတန်းရဲ့ ပြတင်းပေါက်နားမှာပါ။ ကောင်မလေးက ကျွန်တော့်ရှေ့ တစ်ခုံကျော် လူသွားလမ်းဘေးက ခုံမှာပါ။ သူ့ဘေးမှာ အဘွားကြီးတစ်ယောက် ပါလာတယ်။ စကားတပြောပြောနဲ့ဆိုတော့ ဆွေမျိုးသားချင်း ဖြစ်ဖို့များတယ်။

သူက တော်တော်လှပါတယ်။ ဆံပင်ရှည်ရှည်၊ အသားဖြူဖြူ၊ ဂါဝန်အပြာနုကလေးနဲ့ဆိုတော့ အရုပ်ကလေးတစ်ရုပ်အတိုင်းပဲ။ သူလှတယ်ဆိုတာ ဘယ်လိုစာဖွဲ့ရမှန်းတောင် မသိပါဘူး။ နှုတ်ခမ်းသေးသေးထူထူ၊ မျက်တောင်ကော့ကော့၊ မျက်ခုံးထူထူ စိပ်စိပ်နဲ့ ချစ်စရာကောင်းပါတယ်။

ကျွန်တော်တို့ကားကြီး ရန်ကုန်–မန္တလေးခရီးစဉ်အတိုင်း မောင်းနှင်လာကြတာပါ။ ကားပေါ်မှာဆိုတော့ သူကလည်း (ဘာဖြစ်လို့မှန်းမသိ) မကြာမကြာ လှည့်ကြည့်၊ ကျွန်တော်နဲ့ မျက်ဝန်းချင်း ခလုတ်တိုက်မိ။ ဒီလိုနဲ့ ပဲခူးမြို့ကနေ အထွက်ပဲရှိပါသေးတယ် ဗျာ။ ဘယ်လိုမှ မမျှော်လင့်မိတဲ့…။

နောက်တော့…။

★ ★ ★

ကျွန်တော် သူ့ရှေ့မှာ မတ်တတ်ရပ်လိုက်တော့ သူ တော်တော်အံ့သြသွားပုံရတယ်။ ခန္ဓာကိုယ်ကလေး ဆတ်ခနဲတုန်သွား





ပါတယ်။ ကျွန်တော်ကလည်း ခရီးတစ်ခုကို ကားတစ်စီးတည်း စီးလာတဲ့ ခရီးသည်မှန်း ရိပ်မိတယ်။ သူလည်း ကျွန်တော့်ကို ချက်ချင်းမှတ်မိသွားပုံရတယ်။ သူ့မျက်နှာမှာ အပြုံးတစ်ခု ငြိစွန်းသွားတယ်။ သူ့ရဲ့ အေးစက်တည်ငြိမ်တဲ့ မျက်ဝန်းတွေက မှတ်ဉာဏ်ကို ချက်ချင်းဖော်ပြလိုက်တယ်လေ။ ကျွန်တော်ကတော့ သူ့ရဲ့ ရှည်လျားနက်မှောင်တဲ့ ဆံပင်တွေကိုပဲ မှတ်မိနေတယ်ပေါ့။

ခုတော့ ကောင်းကင်ဟာ နုပျိုတဲ့ ဧကရီတစ်ပါးရဲ့ ဆံနွယ်တွေလို နက်မှောင်လို့။ ကျွန်တော်ပျော်လိုက်တာ။ ရင်ခုန်သံတွေ တွန့်လိမ်ကောက်ကွေးလို့။ ကျွန်တော့်ကို သူအသိအမှတ်ပြုတယ်ပေါ့။ ဒါပေမဲ့ သူ့အပြုံးက ဘာကြောင့်မှန်းမသိဘူး။ ချက်ချင်းပျောက်ကွယ်သွားတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း ကောင်မလေးကို စတင်ပြီး စကားပြောဖို့ ဆုံးဖြတ်လိုက်မိရဲ့။

"ဪ…ဟော့…နှင် အဝေးပြေးကားပေါ်က ကောင်မလေးလား"

သူ့နှုတ်က မဖြေပါဘူး။ ခေါင်းညိတ်ပြတယ်။ ကျွန်တော် စကားစပြောလိုက်တော့ သူ့မျက်နှာက ရွှင်ရွှင်ပျပျပါပဲ။ ဒါနဲ့ ကျွန်တော်က ဆက်ပြီး –

"နှင်နဲ့ပါလာတဲ့ ဟို…အဘွားကကော"

"အဘွားလေ"

"ဟုတ်တယ် အဘွားကော"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးမျက်နှာ ချက်ချင်း ညှိုးမှိုင်းအုံ့ပျသွားတယ်။ သူဟာ ကမ္ဘာပျက်မှုခင်းကြီးတစ်ပုဒ်ကို ကြားလိုက်ရသလို တထိတ်တလန့် ဖြစ်သွားပါတော့တယ်။ ကျွန်တော့်မေးခွန်းဟ သူ့ကို စိတ်အနှောင့်အယှက်ပေးသလို ဖြစ်သွားသလား မသိဘူး။ အားနာလိုက်တာဗျာ။ ဒါနဲ့ ကျွန်တော် ဆက်မမေးတော့ပါဘူး။ သူကလည်း မပြောတော့ဘူး။ တစ်နေရာရာကို ငေးနေပြန်တယ်။

"နင် တစ်ယောက်တည်း ဒီအုတ်ခုံမှာ ထိုင်နေတာကြာပြီလား"

"ကြာပြီလေ။ ငါတစ်ယောက်တည်း ဒီမှာထိုင်နေတာ ကြာပြီ။ ဘယ်မှမသွားရဲလို့ ကြောက်ပြီးထိုင်နေတာ။ ဘယ်မှလည်း ဆက်ပြီးမသွားတတ်တော့ဘူး။ အဘွားလည်း ဘယ်ရောက်သွားမှန်း မသိဘူး။ အဲ…အဲ…အဲဒါနဲ့ ဘာဆက်လုပ်ရမလဲ စဉ်းစားနေတုန်း နင်ရောက်လာတာပဲ"

သူ့မျက်နှာက ဝမ်းသာသွားတဲ့ပုံပဲ။ ကျွန်တော့်ကို ပြုံးပြီး ခေါင်းညိတ်ပြတယ်။

"ဟုတ်တယ်…ငါလည်း အမှောင်ထဲမှ ပြန်နိုးခဲ့နဲ့ဆိုတော့ ဘယ်သွားလို့ ဘယ်ရောက်သွားမှန်းမသိဘူး။ ငါတို့စီးလာတဲ့ကားကလည်း ဘယ်ရောက်သွားမှန်းမသိဘူး။ ခက်ပါတယ်။ အဲဒါနဲ့ အဖော်တစ်ယောက် တွေ့လိုတွေ့ငြား လိုက်ရှာရင်း နင့်ကိုစတွေ့တာပဲ"





"တော်သေးတာပေါ့ဟယ်။ တစ်ယောက်တည်း အမှောင်ထဲမှာပဲ နေနေရတာထက်စာရင် နင်ရောက်လာတာပဲ ကျေးဇူးတင်ရဦးမယ်။ ဝင်ထိုင်လေဟယ်။ နင်ကလည်း မတ်တတ်ကြီးနဲ့လာထိုင်။ တို့ ဒီကနေ စောင့်ပြီး နောက်ထပ် အဝေးပြေးကား တစ်စီးတလေကို စောင့်ပြီး အဘွားတို့ကားကို မီအောင်လိုက်မှရမယ်။ ဟို…ဟို…ဟင်"

ကောင်မလေး ကျွန်တော့်ကို အခေါ်ရခက်နေတယ်။ ခုမှ စကားပြောဖြစ်ကြတာကိုး။ ဒါနဲ့…

"သြော်…ငါ့နာမည် မော်ဇင်ပါ။ နင့်နာမည်ကောဟင်"

ကောင်မလေး တစ်ချက်ပြုံးလိုက်တယ်။ သူ့အပြုံးဟာ သိပ်လှတာပဲဗျာ။ သူ့မျက်ဝန်းတွေမှာ အဓိပ္ပာယ်ဖော်ရ ခက်ခဲတဲ့ တွယ်ငြိမှုတစ်ခုကို တွေ့လိုက်ရသလိုပဲ။ ဒါလည်း ကျွန်တော့်အထင် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဝိုင်းစက်တဲ့ သူ့ရဲ့မျက်လုံးတွေ ပိုပြီး တောက်ပလာသလိုပဲ။

"ငါ့နာမည် ဆောင်းနှင်းဝေ"

ကျွန်တော် မျက်ခုံးတစ်ချက် ပင့်သွားမိတယ်။ နာမည်ကလည်းလှ၊ လူကလည်း လှတယ်လို့ ပြောချင်ပေမဲ့ မပြောဖြစ်လိုက်ပါဘူး။ တော်တော်ကြာ နှာဘူးထင်နေဦးမယ်။ ဒီလိုနဲ့ စကားတွေ မပြောဖြစ်တော့ပါဘူးလေ။ စက္ကန့်ဝက်လောက်ကြာသွားတယ်။ ကျွန်တော် သူ့ဘေးမှာ စင်ထိုင်လိုက်တယ်။ သူ့ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



မွှေးလိုက်တာဗျာ။ ခုလို နီးနီးကပ်ကပ်ထိုင်လိုက်မှ ပိုသိသာတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး အမွှေးရနံ့တွေက ကူးစက်လောင်ကျွမ်းနေတယ်။

"အဝေးပြေးကားတစ်စီးအလာကို စောင့်နေတာတော့ဟုတ်ပါတယ်။ နင်က ဘယ်ကိုသွားမှာလဲ"

"ငါ မန္တလေးဘုရားဖူးကို အဘွားနဲ့သွားတာ။ ဟိုမှာ ဖေဖေနဲ့ မေမေ၊ ကိုကိုတို့က စောင့်နေကြပြီလေ။ မန္တလေးမှာ ငါတို့ဆွေမျိုးတွေ ရှိတယ်။ မန္တလေးဘုရားစုံဖူးမယ်။ စစ်ကိုင်းတောင်မှာ တို့လှူထားတဲ့ဇရပ် ရှိတယ်။ အဲဒီမှာ တရားစခန်းဝင်မယ်။ ငါ့မုန့်ဖိုးထဲက စုထားတဲ့ ပိုက်ဆံနဲ့ အလှူအတန်းတွေ လုပ်ရမယ်။ အဲဒီရည်ရွယ်ချက်တွေနဲ့ ငါဘုရားဖူးထွက်ခဲ့တာ။ လမ်းကျမှ ဘယ်လိုဖြစ်မှန်းမသိပါဘူးဟာ။ နင်ကောဟင်… မော်ဇင်"

ကျွန်တော့်နာမည်ကို ပထမဆုံးခေါ်လိုက်တဲ့ ကောင်မလေးရဲ့အသံကို စပြီး ကြားရတော့တယ်။ သူက ကောင်းမှုကုသိုလ်တွေနဲ့ ခရီးထွက်လာတဲ့သူပဲကိုး။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ်တောင် ရှက်မိပါသေးရဲ့။ ကျွန်တော့်ခရီးစဉ်က သူ့ခရီးစဉ်နဲ့ ဆန့်ကျင်ဘက်ကိုးဗျ။ ကျွန်တော်က မန္တလေးမှာ သူငယ်ချင်းတွေနဲ့ စုပြီး ပျော်မယ်၊ ပါးမယ်၊ ဂစ်တာတီးမယ်။ မေမြို့မှာ ကျွန်တော်တို့ ကဲကြမယ်၊ သောက်ကြစားကြမယ်ပေါ့ဗျာ။





ကျွန်တော်တို့အဖွဲ့ မီးကုန်ယမ်းကုန်ပါပဲဗျို့။ အဲဒီရည်ရွယ်ချက်တွေနဲ့ စာမေးပွဲဖြေပြီးပြီးချင်း ကျွန်တော် ထွက်လာတာပါ။ ကျွန်တော့်မေမေက ကျွန်တော် မန္တလေးတက်ရင် ပြဿနာဖြစ်တတ်လွန်းလို့ မသွားစေချင်ဘူး။ မေမေ တားဆီးနေတဲ့ ကြားထဲက ကျွန်တော်က ဇွတ်ထွက်လာတာပါ။ မေမေက "သားရယ်…မေမေ အိပ်မက်တွေ မကောင်းဘူး။ သား သစ်ပင်ပေါ်က လိမ့်ကျတယ်ဆိုပြီး အိပ်မက်မက်တယ်။ နိမိတ်မကောင်းဘူး။ သား ခရီးမထွက်ပါနဲ့ကွယ်"လို့ တားဆီးနေတဲ့ကြားထဲက ဇွတ်ထွက်လာတယ်ပဲ ဆိုပါတော့။ ကျွန်တော်က "ဟာ…မေမေကလည်းဗျာ။ အတွေးအခေါ်တွေ ဒိတ်အောက်နေပါပြီ။ မေမေ သွေးလေချောက်ချားပြီး အိပ်မက်ဆိုးတွေ လျှောက်မက်တာနေမှာပါ မေမေ။ မန္တလေးမှာကော၊ မေမြို့မှာကော စီစဉ်ပြီးပြီဗျ။ မေမေကလည်းဗျာ။ တစ်နှစ်မှာ တစ်ခါပဲ ပျော်ရတဲ့ဥစ္စာ။ မရဘူးနော် မေမေ။ သား သွားမှာပဲဗျ" လို့ ပြောပြီး ဇွတ်ထွက်လာတာပါ။

"ငါ မန္တလေးမှာ အနားယူပြီး မေမြို့မှာ သူငယ်ချင်းတွေနဲ့ နေဦးမှာ"

"ဟုတ်လား၊ ဘာကိစ္စလဲ မော်ဇင်"

ကျွန်တော် အဖြေရကျပ်သွားတယ်။

"ဟို…အင်း…ကိစ္စထူးထူးထွေထွေတော့ မရှိပါဘူး။ ကျွန်တော်တည်ထောင်ထားတဲ့ တီးဝိုင်းကိစ္စပါ။ မေမြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဝိုင်းရှိတယ်လေ။ အဲဒီမှာ တီးကြ၊ ဆိုကြမှာ။ ဆောင်းနှင်းဝေကို ဖိတ်ပါတယ်။ ဝိုင်းရှိရင် လာခေါ်မယ်လေ"

ကောင်မလေး လက်ခနဲပြုံးတယ်။

"အေးပါဟယ်။ ငါ နင်တို့တီးဝိုင်းကို အားပေးချင်ပါတယ်။ ဒါပေမဲ့ ငါက ဒီလို ဆူဆူညံညံတွေကို သိပ်ခံစားလို့မရဘူး။ ပြီးတော့ လူတွေ သိပ်များရင်လည်း ငါမနေတတ်ဘူး။ နင်ဖိတ်လို့ ငါမလာနိုင်ရင်တော့ စိတ်မဆိုးနဲ့"

ဒါ ကောင်မလေးရဲ့ ဂီတနဲ့ပတ်သက်တဲ့ သူ့ရဲ့သဘောထား အမှန်ပါ ။ ကိစ္စမရှိပါဘူး။

ဒီလိုနဲ့ စကားသံတွေ နှစ်ယောက်ကြားမှာ တိတ်ဆိတ်သွားပြန်ရော။ ညဟာ ပိုပြီး မှုန်းရီအေးစက်လာပြန်ပါတယ်။ ဟိုးဝေးဝေးက သစ်ပင်အိုကြီးရဲ့ ကိုင်းလက်တံကြီးတွေဟာ ငြိမ်သက်နေပြီး ညအမှောင်ထုထဲမှာ ငေးငြိမ်တိတ်ဆိတ်နေပုံက ကြောက်စရာအသွင်တစ်မျိုးပါ။ တစ်ခါတစ်ခါ သူ့ရဲ့ လက်တံမည်းကြီးတွေနဲ့ အဆောက်အအုံရဲ့ ခေါင်မိုးကို တဖျတ်ဖျတ် ကုတ်ခြစ်လိုက်ပါတယ်။ အဆောက်အအုံကြီးကတော့ စေးပျစ်ထူထဲတဲ့ အမှောင်ထုအောက်မှာ မလှုပ်ရှားနိုင်လောက်အောင် ငြိမ်သက်တိတ်ဆိတ် သမ်းဝေလို့။ လမ်းဘေးက ဈေးဆိုင်အချို့၊ ကဖီးဆိုင်အချို့ အသေကောင်တွေလို အမှောင်ထဲမှာ ပက်လက်လှွင့်မျော။ မြေတွင်းအောင်းပိုးပရစ်တွေ တစီစီမြည်။ ကြယ်ပြာတွေဟာ





အမှောင်ထုနောက်မှ ပုန်းလျှိုး။ အချိန်တွေဟာ တဖြည်းဖြည်း အမှောင်ထုပေါ်မှာ ဖြတ်သန်းစီးမျော။

ဒီလိုနဲ့ ကောင်မလေးနဲ့ ကျွန်တော်ဟာ တဖြည်းဖြည်း ရင်းနှီးတွယ်ငြိစ ပြုလာပြီး စကားပြောရတာ အဆင်ပြေလာပါတယ်။ ကောင်မလေးက ချစ်စရာကောင်းသလို၊ သဘောလည်း ကောင်းပါတယ်။ ဒါနဲ့ ကျွန်တော်သိချင်တဲ့ မေးခွန်းတစ်ခုကို မေးချင်စိတ် ပေါ်လာပါလေရော။

"သြော်…ဒါထက်"

"ပြောလေ"

"နင့်ဆီက သိပ်မွှေးတဲ့ ရနံ့တစ်ခု ထွက်နေသလိုပဲ။ နင် ဘာရေမွှေးတွေ ဖျန်းထားတာလဲဟင်"

ဒီတော့မှ ကောင်မလေးက မလုံမလဲ ရှက်ကိုးရှက်ကန်း ဖြစ်ပြီး သူ့ကိုယ်ကလေးကို ငုံ့ကြည့်ပါတယ်။

"ဟုတ်တယ်ဟဲ့။ နင်ပြောမှ သတိရတယ်။ ငါ့ကိုယ်က မွှေးလိုက်တာဟယ်။ ဒါပေမဲ့ ငါဘာမှ လိမ်းမထားဘူး။ ရေမွှေးလည်း မဆွတ်ခဲ့ဘူးဟ။ ဘာဖြစ်လို့ ငါ့ကိုယ်က ရေမွှေးရနံ့တွေ ထွက်နေရတာလဲ မသိပါဘူး"

"သိပ်မွှေးတာပဲ"

"ဟုတ်တယ် မော်ဇင်"

"ရင်ထဲကို အေးသွားတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ချစ်စရာကောင်းလောက်အောင် နှုတ်ခမ်းကလေးကို စူပြလိုက်ပါတယ်။ သူဟာနုံဆောင်နေမှန်း သိသာပါတယ်။ ညဟာ တဖြည်းဖြည်း မှုန်ရီအေးစက်ပြီး လွမ်းမြစရာကောင်းလာပါတယ်။ အမှောင်ဟာ တစ်ခါတစ်ရံတော့ အဖြူရောင်ရန့်တစ်မျိုးနဲ့ လှုပနေတတ်ပါရဲ့။

“တို့နှစ်ယောက် ဒီလိုပဲ ထိုင်နေလို့ မဖြစ်သေးဘူးဟယ်”

“ထိုင်ပါဦး။ လမ်းက မှောင်နေတော့ တို့ ဘယ်ကိုသွားရမှန်း မသိပေမဲ့ အတူတူ နည်းနည်းအလင်းရောင်ရတဲ့အထိ စောင့်ရင် ကောင်းလိမ့်မယ်။ ဩော်…ဒါထက် နင် ဘယ်ရှီယားရောက်ပြီလဲ။ ငါက ဒုတိယနှစ် အင်္ဂလိပ်စာမေဂျာ။ စာမေးပွဲပြီးပြီ။ နင်ကောဟင်…ဆောင်းနှင်းဝေ”

“ငါလည်း ဒုတိယနှစ်ပဲ။ သန်လျှင် ဂျီတီစီက စာမေးပွဲဖြေပြီးပြီ။ နင်နဲ့ အတူတူပေါ့”

“အေး…ဟေ့…ဟုတ်တယ်”

ဘာကြောင့်မှန်းမသိ။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်နှာမော့လှန် ရယ်မောကြပြန်တယ်။ ရယ်သံတွေဟာ တိတ်ဆိတ်နေတဲ့ ညဥ့်ယံမှာ သစ်ရွက်တွေကြားထဲကို ပြေးဝင်သွားတယ်။

နောက်တော့ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် အမှောင်ထဲမှာ စိုက်ကြည့်ကြပြန်ရော။ သူ့မျက်လုံးတွေက အရောင်





တောက်နေတဲ့ တန်ဖိုးကြီး ကျောက်မျက်ရတနာတွေနဲ့ တူပါတယ်။ အရောင်တဖျတ်ဖျတ် တောက်နေတယ်။ ဘာဖြစ်လို့ သူ့မျက်လုံးတွေ အရောင်တောက်နေရသလဲဆိုတာ စဉ်းစားရခက်လှပါတယ်။

“တို့ ဒီလိုပဲ ဆက်ပြီးထိုင်နေကြမှာလား”

“ပြောလေ။ နင် ဘာလုပ်ချင်သလဲ ဆောင်းနှင်းဝေ”

ကောင်မလေးရဲ့ မျက်လုံးလှလှလေးတွေက အမှောင်ထုထဲကို နစ်မြုပ်စိုက်ဝင်သွားတယ်။ သူနဲ့ နီးနီးကပ်ကပ် ထိုင်နေရတာကိုပဲ မူးယစ်မိန်းမူးတဲ့ ခံစားမှုတစ်မျိုးက ကျွန်တော့်ကို ဖမ်းစားထားပါပြီ။ ကောင်မလေး လှစ်ခနဲ ပြုံးပြလိုက်ပြန်တယ်။

“ဒီလိုလေ မော်ဇင်ရယ်။ တို့ ဒီကနေ အဝေးပြေးလမ်းမကြီးရှိမယ့်နေရာကို မှန်းပြီး လျှောက်ကြမယ်ဟာ။ အဝေးပြေးလမ်းမကြီးဟာ တို့ဒီနေရာကနေ မြောက်ဘက်လောက်မှာ ရှိလိမ့်မယ်လို့ ထင်တယ်။ အဲဒီနေရာကို မှန်းဆပြီးသွားကြစို့။ တကယ်လို့ မော်တော်ကားတစ်စီးတလေ တွေ့နိုင်တယ်လေ။ အဆင်ပြေရင် မော်ဇင်ပါ လမ်းကြုံတာပဲ၊ လိုက်ခဲ့ပေါ့။ တို့အသွားနောက်ကို မီအောင်လိုက်မှဖြစ်မယ်”

ကျွန်တော် လွယ်ကူစွာပဲ ခေါင်းညိတ်လိုက်မိတော့တယ်။ ကောင်မလေးအတွက်ဆိုရင် ဘာမဆို၊ ဘာပဲဖြစ်ဖြစ်။ ကောင်မလေးက တစ်ချက်ပြုံးလိုက်ပြန်တယ်။ လှစ်ခနဲပြုံးလိုက်တဲ့ သူ့မျက်ဝန်းတွေအောက်မှာ ကျွန်တော် ခွေညွတ်လဲယိုင်မတတ် ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သွားမိတယ်။

"အေးလေ၊ နင်အဆင်ပြေသလိုပေါ့။ ခဏလောက်တော့ စောင့်ကြည့်ဦးဟာ။ ကားတစ်စီးတလေ မတော်တဆ တွေ့ချင်တွေ့ဦးမှာပဲ။ အဲဒီအခါကျတော့ တားဆီးကြတာပေါ့နော်"

ကောင်မလေးက ဘာမှပြန်မပြောတော့ပါဘူး။ ခဏကြာတော့ ပါလာတဲ့ လက်ဆွဲအိတ်ကလေးထဲက ပစ္စည်းတစ်ခုကို သူဆွဲထုတ်လိုက်ပါတယ်။ ချောကလက်အကောင်းစားတစ်တောင့်ပါ။ ရွှေစက္ကူပတ်ထားတယ်။ ကျွန်တော်လည်း ယောင်ယမ်းပြီး ကျွန်တော့်ကျောပိုးအိတ်ကို စမ်းကြည့်လိုက်တော့ ရေသန့်ဘူးပဲပါတယ်။ ဘာစားစရာမှ မပါပါဘူး။

ကောင်မလေးက ချောကလက်တောင့်မှာ ပတ်ထားတဲ့ ရွှေရောင်စက္ကူ ခဲပတ်ကိုခွာရင်း ကျွန်တော့်ကို တစ်ချက်တော့ ပြုံးပြလိုက်သေးရဲ့။ သူ ချောကလေက်တောင့်ကိုခွာတာ မြန်လိုက်တာဗျာ။ မျက်စိတစ်မှိတ်လောက်ပဲ ကြာမယ်လို့ ကျွန်တော်ခံစားရတယ်။ ဘယ်လိုခွာလိုက်မှန်းတောင် မသိဘူး။ နောက်တော့ စက္ကူပတ်က လက်ထဲမှာတင် ပျောက်သွားရော။ ဒါနဲ့ စက္ကူပတ်ဘယ်ရောက်သွားလဲဆိုတာ ကျွန်တော် ကတ္တရာလမ်းပေါ် ငုံ့ကြည့်လိုက်တော့ မီးညွန့်တွေ တလူလူတက်ပြီး စက္ကူပတ်ဟာ ပြာကျသွားပါလေရောဗျို့။ ဒါ ဘယ်လိုဖြစ်တာလဲ။ ဘယ်သူ မီးရှို့ပစ်လိုက်တာလဲ။ ကျွန်တော် မတွေ့မိပါဘူး။ စက္ကူပတ်မှာ ပါသွားတဲ့ ချော





ကလက်စတွေကို မီးလောင်သွားတာ။ ထူးဆန်းလိုက်တာ။

"ရော့...စားလေ"

သူလှမ်းပေးပါတယ်။ ချောကလက်ကိုမြင်မှ ကျွန်တော်ဆာလောင်သွားတယ်။ ဟုတ်တယ်၊ ကျွန်တော် မနက်တုန်းက ဘာမှ မစားရသေးဘူးလေ။ ဒါကြောင့် ကျွန်တော် မရှက်နိုင်တော့ပါဘူး။ သူ့ဆီက နည်းနည်းဖဲ့ပြီး ယူစားမယ်လုပ်တော့ ကျွန်တော့်လက်ကို တစ်စုံတစ်ခုက လက်လှမ်းလို့မရအောင် ဆွဲငင်ထားသလို ခံစားလိုက်ရတယ်။ ကျင်ခနဲ ခံစားလိုက်ရတဲ့ ခံစားမှုမျိုး။ ရင်ထဲမှာ လေးလံထွေပြားမှုတစ်ခုနဲ့ ချက်ချင်းမွန်းကျပ်သွားမိတယ်။ ပြီးတော့ ကျွန်တော့်လက်တွေ တဆတ်ဆတ်တုန်ခါလို့။ ဒါပေမဲ့ ကျွန်တော် အားတင်းပြီး လက်ထဲက ချောကလက်ဆီ လက်ဖျားရောက်ဖို့ ကြိုးစားလိုက်တယ်ဆိုရင်ပဲ။

ကောင်မလေးလက်ထဲက အညိုရောင် ချောကလက်တောင့်က ကြောက်မက်ဖွယ် လှုပ်ရှားလူးလွန့်နေတဲ့ မြွေတစ်ကောင်၊ ပါးပျဉ်းထောင်နေတဲ့ မြွေတစ်ကောင် ဖြစ်နေပါရောလား။ မြွေဟာ ခါးလယ်ကနေ ညှစ်ပြီးအကိုင်ခံထားရတဲ့အတွက် ခေါင်းတကြီး လူးလွန့်နေပြီး အစွယ်တဖွေးဖွေးနဲ့ ပါးစပ်က ဟစီဟစီ ဖြစ်နေတာပါ။

ဘုရား...ဘုရား။

ကျွန်တော် လက်ကို ယောင်ယမ်းပြီး နောက်ဆုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတော့ ကောင်မလေးက အံ့သြတကြီး ငေးကြောင်နေတယ်။

“ဘာဖြစ်လို့လဲဟင်…ယူလေဟယ်”

ကျွန်တော် လက်မလှမ်းရဲတော့ဘူး။ စားချင်စိတ်လည်း မရှိတော့ဘူး။ ဒါကြောင့်…

“နင်ပဲစားပါ။ ငါမဆာသေးဘူး”

“စားပါဟ။ ငါ့မှာ ချောကလက်တွေ အများကြီးပါပါတယ်။ ပြီးတော့ တခြားမုန့်တွေကော ပါပါတယ်”

ကျွန်တော် ခေါင်းယမ်းလိုက်မိတယ်။ လက်ထဲမှာ ချောကလက်ဟာ ဘယ်လိုဖြစ်ပြီး မြွေတစ်ကောင် ဖြစ်သွားရတာလဲ။

ကျွန်တော် မစားချင်ကြောင်း တိုတိုပဲ ခေါင်းခါပြလိုက်တော့မှ ဆက်ပြီး မကျွေးတော့ပါဘူး။ ဒါနဲ့ သူ ချောကလက်ကို တစ်ကိုက်ကိုက်လိုက်တယ်။ သူကတော့ အေးအေးဆေးဆေးပါပဲလေ။ ဘာမှမသိသလို၊ မဖြစ်သလိုပါပဲ။ ကျွန်တော် သူ့လက်ထဲက ချောကလက်ကို သေသေချာချာကြည့်လိုက်တော့ ချောကလက်တောင့်ပါပဲ။ ဘယ်လိုဖြစ်သွားရပါလိမ့်။ ကျွန်တော့်အမြင်အာရုံ ချွတ်ယွင်းသွားတာလား။ ညအမှောင်အောက်မှာ အမြင်အာရုံ မှားယွင်းတယ်ဆိုတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ကောင်မလေး ချောကလက် စားလိုက်ပုံက ကျွန်တော့်ကို ပိုပြီးအံ့သြသွားစေတယ်။ သူ့လက်ထဲက ချောကလက်တောင့်ကြီးဟာ တစ်နေကုန် စားလို့မကုန်နိုင်ပါဘူး။ သူစား





ပစ်လိုက်တာ စက္ကန့်ပိုင်းအတွင်း၊ လက်ဖျစ်တစ်တွက်ပဲ။ မြန်လိုက်တာဗျာ။ ဘယ်လိုစားပစ်လိုက်မှန်းအောင် မသိဘူး။ ဝါးစားတာလည်း မတွေ့လိုက်ဘူး။ ပါးစပ်လှုပ်တာတောင် မတွေ့ဘူးဗျာ။ ဘယ်လိုတွေဖြစ်ကုန်ပြီလဲ။ ချောကလက်ဆိုတာ ထမင်းစားသလို၊ ခေါက်ဆွဲကြော်တွေ စားသလို အားရပါးရ ပလုတ်ပလောင်းစားရတဲ့ အစားအစာမျိုး မဟုတ်ဘူးလေ။ နည်းနည်းချင်းစီ အရသာခံပြီး မြုံ့ပြီးစားရတဲ့ အစားအစာမျိုးပါ။ သူစားတာ မြန်လိုက်တာဗျာ။ ပါးစပ်ဟပြီး စားလိုက်တာများ ပြွန်ချောင်းကြီးထဲကို ကျောက်စရစ်ခဲလေး ပစ်ထည့်လိုက်သလိုပါပဲလား။ ရှောခနဲပဲ။ ကျွန်တော် ငုံ့ကြည့်လိုက်တော့ သူ့လက်ထဲမှာ ဘာမှမရှိတော့ဘူး။ သူကတော့ ဘာမှမဟုတ်သလိုပဲ။ စက္ကန့်ပိုင်းအတွင်းမှာ သူ့လက်ထဲက ချောကလက်တောင့်ဟာ ကုန်သွားတာတော့ သြချစရာပဲပေါ့။ ဒါနဲ့ သူ့အိတ်ကို ထပ်ပြီး နှိုက်ပြန်ရော။ ဒီတစ်ခါတော့ ဟမ်ဘာဂါတစ်လုံး ထွက်လာတယ်။ ကျွန်တော့်ဘက်ကို “စားလေ”ဆိုပြီး လှမ်းတော့ လက်ထိုးပေးသေးတယ်။ ကျွန်တော်လည်း မစားရဲတော့တာနဲ့ ခေါင်းကို တွင်တွင်ပဲ ယမ်းခါလိုက်မိတယ်။

သူကတော့ ခစ်ခနဲ တစ်ချက်ရယ်ပြီး ဟမ်ဘာဂါကို ဖွင့်ဖောက်ပြီး စားမယ်လုပ်တုန်း ဘယ်လိုဖြစ်တာလဲ မသိဘူး။ လက်ကနေ ချော်ပြီး ကတ္တရာလမ်းပေါ်ပြုတ်ကျ။ မုန့်က လိမ့်ထွက်ပြီး ခြေထောက်နားကနေ တစ်လံကွာကွာလောက်မှာ ရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါနဲ့ သူထိုင်နေလျက်ကနေ လက်လှမ်းပြီးယူလိုက်တယ်။ ဘုရား…ဘုရား၊ သူ့ရဲ့ ဘယ်ဘက်လက်ကြီး တစ်လံကျော်ကျော လောက် ရှည်ထွက်လာတာ သားရေပင်ကို ဆွဲဆန့်လိုက်သလိုမျိုးပါ။ ဆတ်ခနဲပဲ မြန်လိုက်တာ။ တစ်လံကျော်ကျော်ရောက်နေတဲ့ မုန့်ကို လက်တစ်ကမ်း လှမ်းယူဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါ။

ကျွန်တော့်ခန္ဓာကိုယ်ထဲကိုတော့ ထိတ်လန့်မှုရယ်၊ အံ့သြမှုရယ် ပေါင်းစပ်ပြီး နွေးရှိန်းစွာ စီးဆင်းသွားတော့တယ်။ သူမဟာ ဘာလဲ။

နောက်တော့ သူ ဟမ်ဘာဂါကို စားတာကလည်း စောစောက ချောကလက်တောင့်ကို စားလိုက်သလိုမျိုးပါပဲ။ ပါးစပ်ဟာပြီး တစ်ချက်တည်း စားပစ်လိုက်တာ မျက်စိတစ်မှိတ်ပဲဗျ။

ဝါးတာလည်း မတွေ့၊ ပါးစပ်လှုပ်တာလည်း မမြင်။ သူကတော့ ခပ်တည်တည်ပဲ။ ဒီလိုနဲ့…

"ကဲ…ဆောင်းနှင်းဝေ၊ တို့နှစ်ယောက် ကားလမ်းမကြီးဆီ လိုက်ရှာကြရအောင်နော်"

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် လှသူကင်းမဲ့ပြီး တိတ်ဆိတ်အေးစက်တဲ့ လမ်းမကြီးအတိုင်း လျှောက်လာကြတယ်။

"သြော်…ဆောင်းနှင်းဝေ၊ ခု ကျောင်းပိတ်ရက်နဲ့ ပထမဦးဆုံးခရီးစဉ်က မန္တလေးပဲလား"

"ဒါ ပထမဆုံးပဲ။ ကျောင်းပိတ်ပိတ်ချင်း မဟာစည်မှာ





(၁၀)ရက်ဝင်တယ်လေ မော်ဇင်ရဲ့။ နောက်ထပ် နွေရာသီကျောင်းပိတ်ရက်မှာ ရက်ရှည်တစ်လကိုတော့ သီလရှင်ဝတ်ဖို့ စိတ်ကူးထားပြီးပြီ"

"ဟင်…ဒီဆံပင်ရှည်ကြီးကို ဖြတ်ပစ်မယ် ဟုတ်လား"

ကောင်မလေးက ခပ်သွက်သွက် ခေါင်းညိတ်တယ်။

"နှမြောစရာကွာ"

"ဆံပင်ရှည်ကို ဖြတ်ပြီးရင် ရွှေတိဂုံဘုရားကို လှူမယ်။ အရာအားလုံးဟာ သခါရချည်းပဲ မော်ဇင်ရဲ့။ စွဲလမ်းမှုတဏှာပေမကြောင့် အကုသိုလ်ဖြစ်တတ်တယ်။ သံသရာရှည်တယ်။ ဆောင်းနှင်းကတော့ တရားအလုပ်လုပ်တယ်။ တတ်နိုင်သလောက် စိတ်ကောင်းထားတယ်။ အလှူလုပ်တယ်။ ဒါမှ လူဖြစ်ကျိုးနပ်မှာ။ တိုတောင်းတဲ့ လူ့ဘဝမှာ လူလူချင်း ခေါင်းပုံဖြတ်၊ မတရားတာ မှန်သမျှလုပ်၊ ယုတ်မာကောက်ကျစ်၊ အလှူအတန်းမှာ လူရိုသေအောင် ဟန်လုပ်ပြ၊ ပဉ္စာနန္တရိယကံ ထိုက်နေတဲ့လူတွေထဲမှာ ကိုယ်မပါဖို့ လိုတယ်။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့။ ကိုယ့်လုပ်ရပ်ကို သံသရာက ဆုံးဖြတ်လိမ့်မယ်။ မဟုတ်ဘူးလား မော်ဇင်"

"ကြောက်စရာကြီးပဲဗျို့"

ကျွန်တော်တစ်ချက်ရယ်ကာ မျက်လုံးပြူးပြီး ဟန်ပါပါနဲ့ ခုံးတစ်ချက် တွန့်ပြီး ကြောက်ချင်ယောင်ဆောင်ပြလိုက်တယ်။ ဒီတော့ သူက တစ်ချက်ရယ်ပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



“ကြောက်ရင် မသေခင်မှာ ကောင်းမှုကုသိုလ်လုပ်၊ ယုတ်မာကောက်ကျစ်တဲ့စိတ်ကို ဖျောက်၊ ကိုယ်ချင်းစာစိတ်ထား၊ သူများကို နာကျင်စေချင်ရင် ကိုယ့်လက်ဖျားကလေးကို ပါးစပ်နဲ့ကိုက်ကြည့်။ ကိုယ်တောင်နာတတ်ရင် သူများလည်း နာတတ်မယ်။ လောကမှာ အသက်ကြီးကြီးလာရင် သံဝေဂရမယ် မထင်နဲ့ မော်ဇင်။ ကြီးလေ မိုက်လေ၊ ကြီးလေ မိုက်လေ ကြီးမိုက်တွေ တစ်ပြုံတစ်ခေါင်း။ သေရင်တော့ ငရဲပြည်ပဲ တန်းနေတယ်။ ဒါကြောင့် မသေခင် ဗုဒ္ဓရဲ့တရားတော်အတိုင်း နေနိုင်အောင် ကြိုး မော်ဇင်”

“ပြီးတော့ကော”

“ဘာသာရေးလုပ်၊ တရားထိုင်၊ တရားမှတ်”

“ပြီးတော့”

“ရှာလို့ရသမျှ အိတ်ထဲချည်း မထည့်နဲ့။ အလှူလုပ်ပေါ့”

“နောက်ကော”

“နင်က နောက်နေပြန်ပြီ။ မပြောတော့ဘူးဟာ”

“ငါကို စောင်းပြောနေတာတော့ မဟုတ်ပါဘူးနော်”

ကောင်မလေးရဲ့ မျက်စောင်းလှလှက ရောက်လာပြန်တယ်။

“စောင်းမပြောတတ်ဘူး။ တန်ဖိုးရှိတဲ့ လူ့ဘဝကို အကျိုးရှိရှိ အသုံးချတတ်ဖို့…”





“ကျေးဇူးတင်ပါတယ်။ အင်း…ဆောင်းနှင်းဝေက ရှေးခေတ်က အဘွားကြီးကျနေတာပဲနော်။ ဒါပေမဲ့ ကျွန်တော် ဆောင်းနှင်းဝေလို မကျင့်နိုင်သေးဘူးဗျာ။ တရားစခန်းဆိုတာတွေလည်း ကျွန်တော်နဲ့ မပတ်သက်သလိုပါပဲ။ ဆောင်းနှင်းဝေက ကျွန်တော့်ထက် အများကြီးသာလွန်ပါတယ်။ သူတစ်ထူးကို ကူညီတတ်တယ်။ မျက်လုံးတွေက ဖြူစင်ရိုးသားမှုကို ဖော်ညွှန်းနေတယ်။ အဲဒီလိုပဲ စောစောက ဘာသာရေးတရားစခန်းဆိုတာတွေ ကျွန်တော်နဲ့ နည်းနည်းတော့ အလှမ်းဝေးနေပေမဲ့ ကျွန်တော့်ကြောင့် သူတစ်ပါး ဒုက္ခရောက်အောင် မလုပ်ဘူး။ မျက်ရည်မကျစေရဘူး။ ဆောင်းနှင်းဝေပြောသလို ကံငါးပါးကို တတ်နိုင်သမျှ လုံခြုံအောင် ထိန်းတယ်။ ဘုရားမကြိုက်တဲ့ လူတစ်ခုထဲမှာ မပါအောင် ကြိုးစားတယ်ဗျာ။ ရတနာမြတ်သုံးပါးကို မစော်ကားဘူး။ လောလောဆယ် ဒါလောက်ပဲ ဆောင်းနှင်းဝေ”

“ဟင်း…ဟင်း…ဟင်း…တော်သေးတာပေါ့”

ကျွန်တော်တို့ ပျော်ရွှင်စွာ ရယ်မောကြပြန်တယ်။ ကောင်မလေးရယ်သံက လှုပ်ခါသည်ဆိုရုံကလေးပါ။ တကယ်တော့ ဒီညဟာ ကျွန်တော့်ကို သိမ်မွေ့နူးညံ့စွာ ပြုစားထားတယ်ဆိုတာ ယုံကြည်မိပါပြီ။ တကယ်လို့များ မှောင်မိုက်ထူထဲတဲ့ ညတစ်ညမဖြစ်ဘဲ လရိပ်ပြာပြာ ရွှန်းမြမြသာနေတဲ့ ညတစ်ညဆိုပါရင် တိမ်မျှင်တွေ သယ်ဆောင်ရာ လေအလျဉ်နောက်ကို လိုက်ပါလွင့်မျောမိ



www.burmeseclassic.com

www.burmeseclassic.com



မှာ အမှန်ပဲ။

ဒီလိုနဲ့ ရှည်လျားတဲ့လမ်းမကြီးအတိုင်း ကျွန်တော်တို့ တိတ်ဆိတ်စွာပဲ ဆက်လျှောက်လာမိတော့တယ်။

★ ★ ★

တဖြည်းဖြည်းနဲ့ လျှောက်လာလိုက်တာ လမ်းမဟာ အမှောင်ထုထဲကို ကျူံဝင်နစ်မြုပ်နေတယ်။ အမှောင်ထုဟာ နက်ရှိုင်းသိပ်သည်းလာတာနဲ့အမျှ ဆောင်းနှင်းဝေဟာ ကြောက်ရွံ့စိတ် ဝင်လာပုံရပါတယ်။ ကျွန်တော့်ပခုံးနဲ့ သူ့ပခုံးချင်းထိမိပြီး လျှောက်နေတာပါ။

ကျွန်တော့်ကျောပိုးအိတ်ထဲမှာ ငွေကြေးအချို့နဲ့ ရေသန့်ဘူးပဲပါတယ်။ ရေဆာပေမဲ့ သောက်ဖို့ ကြောက်နေမိတယ်။ ဘာဖြစ်လို့လဲ မသိပါဘူး။

ဒီလိုနဲ့ တော်တော်လေး လျှောက်မိလိုက်တော့ ရှေ့မှာ လမ်းတစ်ဆစ်ချိုးတစ်ခုကို တွေ့လိုက်ရပါလေရော။ အဲဒီမှာ လမ်းဘေးဝဲယာနှစ်ဖက်မှာ သစ်ပင်ကြီးတွေ ထူထူထပ်ထပ်၊ သိပ်သိပ်သည်းသည်း ပေါက်ရောက်နေတယ်။ အမှောင်ထုထဲမှာ မငြိမ်မသက် ရပ်တည်နေပုံဟာ မြို့ပျက်ဟောင်း တစ္ဆေမြို့ကြီးတွေလိုပါပဲ။





ဒီအချိန်မှာ ရောမသစ်ပင်ကြီးတစ်ပင်ကို ရုတ်တရက် လှမ်းကြည့်လိုက်တယ်ဆိုရင်ပဲ ထူးဆန်းတာတွေကို တွေ့ရတော့တာပဲ။ သစ်ပင်ကြီးက အရွက်တွေနည်းနေပြီး သစ်ခြောက်ပင်တော့ မဟုတ်ဘူး။ အဲဒီအပင်ကြီးရဲ့ အကိုင်းအသီးသီးမှာ ရောမအကောင်တွေ ဖောက်ထိုးကြီးတွေ။ ဘာကောင်ကြီးတွေလည်း မသိဘူး။ တချို့ ငှတ်တုတ်၊ တချို့ ခြေတွဲလောင်း၊ တချို့ ပက်လက်။ လင်းဆွဲကြီးတွေလား၊ ရောမ ငှက်ကြီးတွေလား။

သေသေချာချာကြည့်လိုက်တော့ ကျွန်တော်ထင်တာတွေ တစ်ခုမှ မဟုတ်ဘူးဗျို့။

"ဘုရား...ဘုရား...ဘာကောင်ကြီးတွေလဲ"

ဒီအချိန်မှာ ဟောင်မလေးရဲ့ ခြေလှမ်းတွေဟာ ရှေ့ဆက်မတိုးဝံ့တော့ဘဲ ရပ်တန့်သွားရဲ့။ သူ့ရဲ့လက်တစ်ဖက်က ကျွန်တော့်လက်မောင်းကို အားကိုးတကြီး တင်းကျပ်စွာ ဆုပ်ကိုင်လို့။

"မော်ဇင်...ကြည့်...ကြည့်စမ်း။ လင်းဆွဲကြီးတွေမှ မဟုတ်ဘဲ။ ဘုရား...ဘုရား...ဘုရား"

"အမလေး...ဟုတ်ပါရဲ့"

"လူတွေဟဲ့ မော်ဇင်"

"ဟုတ်တယ်...လူတွေ"

မှန်ပါတယ်။ လူတွေပါ။ ကေန် လူစစ်စစ်တွေပါ။ ဒါမှ မဟုတ် သက်ရှိလူတွေဆိုရင် ပိုမှန်ပါလိမ့်မယ်။ လူတွေဟာ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်မှာ ပုံစံအမျိုးမျိုးနဲ့ ငြိမ်သက်တိတ်ဆိတ်နေခြင်းပါ။ တချို့ အဝတ်အစား မပါဘူး။ အမွေးရှည်ကြီးတွေ တစ်ကိုယ်လုံး ဖုံးလွှမ်းနေတယ်။ တချို့ အဝတ်အစားပြည့်ပြည့်စုံစုံပါပဲ။ သစ်ပင်တစ်ပင်လုံးမှာ အသီးတွေ ပြွတ်သိပ်နေသလို သတ္တဝါတွေ တိုးလိုးတွဲလောင်း ပုံစံမျိုးနဲ့ပါ။ အောက်ဆုံးက အမွေးထူထူနဲ့ အကောင်တစ်ကောင်က ကျွန်တော်တို့ကို လျှာထုတ်ပြလေရဲ့။ အဲဒီအကောင်ကြီးရဲ့ လျှာဟာ နှစ်တောင်လောက်ရှည်ပြီး တစ်ထွာလောက် ကျယ်ပြန့်တဲ့ လျှာကြီးကို ထုတ်ချည်သွင်းချည်နဲ့ လုပ်ပြနေတာပါ။ ခြောက်လှန့်ပြနေတာပါ။

"အမလေး…ကြောက်တယ် မော်ဇင်"

"ဆောင်းနှင်းဝေ…လမ်းမဘက်ထွက်နေတဲ့ သစ်ကိုင်းကလူကို ကြည့်လိုက်စမ်း။ ဖောက်ထိုးကြီး။ ခေါင်းကြီးကိုယ်သေးနဲ့။ ဟိုး…နောက်တစ်ကိုင်းမှာ တစ်ယောက်။ နားရွက်ကြီးကဖျာလောက်ရှိတယ်။ သူ့နားရွက်ကြီးတစ်ဖက်ကို စောင်လိုခြုံပြီး အိပ်ပျော်နေလိုက်တာ။ ဟောက်သံတောင် ကြားရတယ်"

"ဟင့်အင်း…မကြည့်ရဲဘူးဟယ်…သွားကြစို့"

ကျွန်တော်တို့နှစ်ယောက်ရဲ့ စကားပြောသံတွေကို သစ်ပင်ပေါ်က ပုံစံအမျိုးမျိုးနဲ့ သတ္တဝါကြီးတွေ ကြားလိုက်ရတယ် ထင်ပါရဲ့။ မြေတွင်းထဲက ကြွက်တွေ၊ တိုင်ကီပြတ်ထဲက ငါးရှဉ့်တွေလို ခွေခေါက်တွန့်လိမ်ပြီး လှုပ်လှုပ်ရွရွ ဖြစ်လာကြပြီး မြောက်ဘက်





သစ်ကိုင်းက အိပ်ပျော်နေတဲ့ သတ္တဝါကြီးကတော့ သပိတ်လုံးလောက်ရှိတဲ့ မျက်လုံးကြီးနှင့် ပေါက်တူးလောက်ရှိတဲ့ သွားကြီးတွေဖြဲပြပြီး တဟီးဟီးရယ်ပြီး ခြောက်လှန့်ပြနေပြန်ပါရော။

"ကြောက်စရာကြီးတွေ မော်ဇင်ရယ်"

ဆောင်းနှင်းဝေဟာ သူ့နှုတ်ခမ်းလေးနဲ့ ကျွန်တော့်ပခုံးစွန်းကို ထိကပ်ပြီး မျက်စိစုံမှိတ်ထားလေရဲ့။

"သွားကြစို့"

ဒီလိုနဲ့ ကျွန်တော်တို့ ဆက်ပြီးလျှောက်လာကြပြန်တယ်။ လမ်းက ရှည်လျားပြီး လူသူကင်းမဲ့နေတုန်း။ ကျွန်တော်တော့ ဘယ်လိုဒေသမျိုးကိုရောက်ပြီး ဘယ်လိုအမည်မဖော်လိုတဲ့ သတ္တဝါတွေကို တွေ့နေရတယ်ဆိုတာ စဉ်းစားလို့မရပါဘူး။ အဲဒီ သတ္တဝါကြီးတွေက ဘာတွေလဲ။ တစ္ဆေတွေလား။ လူ့ဘဝမှာတုန်းက အကုသိုလ်ကြီးမားပြီး ဘဝသစ်မှာ ငရဲကျနေသူတွေလား။

ဒီလိုနဲ့ အမှောင်ဟာ ဆက်လက်ပြီး အမှောင်ထုနဲ့အတူ လောင်မြိုက်နေတုန်း။ အလင်းရောင်ဆိုတာကို ဆံခြည်ခြမ်းစာမျှတောင် မတွေ့ရသေးပါဘူး။ ဆောင်းနှင်းဝေဟာ ကျွန်တော့်အနားကို တဖြည်းဖြည်း တိုးကပ်လာတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ပျော်ပါတယ်။ လရောင်တွေ ခန်းခြောက်နေတာ၊ ကူးလူးပြန့်နှံ့ဆဲဖြစ်တဲ့ ပန်းရနံ့ကို ကိုယ်တိုင် စိတ်လွတ်ကိုယ်လွတ် ဆယ်ယူမရတာက လွဲလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ…ရင်ထဲမှာ မိုးနှင်းတွေ တမြည့်မြည့် ရဲရဲတောက် လောင်ကျွမ်းနေဆဲပေါ့။

ဒီအချိန်မှာ ကျွန်တော်တို့ရှေ့ မှုန်ဝါးဝါး လမ်းကြားတစ် နေရာကနေပြီး ညာသံပေး အော်ဟစ်လိုက်သံတစ်သံကို ကြားလိုက် ရပါတယ်။ လန့်ဖျပ်အသည်းတုန်စရာပါပဲ။

★ ★ ★

ဒီလို တိတ်ဆိတ်နေတဲ့ညမှာ ပထမဦးဆုံး ကြားလိုက်ရ တဲ့ ကြောက်မက်ဖွယ် အော်ဟစ်လိုက်သံတစ်ခုပါ။ ကျွန်တော်တို့ ရှေ့ကိုဆက်ပြီး မတိုးဝံ့လောက်အောင် ခြေလှမ်းတွေကို ရပ်တန့် လိုက်မိကြပြီး ဘာသံတွေပါလိမ့်။

လူအုပ်စုတစ်စုရဲ့ အော်သံ။ ညာသံပေး အော်ဟစ်တဲ့ အသံတွေ။

"မော်ဇင်…ဘာသံတွေလဲ မသိဘူး။ လမ်းဘေးကပ် နေမှ"

"ဟုတ်တယ် ဆောင်းနှင်းဝေ"

ကျွန်တော်တို့ စကားမဆုံးခင်မှာပဲ လူအုပ်စုတစ်စုဟာ လမ်းကြားထဲက ထွက်လာကြတော့တာပါပဲ။ လမ်းကြားဆိုတာ နောက်ဖေးလမ်းကြားကို ပြောတာပါ။ သူတို့ဟာ စုစုပေါင်း လူငါး





ယောက်တိတိ။

"ဝေး…ဟေး…ဟေး"

"ဟေး…ဝါး…ဝါး…ဝါး"

"မ,ကြဟေ့၊ အောက်မကျစေနဲ့ဟေ့"

"လွှတ်မချလိုက်နဲ့"

လူငါးယောက်က ဝမ်းသာအားရအသံ တစ်ယောက် တစ်ပေါက် အော်ဟစ်ညာသံပေးရင်း ကြီးမားဖြူဖွေးတဲ့ အရာ ဝတ္ထုကြီးတစ်ခုကို ထမ်းရွက်လာကြတာပါ။

ကျွန်တော်တို့နှစ်ယောက်ဟာ ခပ်လျှိုလျှိုနဲ့ လမ်းဘေး သစ်ပင်ရိပ်အောက်မှာ ဝင်ခိုကပ်ရင်း သူတို့ ဘာကြီးကို ထမ်းလာ သလဲဆိုတာ သိချင်ဇောနဲ့ ငြိမ်သက်နေလိုက်မိပါတယ်။

"သူတို့ တစ်ခုခုကို ဝမ်းသာအားရ ထမ်းလာကြတာကွ။ ဘာကြီးလဲ မသိဘူး…ဆောင်းနှင်းဝေ"

"ဖြူဖြူလုံးလုံး ရှည်ရှည်ကြီးနော်"

ဖြူဖြူရှည်ရှည် လုံးလုံးကြီးကို လမ်းမကြီးအတိုင်း ထမ်း ရွက်လာကြသော လူတစ်စုဟာ ကျွန်တော်တို့ ရပ်တန့်၍ ငေးမော နေရာဆီကိုတောင် တစ်ချက်ကလေး လှည့်မကြည့်ဘဲ သူတို့အာရုံ စိုက်နေကြတဲ့ အရာဝတ္ထုကြီးကိုပဲ ထမ်းပိုးရင်း ညာသံပေးပြီး ဖြတ်သွားကြလေရဲ့။

အလိုလေး…ဘုရားရေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူရှည်ရှည် အလုံးကြီးက ဇရာမ ထမင်းလုံးကြီးပါကလား။ သူတို့ငါးယောက်စလုံးရဲ့ မျက်နှာမှာ ပါးစပ်ပေါက်ဆိုတာ မရှိဘူး။ နားရွက်ကြီးတွေက ယပ်တောင်လောက်ရှိတယ်။ နားရွက်ကြီးတွေ တဖျပ်ဖျပ်နဲ့ ခြေထောက်တွေက တံတောင်လောက် ရှည်လျားကျယ်ပြန့်ကားပြီး ဘဲခြေထောက်ကြီးတွေလို ပြားပြားကြီးတွေပါ။ ဪ...နောက်ဖေးလမ်းကြားထဲက ထမင်းလုံးကြီးကလည်း ဇရာမကြီး။ သူတို့ရဲ့ ခါးကြားမှာ ပုဆိန်တွေ၊ လှံတွေ ထိုးထည့်ထားတာ တွေ့လိုက်ရတယ်။ အဲဒီ ပုဆိန်တွေ၊ လှံတွေနဲ့ ဇရာမထမင်းလုံးကြီးကို ခုတ်ဖြတ်၊ ဖြတ်တောက်ပြီး စားကြမှာဆိုတာ သေချာပါတယ်။ သနားစရာပဲ။ ကျွန်တော်တို့ အံ့သြတကြီး ငေးငိုင်ကြည့်ရှုနေဆဲမှာပဲ သူတို့အားလုံးဟာ ဇရာမ ထမင်းလုံးကြီးနဲ့အတူ အမှောင်ထုထဲကို ပျော်ပျော်ပါးပါး ညာသံပေးအော်ဟစ်ပြီး တိုးဝင်ပျောက်ကွယ်သွားကြပါပြီ။

ကျွန်တော်တို့ တစ်ယောက်လက်တစ်ယောက် ဖေးဖေးမမ ဆုပ်ကိုင်ရင်း ဆက်လျှောက်လာမိတယ်။ အမှောင်ထုက ဆတ်ဆတ်ခါ ရောင်ကိုင်းလို့။ ညဟာ ထိတ်ထိတ်ပျာပျာ။

"အံ့သြစရာချည်းပဲနော် မော်ဇင်"

"ဟုတ်တယ်...ပြိတ္တာတွေလား မသိဘူး။ လူမဟုတ်တာတော့ သေချာတယ်"

"အကုသိုလ်များလိုက်ကြတာနော် မော်ဇင်။ သံသရာ





တော့ ရှည်ကြဦးတော့မှာပဲ။ တို့တစ်တွေ အဲဒီလို သတ္တဝါတွေကို ဘာဖြစ်လို့ ကိုယ်တိုင်ကိုယ်ကျ မြင်နေရပါလိမ့်နော်"

ကောင်မလေးက ညည်းညည်းညူညူပြောတယ်။ ဒါပေမဲ့ အမှောင်ထုရဲ့ မမြင်ရတဲ့ လေထုထဲမှာ ခြောက်သွေ့အေးစက်တဲ့ ရနံ့ကို ရနေတုန်းပဲ။ ပတ်ဝန်းကျင်လေထုဟာ တိတ်ဆိတ်အေးစက်၊ ငေးငြိမ်။ ကျွန်တော့်ရင်ထဲမှာတော့ သာယာတဲ့ နှလုံးခုန်သံတို့နဲ့ စွန်းထင်းပေကျံနေလေတယ်။ ဒါပေမဲ့ ကျွန်တော် ကောင်မလေးအပေါ်မှာ ဘယ်လိုအခွင့်အရေးမျိုးတွေမှ မယူပါဘူး။ အဲ... ရနံ့မွှေးပျံ့တွေ သင်းပျံ့နေတဲ့ ပန်းပွင့်ကလေးရဲ့ နောက်ကျောကို ဓားနဲ့မထိုးပါဘူးဗျာ။

မှုန်ရီအေးစက်နေတဲ့ လေထုနဲ့အတူ ဟိုဝေးဝေးက သစ်ပင်ကြီးတွေဆီက သစ်ရွက်ခြောက်တွေ ဖွေစောင်းကြွေကျနေပုံက ကျွန်တော့်စိတ်အာရုံကို မတွေပြားစေပါဘူး။ မဖြားယောင်းစေခဲ့ပါဘူး။

ဒီလိုနဲ့ ကျွန်တော်တို့ အဝေးပြေးလမ်းမကြီးကို တွေ့လိုတွေ့ငြား ဆက်ပြီးလျှောက်လာမိတယ်။ အမှောင်ထုကတော့ တိတ်ဆိတ်ခြင်းကို ပွေ့ဖက်ထားတုန်းပဲ။

ကျွန်တော် သူ့ကို တစ်ခုခုပြောဖို့ ကြံစည်တုန်းရှိသေးတယ်။ ကျွန်တော်တို့အနောက်ဘက် တစ်နေရာကနေ လျှင်မြန်သော ခြေလှမ်းတွေနဲ့ ပြေးလာတဲ့ခြေသံတစ်စုံကို ကြားလိုက်ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ခြေသံဟာ တဖြည်းဖြည်း နီးကပ်လာပါပြီ။

★ ★ ★

အန္တရာယ်ရဲ့ ရန်။ ခြေသံမှာ ကြောက်မက်စရာ အန္တရာယ်တွေ လိမ်းကျံထားတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ ခြေသံရှင်ဟာ ကျွန်တော်တို့ဆီကို ဒေါသတကြီး ရန်လိုဟန်နဲ့ လိုက်လာတယ်ဆိုတာ သိသာပါတယ်။

"မော်ဇင်…ခြေသံက ကျွန်မတို့နောက်ကို ပြေးလိုက်လာတဲ့ ခြေသံနော်။ သတိတော့ထား"

ခြေသံဟာ တဖြည်းဖြည်း နီးကပ်လာပါပြီ။ ကျွန်တော်တို့ဆီကို ပြေးဝင်လာတဲ့ လူတစ်ယောက်။ သွေးရူးသွေးတန်း ပြေးဝင်လာတဲ့ပုံစံပါ။ ခြေသံဟာ တစ်စတစ်စ နီးကပ်လာတယ်ဆိုရင်ပဲ ရုပ်ဝတ္ထုအကောင်အထည်ကြီးကို ထင်ထင်ရှားရှား မြင်လိုက်ရတော့တယ်။ ဘယ်လိုအရာကြီးပါလိမ့်။

အမလေး…ဘုရား…ဘုရား။

ခြေသံနဲ့အတူ အရုပ်ဆိုးပေကျော်ကျော် ကြောက်မက်ထိတ်လန့်ဖွယ်ရာ အရာဝတ္ထုကြီးပါ။ ခန္ဓာကိုယ်မှာ အသားဆိုလို့ ရွေးစေ့မျှပင် မရှိတဲ့ အရိုးစု ကမ္ဘဋ္ဌာန်းကောင်ကြီးပါ။ အရိုးစုကြီး





ဟာ ကျွန်တော်တို့နောက်ကို ပြေးလိုက်လာခြင်းပါ။

"ဆောင်းနှင်းဝေ ပြေးကြစို့"

ကျွန်တော် ကောင်မလေးလက်ကို ခပ်တင်းဆင်း ဆုပ်ကိုင်ပြီး ပြေးထွက်လာမိပါတယ်။ နောက်ကို လှည့်ကြည့်လိုက်တော့ အရိုးဂေါက်ဂက်၊ မျက်တွင်းဟောက်ပက်၊ အရုပ်ကြီး ကလန်ကလားနဲ့ အရိုးစုကြီးပါ။ အရိုးစုကြီးဟာ တယောင်းယောင်းအော်ဟစ်ရင်း ပြေးလိုက်လာခြင်း ဖြစ်ပါတယ်။ တကယ်တော့ အရိုးစုကောင်ကြီးဟာ ကျွန်တော်ထင်သလို မပြေးနိုင်ပါဘူး။ သူ့ရဲ့ အရိုးစုတွေချင်း ပွတ်ထိရိုက်ခတ်သံတွေဟာ တကျွိကျွိ၊ တဖျောက်ဖျောက် အော်မြည်နေပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့လည်း လျှင်မြန်တဲ့ ခြေလှမ်းတွေနဲ့ ခြေကုန်သုတ် ပြေးလိုက်ရတော့တယ်လေ။

ကျွန်တော် လှည့်ကြည့်လိုက်တယ်ဆိုရင်ပဲ အရိုးစုကမ္ဘဋ္ဌာန်းကောင်ကြီးဟာ မမီနိုင်မှန်းသိတော့ သူ့ရဲ့ ဘယ်ဘက်လက်မောင်းရိုး လက်တံကြီးတစ်ခုလုံးကို သူ့ညာလက်နဲ့ ဖြုတ်ချလိုက်ပါတော့တယ်။ ပြီးတော့ ခပ်ဝေးဝေးရောက်နေပြီဖြစ်တဲ့ ကျွန်တော်တို့ဆီကို သူ့လက်မောင်းရိုးကြီးနဲ့ အားကုန်လှမ်းပြီး ပစ်ပေါက်လိုက်တယ်။

"ဝိုး"

"ဂလုတ်…ဂလောက်…ဖြောက်…ဖြောက်"

ဒါပေမဲ့ လက်မောင်းရိုးကြီးက ကျွန်တော်တို့ဆီကို



www.burmeseclassic.com

www.burmeseclassic.com



မရောက်လာဘူး။ မာကျောတဲ့ ကတ္တရာလမ်းမနဲ့ အရိုးချင်း ထိခိုက်ပွတ်ရှသံ ဂလောက်ဂလက်မြည်သံ ထွက်ပေါ်လာပြီး လမ်းမပေါ်မှာ ပြုတ်ကျကျန်ရစ်ခဲ့တော့တယ်။ ဆက်ပြီး မလိုက်နိုင်တော့တဲ့ အရိုးစုကောင်ကြီးဟာ ညာဘက်လက်ရိုးကြီးနဲ့ ခါးထောက်၊ မကျေမနပ်ဖြစ်ပြီး ကျန်ရစ်ခဲ့တော့တယ်လေ။ သူ့ရဲ့ ဘယ်ဘက်လက်မောင်းရိုးကြီးတစ်ခုလုံးကို ပြန်မကောက်တော့ဘဲ အမှောင်ထုထဲကို ကုန်းကုန်းကွကွ ထော့နင်းထော့နင်းနဲ့ လှည့်ထွက်သွားတော့တယ်။

ကျွန်တော်တို့ အပြေးမြန်လို့သာပေါ့။ နို့မို့ဆိုရင် ကမ္မဋ္ဌာန်းကောင်ကြီး ဖြုတ်ပစ်လိုက်တဲ့ လက်မောင်းအရိုးကြီးဟာ နောက်စေ့ပဲ မှန်မလား၊ ကျောကုန်းပဲ မှန်မလားပဲ။

★ ★ ★

ဒီလိုနဲ့ ရှည်လျားနက်မှောင်တဲ့ လမ်းမကြီးအတိုင်း တရွေ့ရွေ့လျှောက်လာခဲ့ကြပြန်ရော။ ရင်တထိတ်ထိတ်နဲ့ပါ။ နောက်ထပ်ဘယ်လိုထူးဆန်းအံ့သြဖွယ်ရာ သတ္တဝါတွေနဲ့ ထပ်တွေ့မှာလဲဆိုတဲ့ အတွေးက ရင်ထဲကို ဖိစီးနေတယ်။

ဒီလိုနဲ့ ဆက်လျှောက်ရင်း ဟိုးရှေ့တူရူမှာ အလင်းစက်ကလေးတစ်စက် တွေ့မြင်လိုက်ရသလိုပဲ။ ဟုတ်ပါတယ်။ အလင်းရောင် အစကလေးတစ်စဆိုတာ သေချာပါပြီ။





"မော်ဇင်ရေ…တို့ အလင်းရောင်ကို စပြီးမြင်ရပြီထင်တယ်။ ဟိုမှာ ကြည့်စမ်း။ လမ်းမကြီးရဲ့ မြောက်ဘက်က အလင်း။ တို့ရှိနေတဲ့ တောင်ဘက်က အမှောင်။ နယ်နိမိတ်ကန့်သတ်ထားသလိုပဲ။ ကြည့်လို့ကောင်းလှသား"

"ဟုတ်တယ် ဆောင်းနှင်းဝေ။ အလင်းနဲ့ အမှောင်ရဲ့ နယ်နိမိတ်လိုပဲ ဖြစ်နေတာ အံ့သြစရာ ကောင်းလိုက်တာ"

ကောင်မလေးရဲ့ မျက်ဝန်းတွေ အရောင်တောက်ပလာတယ်။

"တို့ အဲဒီကို သွားကြည့်ရအောင်နော်။ မော်တော်ကားတစ်စီးတလေ တွေ့လို့တွေ့ငြားပေါ့။ ကံကောင်းပါစေဟာ"

"သွားကြတာပေါ့"

ကျွန်တော်တို့ရဲ့ ခြေလှမ်းတွေ သွက်လာတယ်။ မျှော်လင့်ချက်တွေ ယှက်သန်းလာတယ်။ အလင်းကိုမြင်ရတော့မှာ၊ အလင်းကို ဆုပ်ကိုင်ရတော့မှာ မဟုတ်လား။

ဒီလိုနဲ့ ဆက်လျှောက်လာကြတယ်။ ဒါပေမဲ့ အလင်းစက်တွေဆီကို ရောက်လုဆဲဆဲမှာ ပြဿနာတစ်ခုက ပေါ်လာပြန်ရော။

ဆောင်းနှင်းဝေက ခြေလှမ်းတွေ စိပ်လာတယ်၊ နှေးကွေးလာတယ်။ မျက်နှာမှာ ချွေးတွေစို့စပြုလာတယ်လေ။

"ဘာဖြစ်လို့လဲဟင်"

"မောလို့"



www.burmeseclassic.com

www.burmeseclassic.com



အသို…ဘယ်လိုဖြစ်ရပြန်တာလဲ။ ချက်ချင်းကြီး ကောက်ခါငင်ခါ။ ကျွန်တော် သူ့မျက်နှာ ဖြူဖြူဝိုင်းဝိုင်းကလေးကို စူးစမ်းကြည့်မိလိုက်တော့…။

ချွေးသီးချွေးပေါက်တွေ ကျလာပြန်ပါကလား။ ဘယ်လိုဖြစ်တာလဲ ဆောင်းနှင်းဝေရယ်။ တို့တစ်တွေ အလင်းရောင်ဆီရောက်ခါနီးပါမှ။

အားတင်းစမ်းပါကွယ်၊ အားတင်းစမ်းပါ။ ဒါနဲ့ ကျွန်တော် သူ့လက်မောင်းကလေးကို ဖေးမကိုင်လိုက်ပြီးတော့ –

"ခဏနားပါလား ဆောင်းနှင်းဝေ"

"မောတယ်…အရမ်းပဲ၊ မ…မလျှောက်နိုင်တော့ဘူး"

ကျွန်တော့်ရင်ထဲမှာ တုန်ခါသွားမိတယ်။ သူ့ကိုလည်းသနားသွားမိတယ်။ ကျွန်တော်ဘာဆက်လုပ်ပေးရမလဲ။ ဒါနဲ့ ခဏနားခိုစရာ နေရာရှာမိလိုက်တော့ သစ်တုံးရှည်မျောမျောတစ်တုံးလမ်းဘေးမှာ လှဲချထားတာ တွေ့လိုက်ရတယ်။

"လာ…တို့…ဒီမှာ ခဏထိုင်နားကြစို့လား။ အမောပြေတော့ ဆက်လျှောက်တာပေါ့။ အားတင်းထားစမ်းပါ ဆောင်းနှင်းဝေရယ်။ လမ်းမလျှောက်နိုင်တော့ရင် ငါတွဲခေါ်မယ်လေ"

သူ ခေါင်းခါတယ်။ ချိုမူးဆွတ်ရှစရာကောင်းလှတဲ့ သူ့မျက်နှာကလေးမှာ ချွေးသီးချွေးပေါက်တွေ တွဲခိုနေပါပြီ။ ကျွန်တော် စိတ်မကောင်းဖြစ်သွားမိတယ်။ ဒါနဲ့ပဲ သူ့လက်မောင်း





ကို ဖေးမကိုင်ပြီး သစ်တုံးကြီးရှိရာကို ခပ်ဖြည်းဖြည်းလျှောက်လာတယ်။ သူ့တစ်ကိုယ်လုံး တုန်ခိုက်နေတယ်။ မိုးမိတဲ့ ငှက်ကလေးတစ်ကောင်လို တုန်ခိုက်နေတာပါ။

သစ်တုံးပေါ်မှာ ကျွန်တော်တို့နှစ်ယောက် ထိုင်မိတယ်ဆိုရင်ပဲ ကျွန်တော်တို့နောက်ကျောဘက်ကနေ အနက်ရောင် ငှက်တစ်ကောင် ဂီးခနဲမြည်ပြီး အလန့်တကြား ထပျံသွားတယ်။ တစ်ချိန်တည်းမှာပဲ အနောက်ဘက် မိုးကောင်းကင်ဆီကနေ ကြယ်ကြွေတစ်စင်း အရှေ့ဘက်ဆီကိုပဲ ပျံသန်းသွားလေရဲ့။ တကယ်တော့ ကြယ်ကြွေတာပါ။ ကျွန်တော့်ရင်ထဲမှာ လေးလံဖိစီးမှု အာရုံတစ်ခုဟာ တဖွေ့ဖွေ့လောင်မြိုက်သွားပါပြီ။ ကောင်မလေးရဲ့ ဦးခေါင်းကလေးဟာ ကျွန်တော့်ရင်ခွင်ထဲကို အားကိုးတကြီး တွဲမှီလာလို့ပါ။ သူ့ကိုယ်လုံးကလေးကို ညင်သာစွာပဲ ထွေးပွေ့ထားလိုက်မိတယ်။ ဘုရားရေ…ကောင်မလေးတစ်ကိုယ်လုံး ချွေးတွေနဲ့ ရွှဲနစ်ပြီး တုန်ယင်နေပါပကောလား။ ဒီအချိန်မှာ မေ့လျော့နေမိတဲ့ မွှေးပျံ့တဲ့ရနံ့တွေ အုတ်အော်သောင်းတင်းရနေပြီး ထူးဆန်းတဲ့ မွှေးရနံ့တွေက သူ့ကိုယ်က ထွက်နေတာပါ။ ထူးဆန်းလိုက်တာ။

သူ့နဖူးပြင် ဖူးဖူးလေးမှာ တွဲခိုနေတဲ့ ချွေးစက်တွေကို ကျွန်တော် ပွတ်သပ်ဖယ်ရှားနေစဉ်မှာပင် –

"မောလိုက်တာ မော်ဇင်ရယ်"

"ဘယ်လိုဖြစ်ရတာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကောင်မလေးကိုကြည့်ပြီး ကြေကွဲလောင်မြိုက်နေမိတယ်။ ဒီအချိန်မှာ ကောင်းကင်မှာ ကြယ်တစ်စင်း ဖြာခနဲ ကြွေကျသွားပြန်တယ်။ ဘုရားရေ…ကြယ်ကြွေတာ နှစ်ခါရှိသွားပြီ။

ကျွန်တော် မျက်စိကို စုံမှိတ်ထားလိုက်မိတယ်။ ကောင်မလေး ဘာမှမဖြစ်ပါစေနဲ့၊ ဘာမှမဖြစ်ပါစေနဲ့။

"အသက်ကို မှန်မှန်ရှူ၊ မျက်စိမှိတ်ထား"

ကျွန်တော့်စကားဆုံးလို့ သူမ ခေါင်းတစ်ချက် ညိတ်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်တို့ရဲ့ အရှေ့ဘက်ကနေ တဖြည်းဖြည်း တိုးရွေ့လာတဲ့ ပေါ့ဖွဖွ ခြေသံတွေကို ကြားလိုက်ရပါတော့တယ်။ ခြေသံတွေက အုပ်စုလိုက် တစ်လှမ်းချင်း လှမ်းလာတဲ့ ခြေသံတွေပါ။

ကျွန်တော် ကြောက်လန့်သွားမိတယ်။

"ခြေသံတွေ"

သူမရဲ့ ခန္ဓာကိုယ်ကလေးဟာ ဆတ်ခနဲ တွန့်ခါသွားတယ်။ ပေါ့ဖွဖွ နင်းလျှောက်လာတဲ့ ခြေသံတွေဟာ ကျွန်တော်တို့ ထိုင်နေတဲ့ သစ်တုံးကြီးဆီကို ဦးတည်ရွေ့လျားလာတာဖြစ်ပြီး တဖြည်းဖြည်းနီးကပ်လာပါပြီ။ တည်ငြိမ်တဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာတဲ့ ခြေသံတွေပါ။ ဘယ်လိုပုဂ္ဂိုလ်တွေပါလိမ့်။ ကျွန်တော်မဝံ့မရဲ လှမ်းကြည့်လိုက်တယ်။





"ခြေသံတွေ…ခြေသံတွေ"

တဖြည်းဖြည်း တိုးကပ်လာတဲ့ ခြေသံတွေ။ ခြေသံတွေ တိုးကပ်လာတဲ့အမျှ ရုပ်ဝတ္ထုအကောင်အထည် မမြင်ရပါဘူး။ ကျွန်တော်ကြောက်လန့်သွားမိတယ်။ ဒါပေမဲ့ အလင်းရောင်မြင်နေရတဲ့နေရာမှာ အလင်းပြန်နဲ့အတူ မြူလိုလို၊ နှင်းလိုလို ဒေါင်လိုက်ရွေ့မျောလာတဲ့ အရာဝတ္ထုတွေကိုတော့ ရုတ်တရက်တွေ့လိုက်ရပါပြီ။ များပြားလှတဲ့ ဒေါင်လိုက်အဖြူစင်းတွေဟာ ကျွန်တော်တို့ရှိရာနေရာကို ဝိုင်းရံစုဝေး ရောက်ရှိလာပါပြီ။

ဒီအချိန်မှာ အရိပ်ဖြူဖြူတွေဟာ ကျွန်တော်တို့ကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံပိတ်ဆို့လိုက်ပါတယ်။ ကျွန်တော် အလန့်တကြား မျက်စိမှိတ်ထားမတတ် ကြောက်လန့်မိပါပြီ။

"ဘုရား…ဘုရား"

ဒီအချိန်မှာ ချွေးပြိုက်ပြိုက်ကျပြီး မိန်းမောနေတဲ့ ဆောင်းနှင်းဝေဟာ ကျွန်တော့်ရင်ခွင်ထဲကနေ ရုတ်တရက် ကုန်းထလိုက်ပြီး –

"မော်ဇင်…သူ…သူတို့ လာခေါ်နေကြပြီ။ ငါ…ငါ…လိုက်…လိုက်…လိုက်သွားရတော့မယ်"

"ဘယ်က သူတို့လဲ၊ မလိုက်သွားရဘူး"

ချွေးပြိုက်ပြိုက်ကျနေသည့်ကြားထဲကနေ ကောင်မလေး ခေါင်းကို တွင်တွင်ပဲ ခါယမ်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ ငါလိုက်သွားရတော့မှာ"

ကျွန်တော် သွေးရူးသွေးတန်း အော်လိုက်တယ်။ လှောင်အိမ်ထဲက ဒဏ်ရာရ သားကောင်ရဲ့ အော်သံမျိုးနဲ့ အော်ပစ်လိုက်တာပါ။

"မလိုက်ရဘူး…မလိုက်သွားနဲ့…ဒီမှာပဲနေ"

မြူနှင်းလိုလို၊ မီးခိုးငွေ့လိုလို ရွေ့လျားနေတဲ့ ဒေါင်လိုက်အစင်းတွေ ကျွန်တော့်တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသလို ခံစားလိုက်ရတယ်။ ကျွန်တော့်တစ်ကိုယ်လုံး တွန်းထုတ်ခံလိုက်ရသလို လွင့်စဉ်သွားတယ်။ အနက်ရောင်တွင်းကြီးထဲကို လွင့်စဉ်ကျသွားတာပါ။

"အား"

★ ★ ★

ရန်ကုန်မှ မန္တလေးမြို့ဆီသို့ ဦးတည်ရွေ့လျား ထွက်ခွာလာသော အဝေးပြေးကားတစ်စီးပေါ်တွင် ခရီးသည်အယောက်လေးဆယ်ခန့် လိုက်ပါလာသည်။ ကျွန်တော်၏ ရှေ့တစ်ခုံကျော်တွင် ကောင်မလေးတစ်ယောက်နှင့် အသက်ခြောက်ဆယ်ခန့် အဘွားကြီးတစ်ဦး လိုက်ပါလာသည်။ မြေးအဘွားနှစ်ဦး ဖြစ်ဟန်တူပါသည်။ သူတို့ စကားပြောသံထဲတွင် ဘုရားဖူး၊ တရားစခန်း စသည်တို့ ပါဝင်နေသဖြင့် ကုသိုလ်ကောင်းမှုခရီးစဉ်တစ်ခုဟု





ဆိုရပါမည်။ ဤတွင် ကျွန်တော်၏ခရီးစဉ်ကို ဖွင့်ပြောပြရမှာပင် ခပ်ရှုပ်ရှုပ် ဖြစ်မိသည်။ ကျွန်တော်၏ရည်ရွယ်ချက်မှာ ရန်ကုန်-မန္တလေး-ပြင်ဦးလွင်ရှိ သူငယ်ချင်းများနှင့် တွေ့ဆုံကာ အပျော်ခရီးထွက်ခြင်း၊ ကျွန်တော်တည်ထောင်ထားသော တီးဝိုင်းကိစ္စ ဆွေးနွေးခြင်း၊ စားသောက်ပျော်ပါးခြင်း စသည်…စသည်။

ကျွန်တော်၏ ရှေ့တစ်ခုံကျော်မှ ကောင်မလေးက တော်တော်လှပါသည်။ လှသည်ကို စာဖွဲ့ပြရလျှင် တော်တော်ခက်ခဲသော ကိစ္စဟု ဆိုရမည့်ကိစ္စပင်။ ရှည်လျားကော့ပျံသော ဆံနွယ်ရှည်ရှည်များ၊ ဖြူဝင်းသော အသားအရေ၊ မိုးပြာရောင် ဝါဝန်ကလေးနှင့်ဆိုတော့…။

ကောင်မလေးသည် ကျွန်တော်ထိုင်နေရာ ခုံရှိရာသို့ တစ်ခါတစ်ခါ မသိမသာ လှည့်ကြည့်တတ်ပါသည်။ သူမ၏ မျက်ဝန်းများ လှပတောက်ပကြောင်း ခံစားမိပါသည်။

ကျွန်တော်၏ အတွေးမဆုံးမီမှာပင်…

ကြောက်မက်ဖွယ် ကျယ်လောင်စူးရှလှသော တိုက်မိသံကြီးနှင့်အတူ အော်ဟစ်ဆူညံသံများ၊ လဲပြိုကျသံများ။

ကျွန်တော်၏ခန္ဓာကိုယ်နှင့် အသိစိတ်သည် ပြိုကွဲလွင့်စဉ်ကာ…။

ကျွန်တော်ဟာ အမှောင်ထုထဲကို ခုန်ချလိုက်ပါသည်။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆေးရုံပေါ်တွင် သတိလစ်မေ့မြောနေသည်မှာ နှစ်ရက်ရှိပြီဟု မေမေက ပြောပါသည်။ မေမေကတော့ ကျွန်တော့်ကို စိုးရိမ်တကြီးမျက်နှာ၊ မျက်ရည်စက်လက်ဖြင့် ကြည့်ရှုအကဲခတ်နေပါတယ်။

မေမေ၏ မျက်ဝန်းများတွင် တစ်ဦးတည်းသော သားတစ်ယောက်ကို မတော်တဆ လက်လွှတ်ဆုံးရှုံးရတော့မည့်ကဲ့သို့ လွန်မင်းစွာ စိုးရိမ်ပူပန်သောကမျိုးဖြင့် ခံစားနေရကြောင်း သိသာပါသည်။ ကျွန်တော် သတိလစ်မေ့မြောနေတာ နာရီပေါင်း ၄၈ နာရီကျော်ပြီး ယခုမှ သတိရလာခြင်း ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ပြောပါသည်။ မေမေနှင့် ဆေးရုံအုပ်ကြီးသည် ငယ်သူငယ်ချင်းများဖြစ်ရာ ဖေဖေကတော့ မြစ်ကြီးနားဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်သည်။ ကျွန်တော် ဆေးရုံပေါ်ရောက်ရောက်ချင်း ဖေဖေရောက်ရှိလာပြီး အရေးပေါ်ကိစ္စ ပေါ်ပေါက်လာသဖြင့် မြစ်ကြီးနားသို့ပြန်သွားရကြောင်း မေမေ ပြောပါသည်။

ကျွန်တော် သတိရရချင်း ရှေ့တစ်ခုကျော်မှ ကောင်မလေးအကြောင်းကို မေးလိုက်မိပါသည်။ မေမေသည် ဆောင်းနှင်းဝေဟူသော အမည်ကို ကြားလိုက်ရသည်နှင့် ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပျက်ယွင်းသွားပါသည်။

ကျွန်တော်နှင့် ဆောင်းနှင်းဝေကို ရေးမူလကပင် သိကျွမ်းနေသည်ဟု မေမေ ထင်မြင်ယူဆထားပုံလည်း ရပါသည်။ အမှန်





တော့ ဆောင်းနှင်းဝေဆိုသော ကောင်မလေးကို စကားပင် ပြောဖူးသူမဟုတ်ပါ။ ဘယ်တုန်းကမှလည်း သူမနှင့် ရင်းနှီးကျွမ်းဝင်ဖူးခြင်း မရှိခဲ့ပါ။ ကျွန်တော်တို့နှစ်ယောက် အိပ်မက်ထဲတွင်သာ တွေ့ဆုံခဲ့ခြင်း ဖြစ်ပါသည်။ ထိုအကြောင်းတွေကို မေမေ့ကိုပြောပြလျှင် မေမေယုံကြည်ပါ့မလား။

ကောင်မလေး ဘယ်ဆီကို ရောက်သွားပါသလဲ။ ကျွန်တော် သိချင်ပါသည်။ ကျွန်တော်၏ ဘယ်ဘက်ခြေထောက်သွင်သွင်ကျိုးသွားသည်ကိုပင် ကျွန်တော် ဂရုမစိုက်နိုင်ဘဲ ကောင်မလေးကိုသာ သတိရနေမိပါသည်။

မေမေသည် ပျက်ယွင်းသွားသော မျက်နှာကို တည်ငြိမ်စွာပြင်လိုက်ပြီးလျှင် -

"သူရှိပါတယ် သားရဲ့။ ခု သူက ဒဏ်ရာနည်းနည်းပြင်းတော့ အထူးကြပ်မတ်ဆောင်ကို ပို့ထားရတယ်"

မေမေသည် စကားကို ထိုမျှသာပြောပြီး ကျွန်တော်၏ မေးခွန်းများ ထပ်မလာမီမှာပင် မသိကျိုးကျွန်ပြုကာ စားပွဲပေါ်မှ ဆေးပုလင်းတွေကို ဟန်ဆောင်ပန်ဆောင် ရှင်းလင်းနေပါသည်။

သည်လိုနှင့်...။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ဘဝတွင် ကြောက်မက်ဖွယ်ရာ ဖြစ်ရပ်ဆိုးကြီးကို ရင်ဆိုင်ဖြတ်သန်းလာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်တိတိကြာမြင့်ခဲ့ပေပြီ။ ထိုအဖြစ်ဆိုးကြီးသည် ရံဖန်ရံခါဆိုသလိုပင် ကျွန်တော်၏အတိတ်ကို ခြောက်လှန့်နေခဲ့သည်။ ဖြစ်ရပ်များသည် မနေ့တစ်နေ့ကလိုပင် ရှင်သန်ထမြောက်နေဆဲပင်။

ယနေ့သည် ကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီးကို ဖြတ်သန်းလာခဲ့သည့် ဆောင်းရာသီအစ၏ နေ့ရက်ဖြစ်သည်သာမက ကျွန်တော့်ဘဝအတွက် အထူးခြားဆုံးသော မှတ်တိုင်တစ်ခုဟုဆိုက မှားမည်မဟုတ်ပေ။ "New Dawn" တေးဂီတခေါင်းဆောင် ကျွန်တော်နှင့် ဒေါက်တာကေသီလွင်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စများကို ကျွန်တော်၏ ဂီတမိတ်ဆွေသူငယ်ချင်းများနှင့် ဆောင်ရွက်ပြီးနောက် နေအိမ်သို့ ပြန်လာခဲ့ချိန် ဖြစ်သည်။

ကျွန်တော်၏ ဖေဖေနှင့် မေမေသည် လူမှုကိစ္စတစ်ခုဖြစ်သည့် လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်သားမွေးခြင်း စသည့် လူသားတာဝန်ကို ထမ်းဆောင်ရန် နောက်ကျအရွယ်လွန်နေပြီဖြစ်သော ကျွန်တော့်ကို သူတို့သဘောတူနှစ်မြို့က်သည့် ဒေါက်တာကေသီလွင်နှင့် သဘောတူ စေ့စပ်ကြောင်းလမ်းခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာကေသီလွင်သည် အဖက်ဖက်က ပြည့်စုံသော အမျိုးသမီးတစ်ယောက် ဖြစ်သည်မှန်သော်လည်း ကျွန်တော် သူမကို မချစ်ပါ။ လက်ထပ်သင့်သည့် အမျိုးသမီးတစ်ယောက်ထက်





လည်း မပိုပါ။ သူမတွင် ချို့ယွင်းချက်၊ အားနည်းချက်များမရှိဟု ယုံကြည်ပါသည်။

ကျွန်တော်သည် စိတ်ထွေပြားပြီး ငြီးစီစီဖြစ်နေသဖြင့် ခြံတံခါးမကြီးကို ပိတ်ရန် လျှောက်လာစဉ် ခြံဝသို့ ဦးတည်မောင်းနှင်လာသော အနက်ရောင် ပရာဒိုကားတစ်စီးကို သတိထားမိလိုက်ပါသည်။ မည်သည့်ဧည့်သည်ပါလိမ့်ဟု ကျွန်တော်စဉ်းစားနေမိစဉ်မှာပင် ကားတံခါးပွင့်သွားပြီး ကောင်မလေးတစ်ယောက်ဆင်းလာသည်။ ကောင်မလေးသည် မိုးပြာရောင် အထက်အောက်ဆင်တူဝတ်စုံကလေးကို ဝတ်ဆင်ထားပြီး နွာမြင့်ဖိနပ်အပြာကလေးကို စီးထားပါသည်။ ကောင်မလေးသည် ကားတံခါးကို မပိတ်သေးဘဲ ကျွန်တော့်ကို လှမ်းကြည့်နေသည်။ ကျွန်တော်ကလည်း လှမ်းကြည့်လိုက်မိသည်။

ရုတ်ခြည်းပင် ပတ်ဝန်းကျင်တစ်ခုလုံး လေထုမဲ့၊ အသံမဲ့၊ လှုပ်ရှားမှုမဲ့ကာ လှုပ်ရှားမှုမှန်သမျှ အားလုံး အားလုံး ရပ်တန့်ဆွံ့အသွားသည်ဟု ထင်လိုက်ရသည်။ တစ်လောကလုံး တိတ်ဆိတ်သွားသည်။ တစ်ကမ္ဘာလုံးရှိ တိတ်ဆိတ်မှုမှန်သမျှ ဤနေရာကို ရောက်ရှိနေသလို ခံစားလိုက်ရခြင်းဖြစ်သည်။

မဖြစ်နိုင်ဘူး။ ကျွန်တော် ကောင်မလေးကို မြင်နေရတာမဟုတ်နိုင်ပါဘူး။ သူကွယ်လွန်သွားတာ နှစ်နှစ်ဆယ်ရှိပြီ။ သူ့ကိုစွဲလမ်းစိတ်နဲ့ မြင်နေရတာ။ မဟုတ်ဘူး...သူသေဆုံးသွားတာ

www.burmeseclassic.com



ကြာပြီ။ လောကကြီးမှာ သူမရှိတော့ဘူး။

အမှန်ပင် အပြာနုရောင် အရိပ်ကလေးတစ်ခု ခြံဝမှာ ရပ်နေသည်။ အသက် (၁၉)နှစ်ခန့်ရှိမည်ထင်ရသော မည်းနက်တောက်ပသော မျက်ဝန်းလက်လက်များနှင့် လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ကောင်မလေးတစ်ယောက်နှင့် ထပ်တူထပ်မျှ လှပမင်းစွာ အလွန်တူသော ကောင်မလေးတစ်ယောက်သည် အံ့သြတကြီး အမူအရာနှင့် ငေးကြည့်နေရာမှ ခြေလှမ်းကို စ၍ရွေ့လျားလိုက်၏။ သူမမျက်လုံးများက ရုတ်ခြည်း ရီဝေသွား၏။ ညှို့မှိုင်းပြာဝေသွားသည်။

ကျွန်တော်သည် လက်ထဲမှ ခြံတံခါးသော့တံကို လွှတ်ချလိုက်ပါသည်။ ကျွန်တော်သည် လူပျိုပေါက်စကလေးတစ်ယောက်ကဲ့သို့ နှလုံးသွေးတွေ တဆတ်ဆတ်တုန်ခါနေသည်။

ကောင်မလေးသည် ရှည်လျားသော ဆံနွယ်များကို ဖွာခနဲဝဲလွင့်စေကာ လေးလံသော ခြေလှမ်းများဖြင့် ရွေ့လာလေပြီ။ ကောင်မလေး၏ မျက်ဝန်းများကို ကျွန်တော် လုံးဝမှတ်မိသွားသည်။ နှုတ်ခမ်းများကို မှတ်မိသွားသည်။

တိတ်ဆိတ်မှုသည် နက်ရှိုင်းရာမှ ပြိုကွဲသွားသည်။ မလှုပ်မယှက် ငေးမောနေသော ကောင်မလေး၏ မျက်ဝန်းများသည် မှုန်မှိုင်းရီဝေသွားရာမှ နှုတ်ခမ်းများသည်လည်း ချိုမြသောအပြုံးဖြင့် တောက်ပသွားခဲ့သည်။





ကျွန်တော်၏ စိတ်အလျဉ်သည် လွန်ခဲ့သော နှစ်နှစ်ဆယ်က ညတစ်ညကို လုံးဝမှတ်မိသွားသည်။ ကြေကွဲသော ညတစ်ညကို နာကျင်စွာ သတိရမိသွားသည်။

ကောင်မလေးသည် အပြေးတစ်ပိုင်းဖြင့် ကျွန်တော့်ထံသို့ လျှောက်လာသည်။ အိပ်မက်တစ်ခုကို ပွေ့ပိုက်သယ်ဆောင်လာသည်။

"အို…ရှာလိုက်ရတာ မော်ဇင်ရယ်၊ မြန်မာပြည်အနှံ့ပဲ။ အို…ဆောရီးနော်…ဆောရီး…ဦးမော်ဇင်ရယ်"

လရောင်ထိမှန်ထားသော အိပ်မက်တစ်ခု ပြုတ်ကျသွားသည်။ ထိုအိပ်မက်တစ်မျိုးတည်းကို မက်ခဲ့ဖူးသူ ကမ္ဘာပေါ်တွင် နှစ်ယောက်တည်းသာ ရှိလိမ့်မည်။

**မင်းဘုန်းသိခ်ိသူ**



www.burmeseclassic.com

www.burmeseclassic.com



## အစိမ်းသေမြနှင်း နှင့် မျက်နှာပွင့် ဗီယသနပ်ခါး

# ရွှေဘုန်းကံ

ည၏ သိပ်သည်းသော အမှောင်ထုကြီးထဲ၌ လော
ဝန်းကျင်တစ်ခုလုံး စုန်းစုန်းမြုပ်နေသယောင် ထင်ရသည်။ ကောင်
ကင်အနက်ထည်ရင့်ရင့်ထဲ၌ ဟိုတစ်စ၊ ဒီတစ်စ အစက်အပြောက်





အရွန်းသဖွယ် ကျဲပြန့်နေသည့် ကြယ်ပွင့်အစအနတို့၏ အလင်းစက်များကမူ ကျောက်နွားသိုးတောင်နှင့် ကျောက်နွားသိုးရွာကလေးအား မှုန်ရီပိုးတဝါး လွှမ်းခြုံထား၏။ ကျောက်နွားသိုးရွာမှာ ရန်ကုန်-မန္တလေးလမ်းမကြီး၏ အနောက်ဘက် မိုင်နှစ်ဆယ်ခန့်ကွာလှမ်းပြီး ပဲခူးရိုးမ၏ အစပ်ဖျားၜ တည်ရှိလေသည်။ အိမ်ခြေတစ်ရာကျော်ဝန်းကျင်ခန့် တည်ရှိပြီး ရိုးမအခြေ ရွာများထုံးစံအတိုင်း တောင်ယာကိုင်းလုပ်ငန်း၊ ဘူး၊ ဖရုံ၊ သခွား၊ ငှက်ပျောခြံလုပ်ငန်းများနှင့် လယ်ယာချောင်းမြောင်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။

ရံဖန် ရိုးမထဲဝင်၍ တောတက်၊ ထင်းခုတ်၊ ဝါးခုတ်လုပ်ငန်းများဖြင့်လည်း မကင်းနိုင်ကြပါချေ။ ရှေးနှစ်ပေါင်းများစွာကနေ ရွာဖျားရွာသိမ်လေးအဖြစ်ကနေ အိမ်ခြေတစ်ရာကျော်ထိ ပြန့်ကားလာသည့် ရွာလည်းဖြစ်သည်။ ရွာနှင့် ရိုးမအစ ကျောက်နွားသိုးတောင်ကြီးအခြေထိတိုင် ကျယ်ပြန့်သော တောင်ယာကိုင်းများ၏ ဖတ်ချာလည်ဝိုင်းရံထားသကဲ့သို့ တည်ရှိသည်။ ကျောက်နွားသိုးတောင်ကြီးကမူ ပေပေါင်း ၁၀၀၀ ကျော်ခန့် တည်ရှိပြီး အလယ်မှ ချွန်းထွက်နေသည့်တောင်မှာ တကယ့် နွားလပို့ကြီးကဲ့သို့ နေ့ဘက်တွင်မူ ထင်ရှားစွာ ပေါ်လွင်နေလေသည်။

ရွာအနောက်ဘက် စည်းရိုးကနေ ရိုးမအစပ်သို့ ထင်းခုတ်၊ ဝါးခုတ်သွားကြရာ လှည်းလမ်းကြောင်းဖုံဖုံကမှ ကွေ့ဝိုက်



www.burmeseclassic.com

www.burmeseclassic.com



စွာ တည်ရှိနေသည်။ ကောင်းကင်ရင်ခွင်ကြီးထဲမှ စိန်ပွင့်အစအန တို့၏ အလင်းရိပ်ပျပျကြောင့် လှည်းလမ်းကြောင်းသည် အဝေးမှ လှမ်းကြည့်လျှင် တွန့်လိမ်ကောက်ကွေးစွာ ကျောက်နွားသိုးတောင် ခြေနှင့် ကျောက်နွားသိုးသုသာန်ကြီးသို့ ရွေ့လျားသွားနေသယောင် ထင်မှတ်ရလေသည်။ မသိလျှင် အမှတ်တမဲ့ဆိုပါက မြွေကြီးတစ် ကောင်ပမာ ထင်ရလေသည်။

ကျောက်နွားသိုးတောင်ကြီးနှင့် ရိုးမမှာ ကျောက်နွားသိုး ရွာကြီး၏ အနောက်ဘက်၌ တည်ရှိနေပြီး တောင်၏အခြေမရောက် ခင် အနောက်တောင်ထောင့်ဘက်၌မူ ကျောက်နွားသိုးသုသာန် သင်္ချိုင်းက တည်ရှိနေလေသည်။ တစ်ခုတည်းသော ကျောက်နွား သိုးသင်္ချိုင်းလည်း ဖြစ်သည်။

★ ★ ★

အချိန်က ညဦးယံစအချိန်ပင် ဖြစ်သော်လည်း လမိုက် သည့် ရက်လည်းဖြစ်၊ ရိုးမရိပ်လည်း ရှိနေသဖြင့် အမှောင်ထုက ပိုမိုသိပ်သည်း ရင့်မှောင်နေခြင်းဖြစ်သည်။ လကွယ်ညမဟုတ်၍ လည်း သက်ကြီးခေါင်းချချိန်ခန့်လောက်ဆိုပါလျှင် လတံစဉ်ကွေး က ထွက်ပြူလာတတ်မြဲ ဖြစ်သည်။

"အု…ဂူး…အူး"





"ဝု…ဝု…အူ"

"ရစ်…ဂီး…ဂီး"

ကျောက်နွားသိုးရွာ စည်းရိုးအစပ်လောက်ဆီမှ ရွာစွန်ရှိ ခွေးလေခွေးလွင့်တို့၏ အ,မင်္ဂလာငှက်ဆိုးထိုးသံနှယ် ကျက်သရေ မရှိ ချောက်ချားဖွယ် ဆွဲငင်စွာ အူလိုက်သံတွေက အမှောင်ထုထဲ ဖရိုဖရဲ ပျံ့လွင့်လာလေသည်။ အမှောင်ထုနှံ့ရဲ့ ထိရိုက်လွင့်စဉ်သွား သည့် ဆွဲဆွဲငင်ငင် ခွေးအူသံတွေက လေပြေနှင့်အတူ ကျောက် နွားသိုးရွာဝန်းကျင်တစ်ဝိုက် လေစီးကြောင်းနှင့်အတူ အနိမ့်အမြင့် သံစဉ်မတူစွာ ကူးလူးဖြတ်သန်းသွားသည်။

ဒီကြားထဲ မမြင်ရသော အမှောင်ပြင်ကြီးထဲ အတောင် ခတ်သံ တိုးသဲ့သဲ့ဖြင့်အတူ လျှင်မြန်စွာ ရွာစည်းရိုးပေါ် ဖြတ်သန်း သွားသည့် လင်ကောင်ပိုးငှက်ခေါ် ငှက်ဆိုးတစ်ကောင်၏ တဂစ် ဂစ်မြည်သံကလည်း ညနက်ထဲ မင်္ဂလာမဲ့စွာ တိုပြတ်ပြတ် လွင့်ကျန် ရစ်ခဲ့သည်။

သို့သော် တစ်ခုထူးခြားနေသည်။

ယင်းမှာ ကျောက်နွားသိုးရွာထဲမှ အချို့သော ခြံဝိုင်း၊ အိမ်ဝိုင်းအချို့မှလွဲ၍ မည်သူမျှ ရွာတွင်း အကူးအသန်း၊ အသွား အလာမပြုကြတော့သည့် ညဦးယံအချိန်မှာပင် ရွာစပ်စည်းရိုးမှနေ ၍ မှုန်ပြေပြေလေး လင်းရိနေသော လှည်းလမ်းဖုန်ဖုန်ထက် အရိပ် သဏ္ဌာန်အချို့က အမှောင်ထဲ လှည့်လည်သွားလာပြီး စားကြွင်း



www.burmeseclassic.com

www.burmeseclassic.com



စားကျန်၊ ထမင်းစေ့အကြွင်းအကျန်တို့အား ရှာဖွေစားသောက်ကြသည့် ပရလောကသား တစ္ဆေသရဲ၊ ဝိညာဉ်တွေနှယ် မှုန်တရီ အလင်းရိပ်အောက်၌ လှုပ်ရှားယိမ်းထိုးနေလေသည်။

အမှတ်တမဲ့ မြင်တွေ့လိုက်ရသူဆိုပါလျှင် နာနာဘာဝ၊ ဝိညာဉ်၊ တစ္ဆေသရဲ၊ ဖုတ်ပြိတ္တာများ သွားလာနေသည်ဟုပင် မှတ်ထင်သွားပေမည်။

လက်ခနဲရွေ့လျားသွားပါသော အလင်းစက်တန်းတစ်ခုက လှည်းလမ်းကွေ့ကောက်ကောက် ဖုန်တုန်တုန်လေးနံဘေးရှိ တောပိစပ်ပင်၊ နဘူးချုံနွယ်များနှင့် ကနစိုပင်၊ ကြက်ရန်းပင်၊ လောက်သေပင်ငယ်များအကြား လက်ခနဲ လက်ခနဲ ယိမ်းထိုးပြီး ရုံဖန်ပေါ်ပေါက်နေလေသည်။

အလင်းစက်တန်းကြောင့် ဖလူးခနဲ ဖလူးခနဲ မြေဝပ်ငှက်အချို့လည်း သစ်ပင်ငယ်၊ ချုံနွယ်ခြေများကနေ ကြောက်လန့်တကြား သွေးရူးသွေးတန်း အမှောင်ထဲ မျက်ကန်းဆင်စမ်းသလို ထပျံပြေးသွားကြလေသည်။

"ဖလူး…ဖျတ်…ဖျတ်"

"အု…ဝူး၊…အု…အူး…"

"တောက်…ဒီငှက်အူသံတွေကလည်းကွာ၊ ခုချိန်ထိအောင် ငါတို့နောက် လိုက်လာနေသေးတယ်"

"လေသင့်လို့ပါကွာ။ ဘာလဲကွ…မင်းကကြောက်နေလို့





လား ဘန်ဒူးရ"

"ဟ…လူပဲကွ၊ မကြောက်ဘယ်ရှိပါ့မလဲ။ ငါ့ကျကြောက်သလေး ဘာလေး ပြောရအောင် မင်းကရော မကြောက်ဘူးဆိုပါတော့။ ဟုတ်လား…လန့်ဘား"

"ဟို…အဲ…အဲသလို မဟုတ်ဘူးလေကွာ။ ငါလည်းကြောက်တယ်ဆိုပေမဲ့ ခု မင်းတို့၊ ဆရာသိုက်တို့လုပ်မယ့် တစ္ဆေခေါ်ပွဲကို မမြင်ဖူးလို့ လိုက်ခဲ့တာကွ။ ငါ့မှာ ရွာကျောင်းဆရာတော်ပေးထားတဲ့ ပရိတ်ကြိုး ပါတယ်ကွ"

"အေးလေ။ မင်း ပရိတ်ကြိုးအစွမ်းကို ဟိုရောက်တော့ သိရမှာပေါ့ကွာ"

တစ္ဆေတွေလို ယိမ်းထိုးနေသော အရိပ်သဏ္ဌာန်တွေဆီမှ ခပ်သဲ့သဲ့ ကျိတ်၍ပြောဆိုသံက ထွက်ပေါ်လာသည်။ အရိပ်သဏ္ဌာန်များမှာ မကောင်းဆိုးဝါး၊ နာနာဘာဝ ဝိညာဉ်များသဖွယ် ပူးကပ်သွားလိုက်၊ ခွာလိုက်၊ အစုနှစ်ခုကွဲသွားလိုက် ဖြစ်နေလေသည်။ ယင်းအရိပ်သဏ္ဌာန်များမှာ တည်ငြိမ်မှုမရှိပါဘဲ ဟိုယိမ်း၊ ဒီယိမ်း လှုပ်ရှားယိမ်းနွဲ့နေကြခြင်း ဖြစ်သည်။

"အေ့…ဟေ့ကောင်တွေ၊ ဘာဖြစ်လို့ သောက်စကားများနေကြတာလဲ။ အေးအေးဆေးဆေး လိုက်ကြတာမဟုတ်ဘူး။ ငါတစ်ခုတော့ပြောမယ်။ ဒီအချိန်က အပုပ်ချိန်။ အပုပ်ချိန်ဆိုတော့ အပုပ်အစပ်တွေကြိုက်တဲ့ တစ္ဆေသရဲ၊ ဖုတ်ပြိတ္တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားတွေ အစာရှာထွက်ပြီး လှည့်နေကြတဲ့အချိန်ကွနော်။ ငါ့စကား နားမထောင်ရင် ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ"

"ဟာ...ဟုတ်ကဲ့ ကိုကြီးသိုက်။ မပြောတော့ပါဘူး"

"ဂစ်...ဂီး...ဂီး"

"ဟော...တွေ့လား၊ တို့ခေါင်းပေါ်က ငှက်ဆိုးဖြတ်ပြန်သွားတာ။ အဲဒီ ငှက်ဆိုးဆိုတဲ့ သတ္တဝါက သူ့အော်ရင်းဖြတ်ပျံရင် အဲဒီအိမ်၊ ဒါမှမဟုတ် ရွာ တစ်ခုခုဖြစ်တော့တာပဲ"

"ဟာ...ဆ...ဆရာသိုက်၊ ဒါဆို ကျွန်...ကျွန်တော်တို့ထဲက တစ်ခုခု..."

"ချီးတဲ့မှ။ ဘန်ဒူး...မင်းပါးစပ်ပေါက် မူးရင်လည်း ပိတ်ထားစမ်းကွာ။ သွားမှာက သချိုင်း။ မင်းပါးစပ်ပုပ်ကြီးနဲ့"

အလယ်ခေါင်မှ အရပ်ရှည်ကိုင်းကိုင်းတစ်ယောက်က ဒေါသသံဖြင့် လေသံအုပ်အုပ်ဖြင့် ကျိတ်ပြောလိုက်သဖြင့် ဘန်ဒူးဆိုသော ညာဘက်စွန်မှ ပုပြတ်ပြတ်အရိပ်ထံမှ ဘာအသံမျှ ထွက်ပေါ်မလာတော့။

အရိပ်တွေမှာ စုစုပေါင်း ငါးခုဖြစ်လေသည်။

ရှေ့ဆုံးမှ အရိပ်သဏ္ဍာန်မှာ ဦးစီးဦးဆောင်ဖြစ်ဟန်ဖြင့် ရှေ့ကနေ ယိုင်တိယိုင်ထိုးဖြင့် ခပ်သွက်သွက် သွားနေလေသည်။ အမှန်တကယ်မှာမူ ယင်းအရိပ်သဏ္ဍာန်ငါးခုမှာ နာနာဘာဝဝိညာဉ်လောကသားများမဟုတ်ဘဲ သက်ရှိလူသားများဖြစ်ပြီး သူ





တို့၏ ပုံပန်းသဏ္ဍာန်နှင့် ပြောပုံဆိုဟန်များအရ အရက်မူးနေကြဟန် ပေါ်လွင်နေ၏။

ကောင်းကင်နံရံ၌ တွဲရရွဲချိတ်တွယ်နေပါသော ကြယ်ပွင့်ကြယ်စအချို့၏ အလင်းရိပ်တို့အပြင် ခပ်ကွေးကွေးလေး တိမ်မည်းညိုများကြားမှ တွန်းထိုးထွက်လာသည့် လကွေးလေးအလင်းဖြင့် အရာရာကို မပီဝိုးတဝါး စတင်မြင်တွေ့လာရလေပြီ ဖြစ်သည်။

ရှေ့ဆုံးမှ ယိမ်းထိုးနေသောသူ၏ လက်ထဲ၌ အထုပ်တစ်ထုပ်အား ညာလက်၌ တင်းကျပ်စွာ ဆွဲကိုင်ထားသည်။ ယင်းနောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြပါသော လူလေးယောက်မှာလည်း ပုပုကွကွ၊ ပိန်ရှည်ရှည် အစရှိသဖြင့် အသွင်သဏ္ဍာန်မျှသာ ကွာခြားကြပါသော်လည်း တူညီမှုမှာ ကိုယ်စီလက်ထဲ၌ အထုပ်ကိုယ်စီပါကြပြီး နှစ်ယောက်မှာမူ ပိတ်လွယ်အိတ်ကြီးများအား စလွယ်သိုင်းလွယ်ထားကြခြင်း ဖြစ်သည်။

ထိုစဉ် ရှေ့ဆုံးမှလူက -

"ဟေ့ကောင်တွေ၊ ကိုယ့်ပစ္စည်းကိုယ် ထိန်းကြကွဟေ့နော်"

"ဟာ...စိတ်ချ ကိုကြီးသိုက်...ဟာ...ဟာ"

"ဟေ့ကောင်...ဘာ...ဘာလဲကွ"

"ကျွန်...ကျွန်တော့်...အထုပ်...အထုပ်"

"ဘာကြောင်တာလဲကွ။ မင်းအထုပ် မင်းလက်ထဲမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"လက်…လက်ထဲမှာတော့ ဟုတ်တယ်။ ဒါပေမဲ့ပေါ့…ပေါ့"

"နေဦး…ငါဓာတ်မီးထိုးကြည့်မယ်"

ကတုန်ကယင်ဖြင့် ဗလတောင့်တောင့်လူ၏ စကားမဆုံးခင် နောက်ဆုံးမှလူထံမှ ဖျတ်ခနဲ အလင်းရောင်တန်း ပေါ်လာပြီး ရှေ့မှလူ၏ ညာလက်ဖြင့် ကိုင်ဆွဲထားသည့် အထုပ်ထဲသို့ စူးခနဲ ဖြာဆင်းသွားသည်။

"ဟာ…"

"ဟေ့ကောင်တွေ…ဘာဖြစ်တာလဲ"

"မ…မရှိတော့ဘူး ကိုကြီးသိုက်"

"ဘာလဲကွ၊ စကားက အရင်းမရှိ၊ အဖျားမရှိ။ ဘာမရှိတာလဲကွ"

"ပစ်…ပစ္စည်း…မ…မရှိတော့တာ။ ကျုပ်ကိုင်ထားတာ ခဲလုံးကြီး"

"ဘာ…"

ရှေ့ဆုံးမှ ကိုကြီးသိုက်ဆိုသူ၏ ပါးစပ်မှ ဘာဆိုသော စကားသံကြီးက ညဦးအမှောင်ထဲ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မယုံ၍ ချာခနဲခြေလှမ်းကျဲကြီးတွေနှင့် ဓာတ်မီးဖြင့် ထိုးထားသည့် ဘန်ဒူး၏လက်ထဲမှ ကျွတ်ကျွတ်အိတ်နက်ထဲသို့ လှမ်းကြည့်လိုက်သည်။





"ဟာ…"

ကြွပ်ကြွပ်အိတ်နှစ်ထပ်ဖြင့် လုံခြုံအောင် ထည့်လာသော အရာက အိတ်တွင်းၞ ရှိမနေပါဘဲ ဓာတ်မီးရောင်အောက်၌ ကြီးမားသည့် မြေစာကျစ်စာခဲကြီးကို အံ့သြဖွယ်တွေ့လိုက်ရ၍ ဆရာသိုက်၏ နှုတ်ဖျားမှ အာမေဍိတ်သံပင် ထွက်ပေါ်သွားသည်။

"ဟုတ်ရဲ့လားကွ"

"ဟာ…ကိုကြီးသိုက်အမြင်ပဲလေဗျာ…အေ့။ ကျုပ်တစ်လမ်းလုံး ကိုင်လာတာပဲ။ ကိုကြီးသိုက်က ပစ္စည်းတွေ ဂရုစိုက်ဆိုလို့ သတိရပြီး ကြည့်လိုက်မိတာ။ ခဲကြီးဖြစ်နေတာ တွေ့…တွေ့ရတာပဲ။ အမဲသားတွဲကြီးက ဘယ်…ဘယ်ရောက်သွားလဲ မသိဘူး။ အံ့…အံ့သြစရာကြီး"

"တောက်…ဒါ…ငါ့ကို ပညာစမ်းတာကွ"

"ဘယ်…ဘယ်သူလဲ ဆရာသိုက်"

ကြောင်စီစီရပ်နေသည့် ဘန်ဒူး၏ ညာဘက်မှ လန်ဘားက ရှေ့ရှိ ဒေါသဖြင့် တက်ခေါက်လိုက်သည့် ဆရာသိုက်ကို မဝံ့မရဲမေးလိုက်၏။ ဆရာသိုက်က ဆတ်ခနဲ လှမ်းကြည့်ရင်း-

"တောက်…ဘယ်သူရမလဲကွ။ မင်းအဘ၊ မင်းပထွေး တစ္ဆေသရဲတွေပေါ့ကွ။ ခု ငါတို့ရဲ့ အမဲသားတွဲကို ခိုးပြီး အလဲစ်နှိုက်သွားတာ။ ရွာထဲက သရဲလား၊ သုသာန်ကုန်းက ကောင်တွေလား မသိရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှဲ…ရှဲ…ဖ…ဖရော"

"ဟာ…"

"ဆ…ဆရာသိုက်…အပုပ်…အပုပ်နံ့ကြီးဗျ"

သူတို့လူစု ရပ်တန့်နေရာ အနီးဝန်းကျင်ရှိ ကိုင်းမြက်ရှည်များနှင့် သစ်ပင်များ၊ ဝါးရုံပင်အချို့က တရှဲရှဲ ဝှေ့ယမ်းလှုပ်ခါလာသည်။ သူတို့ သုသာန်သချိုင်းသို့သွားရာ တောလမ်းအစပ်သို့ ရောက်နေကြပြီဖြစ်သည်။ ထူးခြားစွာ အပုပ်နံ့ကြီးက အားလုံး မခံမရပ်နိုင်အောင် ဝန်းကျင်တစ်ခုလုံး ထောင်းထောင်းထနေလေသည်။ ဆရာသိုက်၏မျက်နှာက ကြယ်ရိပ်ပျပျ၊ လရိပ်လဲ့လဲ့ အောက်မှာပင် ခက်ထန်တင်းမာနေလေသည်။

"တောက်…တွေ့ကြသေးတာပေါ့ကွာ။ ဟောကောင်တွေ၊ ကျန်တဲ့ပစ္စည်းတွေ သတိထား။ လက်ထဲက ဘယ်ကောင် လာလုလု မပါစေနဲ့"

★ ★ ★

ညမိုက်၏ တိမ်ညိုတိမ်မည်း ပါးပါးလွှလွှတို့က ဟိုတစ်စ ဒီတစ်စ အတန်ငယ် ဖယ်ရှောင်သွားကြသဖြင့် လတံစဉ်ကွေး၏ အလင်းပျပျက ပိုမို၍ တောက်ပလာသယောင် ထင်ရသည်။ တောလမ်းဖုန်ဖုန်လေး၏ အဖြောင့်အတန်း၊ အကွေ့အဝိုက်ကိုပင် အလင်း





ပျပျအောက် မြင်တွေ့နေရ၏။ ညိုမှောင်ပြီး အနက်ထုထည်ကြီးပမာ တောလမ်း၏ အနောက်ဘက်ရှိ ကြီးမားသည့် သစ်ကြီးဝါးကြီးတို့ အထက်တွင် ကျောက်နွားသိုးတောင်ကြီးက သူတို့လူစုအား စီးမိုးငုံ့ကိုင်းကြည့်နေသယောင်။

ဆရာသိုက်က ဦးဆောင်သူဖြစ်၍ ရှေ့ကနေ ခြေလှမ်းကျဲကြီးများဖြင့် ရှေ့ကနေ သွားနေသည်။ ဆရာသိုက်နောက်မှ လန်ဘားနှင့် ဘန်ဒူးက တစ်တွဲ၊ ဒွေးမြင့်နှင့် ပေတူးတို့က တစ်တွဲ ဆရာသိုက်၏ ခြေလှမ်းကျဲကျဲများအား မီအောင်လိုက်နေကြရလေသည်။ သို့သော်လည်း ဒီည လမိုက်ညဖြစ်၍ ဆရာသိုက်အစီအစဉ်ရှိ၍ သူတို့၏ နဂိုကမှ သိပ်မကောင်းလှသည့် သတ္တိများကို ရဲဆေးတင်သည့်အနေဖြင့် ရှာစပ် ဂန်ဖလားအရက်ပုန်းဆိုင်၌ အရက်နှစ်လုံးကုန်အောင် ခွက်လှည့်မော့လာကြ၍ သွေးများက ပူနွေးနေကြသည်။ သို့သော် အရက်က အရက်ပဲဖြစ်သည်။

ကြောက်စိတ်ကလည်း ကြောက်စိတ်ပဲဖြစ်သည်။

လူသည် တစ်ခွက်တစ်ဖလားမျှသာ နားထင်နွေးရုံ၊ ရဲဆေးတင်ရုံလောက် လျှာခွတ်အာခွတ်သောက်ရုံမျှဖြင့် ယနေ့ည သူတို့ဆောင်ရွက်ကြမည့် ကိစ္စကြီးအပေါ် အကြောက်တရား ပြယ်သွားပါချေ။ အရက်အား ခါတိုင်းအလုပ်ပင်ပန်းသည့်နေ့များလို အဖော်အပေါင်းနှင့် ပုလင်းလဲ၊ လူလဲ၊ တမူးတမေ့ အသိကင်းလွတ်အောင် သောက်ကြမည်ဆိုပါက မည်သို့မျှ ကျောချမ်းဖွယ်ရေ



www.burmeseclassic.com

www.burmeseclassic.com



မလိုချေ။

ယခု သူတို့ခြေလှမ်းတွေ ဦးတည်နေရာ ကျောက်နွားသိုး တောင်ခြေနှင့် မနီးမဝေးရှိ ကျောက်နွားသိုးရွာစွန် တစပြင် သုသာန် ကုန်းသို့ပင် ဖြစ်သည်။ ဒီကိစ္စ မကြုံစည်ခင် လွန်ခဲ့သော သုံးလေး လခန့်ကတည်းက ဆရာသိုက်နှင့် အမှတ်မထင် တွေ့ကြုံမိရာမှ ဆရာသိုက်၏ တိုးတိုးတိတ်တိတ် အပြောကြောင့် ဘန်ဒူးတို့၊ ပေတူး တို့ စိတ်ပါဝင်စားလာမိခြင်း ဖြစ်သည်။ သူတို့နှင့် အရက်ဆိုင်တွင် အမှတ်တမဲ့ ဆုံတွေ့ရင်းနှီးရာမှ ဆရာသိုက်က နှစ်ကိုယ်ကြား တိုးတိုးတိတ်တိတ်ပြောပြရာမှ သူတို့ ဒီကိစ္စဆောင်ရွက်ရန် စီစဉ် ခဲ့ခြင်းဖြစ်သည်။

အမှန်ဆိုလျှင် သူတို့လူစုဖြင့် စတင်ဆုံတွေ့စဉ်ကတည်းက၊ ဆရာသိုက် စတင်ဆိုလာကတည်းက ဒီအဖြစ်၊ ဒီကိစ္စ၊ ဒီ အကြောင်းအရာကို ဘန်ဒူးတို့၊ ပေတူးတို့ ငယ်စဉ်ကပင် လူကြီး သူမတွေအပြောနှင့် နားစွန်နားဖျား ကြားဖူးသည်။ ဟုတ်လား မဟုတ်လား မသေချာ။ မကြုံတွေ့ဖူး၍ ဘန်ဒူးတို့လူငယ်အုပ်စု ဟိုတုန်းထဲကပင် စိတ်ဝင်စားသော ဖြစ်ရပ်ကိစ္စလည်း ဖြစ်သည်၊ သူတို့နှင့်ဆုံတိုင်း ဆရာသိုက်က သူတို့ကာလသားအုပ်စုအား မကြာ ခဏ ပြောဆိုလာဖန်များ၍ သူတို့ကိုယ်တိုင်လည်း အမှန်တကယ် အောင်မြင်ခဲ့ပါက လိုချင် ရချင်၍ အရဲစွန့်ကာ ရဲဆေးတင်ပြီး ဒီနေရာထိ လာနေခဲ့ကြခြင်း ဖြစ်သည်။





ပြောရပါလျှင် ဆရာသိုက်မှာ သူတို့ရွာနေပြည်တိုင် ငယ် မွေးခြံပေါက် မဟုတ်ချေ။ လန်ဘားတို့ ကျောက်နွားသိုးရွာလေး ၏ သုံးမိုင်ခန့်အကွာရှိ ပေကိုးပင်ရွာလေးမှဟု သိရ၏။ ဆရာသိုက် ၏ ဆွေမျိုးနီးစပ်ဖြစ်သူ ရွာစွန်တွင်နေထိုင်သည့် ဦးဘထူးထံ လာရောက်လည်ပတ်ရင်း အရက်ဆိုင်၌ ဘန်ဒူး၊ လန်ဘား၊ ပေတူး၊ ရွှေမြင့်တို့ဖြင့် ဆုံမိကြခြင်းဖြစ်သည်။ ပေကိုးပင်ရွာနှင့် ဘန်ဒူးတို့ ကျောက်နွားသိုးရွာက တောင်ခြေရွာတွေပီပီ အကူးအသန်းရှိကြ သည်။

သို့သော် ပေကိုးပင်ရွာနှင့် ကျောက်နွားသိုးရွာမှာ ကွဲပြား ခြားနားမှုတော့ ရှိသည်။ ကျောက်နွားသိုးတောင်ခြေဝန်းကျင်ရှိ အခြားသောရွာများဖြစ်ကြသည့် ကိုင်းစု၊ ငွေယားကုန်း အစရှိသည့် ရွာများကမူ ပေကိုးပင်ရွာကိုမူ သိပ်အကူးအသန်း မပြုလုပ်ကြချေ။ မည်သည့်အတွက်ကြောင့်ဆိုပါမူ ပေကိုးပင်ရွာသားများ အများစု သည် စုန်းကဝေအတတ်များ၊ အောက်လမ်းအတတ်များ တတ် မြောက်ကြသည်ဟု အစဉ်ဆက်သိရှိယူဆထားကြ၍ ဖြစ်သည်။ ကျောက်နွားသိုးရွာအပါအဝင် အနီးဝန်းကျင်ရွာစုများက ရွာတွင် ဖြစ်ဖြစ်၊ မြို့ပေါ်တွင်ဖြစ်ဖြစ် တတ်နိုင်ပါက ပေကိုးပင်ရွာသားများ နှင့် အချေအတင် ငြင်းခုံစကားများရန်ဖြစ်ခြင်း၊ ခိုက်ရန်ဖြစ်ပွား ခြင်းကို ရှောင်ကြဉ်၊ ရှောင်ကွင်းကြလေသည်။

မတော်တဆ ခိုက်ရန်ဖြစ်ပွားသည်ဖြစ်စေ၊ စကားအချေ



www.burmeseclassic.com

www.burmeseclassic.com



အတင် ဆဲဆိုရန်ဖြစ်ကြသည်ဖြစ်စေ တစ်ပတ်ဆယ်ရက်အတွင်း ယင်းလူသည် တစ်စုံတစ်ရာ ဆိုးကျိုးဒုက္ခ ကြီးကြီးမားမား ကြုံတွေ့ရတတ်သည်ဟု ဆိုကြသည်။ ရံဖန် ထူးဆန်းစွာ ရောဂါအမည်တပ်မရဘဲ သေဆုံးသွားတတ်ကြသည်ဟု ဆိုကြလေ့ရှိ၍ ရေးကပင် ပေကိုးပင်ရွာသည် မကောင်းသည့် အောက်လမ်းအတတ်၊ စုန်း၊ ကဝေအတတ်များ တတ်မြောက်ထားကြသည်ဟု ဆိုစမှတ်ပြု ရှောင်ကွင်းကြခြင်းဖြစ်သည်။

ဆရာသိုက်သည် ယင်းပေကိုးပင်ရွာသားစစ်စစ် ဖြစ်သည်။

သူတို့ရွာ ရံဖန်လာလည်ရင်း ဘန်ဒူးတို့နှင့် စတင်ကြုံဆုံခြင်းကပင် ဘန်ဒူးနှင့် ဒွေးမြင့်အား စကားစမြည်ပြောရင်းမှ ထိုကိစ္စ၊ ထိုဆေးအကြောင်း စတင်ပြောပြခြင်း ဖြစ်သည်။ ဘန်ဒူးကနေတစ်ဆင့် လန်ဘား၊ ပေတူးတို့ပါ သိရှိသွားကြခြင်းဖြစ်သည်။ ဘန်ဒူးတို့လေးယောက်မှာ ဆိုရပါလျှင် ရွာတွင် သောက်ဖော်စားဖက်၊ တေဖော်တေဖက်၊ တောတက်၊ ထင်းခုတ်၊ ဝါးခုတ် အတူတကွ မခွဲမခွာ ပေါင်းသင်းကြသူတွေ ဖြစ်သည်။ လယ်ယာကိုင်းအလုပ်ကို စွဲမြဲစွာလုပ်ကိုင်ကြပါသော်လည်း မည်သူမျှ အိမ်ထောင်မကျသေးသည့် လူပျိုလူလွတ်များ ဖြစ်ကြသည်။

ဘန်ဒူးနှင့် ဒွေးမြင့်မှာ ရွာတွင် သူတို့ချစ်ခင်စုံမက် စိတ်ဝင်စားကြသော မိန်းကလေးများရှိသော်လည်း အသောက်အစားဖက်





သည့် ဗီဇအကျင့်ကြောင့် တစ်ရွာတည်းနေကြ၊ တွေ့မြင်နေကြပါသော်လည်း သူတို့အား ပြန်လည်တုံ့ပြန်လိုဟန် မပြကြ။ နင်ပဲငဆရင့်သီးသည့်စကားများ၊ မျက်စောင်းဒဏ်များသည် မကြာခဏရှိသည်။ သို့သော်လည်း ဘန်ဒူးနှင့် ဒွေးမြင့်ကမူ သူတို့မှသူတို့ဖြစ်နေကြသည်။

ယင်းမှာ ဆရာသိုက်နှင့် မမျှော်လင့်ဘဲ ကြုံဆုံလိုက်ခြင်းဖြစ်သည်။

ဆရာသိုက် ပြောပြသောကိစ္စ၊ အကြောင်းအရာမှာ စိတ်ဝင်စားတိမ်းညွတ်ဖွယ် ဖြစ်သည်။ ဘန်ဒူးတို့၏ ရင်ဘတ်ထဲမှ မျှော်လင့်ချက်ဆန္ဒနှင့် ထပ်တူတစ်ထပ်တည်းကျနေသည်။ ဆရာသိုက်ပြောသည့် လုပ်ငန်းကိစ္စသာ အောင်မြင်လျှင် ဘန်ဒူးတို့၊ ဒွေးမြင့်တို့ ကျောက်နွားသိုးရွာတွင်သာမက မြို့ပေါ်တွင်ပါ ရင်ကော့၊ လက်မထောင်နိုင်သည့် လူစွမ်းကောင်းများ ဖြစ်ပေမည်။ အားလုံးက အားကျမက်မောရသည့် ကာလသားတွေအကြား သူရဲကောင်း ဦးလည်း ဖြစ်မည်။ ယင်းကြောင့်လည်း နောက်ဆုံးဆရာသိုက်၏ လုပ်ငန်းကိစ္စကို ဘန်ဒူးအပါအဝင် လေးယောက်စလုံး စိတ်တူ၊ သဘောတူ ခေါင်းညိတ်လိုက်ကြခြင်း ဖြစ်သည်။

အန္တရာယ်တော့ များသည်။

စဉ်းစားကြည့်ပါလျှင်လည်း မည်သူမျှ မလုပ်ရဲသော၊ လုပ်ဝံ့သော၊ မစွန့်စားဝံ့သော ကိစ္စကြီးဟုလည်းဆိုလျှင် ဆိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဆရာသိုက်ဦးဆောင်မည့် အကြံအစည်။ ဒီကိစ္စကြီးအောင်မြင်ပါက ဘန်ဒူးတို့လူစု ရွာမှာ လက်ထောင်နိုင်ပေပြီ။ ဘန်ဒူးတွယ်တာမြတ်နိုးသော ရွာထဲက နှင်းဖြူနှင့်လည်း နီးစပ်နိုင်ပေပြီ။ ယင်းသို့ကြောင့်လည်း ဆရာသိုက်အပေါ် ယုံကြည်အားကိုးစွာ အရက်တစ်ခွက်တစ်ဖလား ရဲဆေးတင်ပြီး ဘန်ဒူးအပါအဝင် ကာလသားအချို့ ဆရာသိုက်နှင့်အတူ ရွာအပြင် တောစပ်ရှိ သုသာန်တစပြင်သို့ မြွေမကြောက်၊ ကင်းမကြောက် လာခဲ့ကြခြင်းဟုလည်း ဆို၍ရလေသည်။

"ဟော့ကောင်တွေ…ရောက်တော့မယ်နော်၊ သတိထား။ ငါမှာထားတာတွေ တစ်ခုမှ မမေ့နဲ့။ အဓိက ဘန်ဒူးပဲ။ ပစ္စည်းတွေက မင်းဆီမှာနော်"

"ဟုတ်ကဲ့ပါ…ကိုကြီးသိုက်"

ရှေ့တွင် သုသာန်သင်္ချိုင်းကုန်းမှ မြေပုံမို့မို့များ၊ ဂူပျက်နှင့် မှတ်တိုင် ခန်းခယိုင်များအား လရိပ်ပျပျအောက် မြင်တွေ့နေရလေပြီ။ ဘန်ဒူးနံဘေးကပ်နေသည့် ငွေးမြင့်က -

"ဆ…ဆရာသိုက်"

"ဘာလဲကွ"

"ဟို…ကျွန်…ကျွန်တော်တို့ အထဲမဝင်ခင် ရဲဆေးတစ်ခွက်တစ်ဖလားလောက်"

"ကျွတ်…အရေးထဲမှာကွာ။ ပစ္စည်းလည်း လိုချင်လိုက်





တာ အောက်တစ်ပိုင်းသေရော။ ကြောက်တတ်တာလည်း လွန်ရောကွာ။ ကဲ…ချ…ချ…။ တစ်ခုတော့ရှိတယ်နော်။ မင်းတို့ ငါမှာတဲ့စကား၊ ငါပြောတဲ့စကားတော့ လုံးဝမမေ့နဲ့။ ရဲဆေးလောက်ပဲ သောက်ကြ။ အချိန်ကလည်း လိုသေးတယ်။ ရှေ့က ဝါးရုံအောက်မှာ ခဏထိုင်ကြတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာသိုက်"

ကျောက်သွားသိုးသင်္ချိုင်းနယ်မြေစပ်မရောက်ခင် လှည်းလမ်းလက်ဝဲဘက်ဘေး၌ လှည်းလမ်းထက်ထိ ရှည်လျားငို့ကိုင်းစွာ ကိုင်းညွှတ်ကျနေသော ဝါးရုံပင်အုပ်ကြီး တွေ့ရသည်။ ဆရာသိုက်ကဦးဆောင်၍ ခြေလှမ်းခပ်သွက်သွက်ဖြင့် ယင်းဝါးရုံပင်အုပ်ကြီးအောက် လျှောက်သွားသည်။

"အု…ဝူ…ဝု…အူး"

"ဂစ်…ဂစ်…ဂစ်…"

သုသာန်ကုန်းဘက်ဆီမှ ခွေးလေခွေးလွင့်တစ်ကောင်၏ ရှည်လျားဆွဲငင်စွာ အူလိုက်သံနှင့်အတူ ညဥ့်ငှက်ဆိုး၏ ဂစ်ဂစ်ဟူသော အော်မြည်လိုက်သံအား ချောက်ချားဖွယ်ရာ ကြားလိုက်ရလေသည်။

★ ★ ★

အမှန်တကယ်တမ်း ဆိုရပါလျှင် ဘန်ဒူး၊ ငွေးမြင့်၊



www.burmeseclassic.com

www.burmeseclassic.com



လန်ဘား၊ ပေတူးတို့မှာ သွေးနည်းသွေးကြောင်တတ်သူတွေ မဟုတ်ကြ။ ရွာထဲ၌ ပေတူးတူးနေတတ်သလို တစ်ခါတစ်ရံ အရက်ဝိုင်း၌ စကားအခန့်မသင့်လျှင်တောင် လက်မြန်ခြေမြန် ဆုံးဖြတ်တတ်ကြသူတွေ ဖြစ်သည်။ သူကြီးထိပ်တုံးခြောက်ပေါက်နှင့်လည်း မကြာခဏ ဆုံစည်းဖူးသည်။ သို့သော် ယခုရင်ဆိုင်ရမည့်ကိစ္စက၊ လုပ်ငန်းက ရန်ဖြစ်သည့်ကိစ္စမဟုတ်။

ခုလို လမိုက်ညမဆိုနှင့် နေ့ခင်းကြောင်တောင်ပင် မည်သူမျှ မဖြတ်မသန်း၊ အကူးအသန်း မလုပ်ဝံ့သော သုသာန်တစပြင်ဖြစ်သည်။ ပြီးတော့ ဘန်ဒူးတို့လူစု တွေ့ကြုံရင်ဆိုင်ကြရမည့်သူတွေက ရပ်ထဲရွာထဲကလို မြင်မြင်ထင်ထင်၊ သက်ရှိလူသားတွေမဟုတ်။ ဝိညာဉ်လောကသားများဟု အများက အသိအမှတ်ပြုထားကြသော ပရလောကသား၊ ကျောက်နွားသိုးသင်္ချိုင်းကြီးအတွင်းရှိ မကျွတ်မလွတ်ကြသေးသော တစ္ဆေသရဲ၊ ဖုတ်ပြိတ္တာများမှစ၍ နာနာဘာဝလောကသားများပင် ဖြစ်လေသည်။ ယင်းသို့ကြောင့်လည်း ယခု သုသာန်ကုန်းကြီးထဲ ခြေဦးမသန်းခင် ဝင်ရောက်မီ နောက်ဆုံးအဖြစ် ရဲဆေးတင်နေကြခြင်း ဖြစ်လေသည်။

သုသာန်သင်္ချိုင်းမြေဝယ် သူတို့ မည်သို့မည်ပုံ ဘာတွေတွေ့ကြုံရမည်မသိ။

ဆရာသိုက်အားကိုးဖြင့်သာ လိုချင်သော အရာအတွက်အသက်ကို ဖက်နှင့်ထုပ်ကာ မည်သူမျှမလုပ်ဝံ့၊ မစွန့်စားဝံ့သည့်





ကိစ္စကြီးအား ခေါင်းညိတ်ခဲ့ကြခြင်းဖြစ်သည်။ သွေးမကြောင်တတ်ကြပါသော်ငြား သုသာန်သင်္ချိုင်းဟူသော အသိကပင် ဘန်ဒူးတို့၊ ငွေးမြင့်တို့အား အနည်းငယ် ကြောက်ရွံ့ချောက်ချားစိတ်ဖြစ်ပေါ်နေစေသည်။

"ဝူ…အူ…အူ…အူ"

"အူ…အူ…အူ"

"ရှဲ…ဖရော…ရော"

"ဂီး…ဂီး…ဂစ်…ဂစ်"

ချောက်ချားသွေးပျက်ဖွယ်ရာ အမှောင်ရိပ်ပါးပါးအောက်၌ မြင်တွေ့နေရသည့် မြေပုံမို့မို့များ၊ ဂူပျက်အပြိုအပျက်များ၊ မှတ်တိုင်အကျိုးအပဲ့များကို ကြယ်စ၊ ကြယ်ရိပ်အောက် ဝိုးတဝါးလှမ်းမြင်နေရသည့်ကြားထဲ သုသာန်မြေတွင်းမှ ခွေးများအူသံ၊ တစ္ဆေသရဲ နာနာဘာဝများက သတိပေးသလို ကိုင်းညွှတ်ငုံ့ကိုင်းနေသည့် ဝါးပင်ဝါးကိုင်းတွေက တစ်စုံတစ်ယောက် ကြမ်းတမ်းစွာ ကိုင်ဆွဲလှုပ်ယမ်းလိုက်သလို တရှဲရှဲ၊ တဖျောဖျောနှင့် ယိမ်းညွှတ်ငေ့ယမ်းသွား၏။

ဒီကြားထဲ ခွေးလေခွေးလွင့် သုံးလေးကောင်၏ အဆက်မပြတ် ဆွဲဆွဲငင်ငင်အူလိုက်သံကလည်း ညကို ပိုပြီးချောက်ချားဖွယ်ရာ ဆန်နေစေသည်။

"ဆရာသိုက်…ဘာမှမဖြစ်ဘူးနော်"

"ဟာ…အရေးထဲ သောက်စကားက ရှည်နေပြန်ပြီကွာ။



www.burmeseclassic.com

www.burmeseclassic.com



သောက်မှာသာသောက်စမ်းပါ။ အထဲဝင်ဖို့ အချိန်နီးနေပြီ။ ဟိုကောင် ဘန်ဒူး…မင်းဆီက ပစ္စည်းတော့ လမ်းမှာ ရှာထိပ်က ကွင်းပိုင်ပဲစားသွားသလား၊ တခြားတစ်ကောင်ကောင်ပဲ စားသွားသလား မရှိတော့ဘူးဆိုပေမဲ့ ဟိုပစ္စည်းတွေက ဘယ်သူ့ဆီမှာလဲ”

“ငွေးမြင့်ဆီမှာ ဆရာသိုက်”

“အေး…အဲဒီပစ္စည်းက အရေးကြီးတယ်။ ဟိုက ထလာရင် ငါ့အမိန့်အတိုင်း နာခံရမှာပဲ။ အဲဒီအချိန်က အရေးကြီးတယ်။ ငါပြောတဲ့အတိုင်း တစ်ခုချင်းပေးရမှာနော်။ ယောင်မှားလို့မရဘူး။ သတိလက်လွတ်လို့ မရဘူး။ ဒါမှ ငါတို့လိုချင်တာရမှာ။ လန်ဘား၊ ဆန်မန်းက မင်းဆီမှာနော်”

“ဟုတ်…ဟုတ်ကဲ့၊ ကိုကြီးသိုက်”

“အေး…ရှာက မထွက်ခင်ထဲက ငါ့မှာထားတဲ့အတိုင်း တစ်ခုမှ ခြေချော်လက်ချော် မလွဲမှားစေနဲ့။ မှားရင်၊ ကြောက်ပြီး ပြေးရင် မင်းတို့ကိုယ့်အသက်ကိုယ် မနှမြောလို့ပဲ။ ငါ့ကို ယုံတယ်ဆိုရင် ငါပြောတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်။ ဒီကိစ္စအောင်မြင်ရင် မင်းတို့လက်မထောင်နိုင်ပြီ ဟုတ်ပလား။ ငါ သူများကို လုပ်ပေးတာ သုံးလေးကြိမ်ရှိပြီ အောင်မြင်တာ။ အဲ…ဒါပေမဲ့ အဲဒီသင်္ချိုင်းတွေက သေးတော့ ရှိတဲ့ကောင်တွေကလည်း မလောက်လေးမလောက်စား ပုစိတွေချည်း။ ခု မင်းတို့သင်္ချိုင်းက နှစ်ကြီးသလို၊ ပိုလည်းကြီးတယ်။ ကဲ…ငါနောက်ဆုံးမေးမယ်။ သုသာန်





မြေထဲ ငါတို့မဝင်သေးဘူးဆိုတော့ ဒီကိစ္စ နောက်ဆုတ်လို့ရသေးတယ်။ ကဲ…ဘယ်လိုလဲ။ မင်းတို့တစ်တွေ ဒီပစ္စည်းမလိုချင်လည်း နေလှည့်ပြန်လို့ရသေးတယ်။ ဆုံးဖြတ်…”

ဆရာသိုက်က တစ်ဦးချင်းမျက်နှာကို စေ့စေ့ကြည့်ကာ ပြောလိုက်၏။ ဘန်ဒူးက -

“ဟာ…ဆရာသိုက်၊ ကျွန်တော်တို့ ဒီအထိအောင် ရောက်လာပြီးမှ”

“ဘာပဲဖြစ်ဖြစ် တစ္ဆေမကလို့ သဘက်ကြီးနဲ့ပဲကြုံကြုံဗျာ။ အဲဒီပစ္စည်းကို ရအောင်ယူမယ်။ ခြောက်လည်း မကြောက်ဘူးဗျာ။ ရွံ့မယ်…”

“ဟုတ်တယ်။ ကျုပ်တို့သတ္တိရှိပါတယ် ကိုကြီးသိုက်ရ”

“အေး…ဟုတ်ပြီ။ ကျန်တာ ငါ့တာဝန်ထား။ ကဲ… ငါတို့ သင်္ချိုင်းထဲ စဝင်ကြမယ်”

အားရဝမ်းသာ ကျေနပ်သည့်ဟန်နှင့် ဆရာသိုက်၏ လေသံကြီးက ဟိန်းထွက်သွားသည်။ စကားအဆုံး ဆရာသိုက် လွယ်အိတ်ကြီးကို ပြင်လွယ်ရင်း မတ်တတ်စ ရပ်လိုက်၏။ ဘန်ဒူးတို့ပါ လျှင်မြန်သွက်လက်စွာ မဆိုင်းမတွ ထရပ်လိုက်ကြ၏။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



သုသာန်တစပြင်ဟူသော အရပ်သည် မည်သူမဆို အကြောင်းကြုံကြိုက်ပါက ယဉ်ပါးနေသည့်နေရာဖြစ်၍ နေ့လယ်နေ့ခင်း ထင်သာမြင်သာ လူအများရှေ့မှောက်တွင်ဆိုပါလျှင် မည်သို့မျှ ထူးခြားဖွယ်ရာ မရှိပါသော်ငြား ယခုလိုအချိန်ကာလမျိုး၌ ချောက်ချားသွေးပျက်ဖွယ်ရာ ဆန်နေသည်မှာ အမှန်။

သူတို့အားလုံး စုစုပေါင်း ငါးယောက်တိတိဖြစ်သည်။

တစ်ဦးတစ်ယောက်တည်းသာ ယခုလို အ,ကာလ ညဉ့်အခါတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ဤသုသာန်သင်္ချိုင်းတစပြင်သို့ ရောက်လာခဲ့ပါက အလိုလိုနေရင်း မြင်သူမျှ၊ တွေ့သမျှတို့ကြောင့် စိတ်ရူးသွပ်ဖောက်ပြန်သွားနိုင်ပေသည်။ ဂူပျက်များ၊ မှတ်တိုင်ထိုးထိုးထောင်ထောင်နှင့် ဂူကြိုဂူကြား မြေပုံမို့မို့ကြီးများအကြားမှ တွယ်ကပ်ပေါက်ရောက်နေသည့် သစ်ပင်ကြီးငယ်များ၊ ဝါးရုံပင်စုစုများ၊ ချုံနွယ်မြက်ရိုင်းများကပင် အမှတ်မဲ့ဆိုပါလျှင် ယိမ်းနွဲ့လှုပ်ရှားနေသည်မှာ နာနာဘာဝ၊ တစ္ဆေသရဲများ လှုပ်ရှားသွားလာနေသကဲ့သို့ ထင်မှတ်ရသည်။

ဆရာသိုက်က သူ၏ စလွယ်သိုင်းလွယ်ထားသည့် လွယ်အိတ်ကြီးအတွင်းမှ ခြောက်လက်မခန့်ရှိ လက်ဆွဲမီးအိမ်ငယ်လေးအား ဆွဲထုတ်လိုက်ကာ မှန်ဝိုင်းပေါက်ငယ်မှ မီးခြစ်ဖြင့် မီးတို့လိုက်၏။ ထိုအခါ လက်ဆွဲမီးအိမ်ငယ်၏ အလင်းရောင်ကြောင့် အနီးဝန်းကျင်တစ်ဝိုက် အလင်းဖြာဆင်းသွားလေသည်။





"ဘုတ်…"

"ဝုန်း…ဖရော…ရော"

"ဟာ…"

ရုတ်တရက် အုတ်ဂူပျက်ကြီးတစ်ခုပေါ်မှ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုက ဝုန်းခနဲခုန်ချလာ၍ အားလုံးလန့်ထိတ်သွားသည်။ နီရဲရဲမျက်ဝန်းအစုံဖြင့် ချုံပုတ်ရိုင်းများအကြား ပြေးလွှားတိုးဝင်သွား၏။ လန်ဘားလက်ထဲမှ ဓာတ်မီးအလင်းအောက် ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

"ခွေးပါကွ"

"ဟူး…ငါဖြင့် လန့်သွားတာပဲကွာ။ မည်းမည်းကြီးဆိုတော့"

"သူ့ဘာသာသူ အိပ်နေတာ။ ငါတို့ခြေသံကြားပြီး ဒရောသောပါး လန့်ပြေးသွားတာကွ။ သရဲမဟုတ်ပါဘူးကွာ"

လန်ဘားက ဘာမှမဖြစ်ဟန်ဖြင့် ဆိုသည်။ ဆရာသိုက်ကမူ ဘာကိုမှ ဂရုမစိုက်ဘဲ မြေပုံမို့မို့တွေကြား ကွေ့ဝိုက်ဖြတ်သန်းကာ သွားသည်။ သူတို့လည်း ဆရာသိုက်နောက် ထက်ကြပ်မကွာလိုက်သည်။

"အု…ဂူ…ဂူ"

"ဖြောင်း"

"အမလေး…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲကွ၊ ပေတူး"

"သစ်...သစ်ကိုင်းခြောက် ကျိုးကျတာ"

ရုတ်တရက်အူလိုက်သည့် ခွေးအူသံဖြင့်အတူ ဖျောင်းခနဲ နံ့သေးမှ ကျိုးကျလာသည့် သစ်ကိုင်းခြောက်ကြောင့် ပေတူးလန့်သွားခြင်း ဖြစ်ပါသည်။ ပေတူး သူ့လက်ထဲမှ အထုပ်အား ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ နဂိုကမှ ခြေလှမ်းသိပ်မမှန်ချင်သော ပေတူး ယိုင်တိယိုင်ထိုး လှမ်းနေရင်းက ဟိုကြည့်၊ ဒီကြည့်ဖြင့် ဂနာမငြိမ်တော့။

သူတို့လေးယောက်စလုံး ကိုယ်စီ လက်ထဲ၌ အိတ်များပါသည်။

ဆရာသိုက်က ယင်းအိတ်များအား အသက်နှင့်လဲ၍ ကာကွယ်ရန် မည်သည့်အကြောင်းကြောင့်မျှ မပျောက်ရှရအောင် မှာကြားထားသည်။ အဓိကအရေးကြီးသည်မှာ ငွေးမြင့် စလွယ်သိုင်းထားသော လွယ်အိတ်ကြီးထဲမှာ အရေးကြီးဆုံးပင်ဖြစ်သည်။ ယင်းလွယ်အိတ်ထဲ၌ ဆရာသိုက်စီစဉ်၍ ထည့်ပေးထားသည့် ကျောက်ပျဉ်၊ သနပ်ခါးတုံးနှင့် ဘီးရယ်၊ မှန်ရယ် ပါဝင်သည်။

ဒီညကိစ္စ၏ အရေးအပါဆုံး ပစ္စည်းများဖြစ်သည်။ ငွေးမြင့်နံ့သေးရှိ လန်ဘား၏ လွယ်အိတ်ထဲတွင်မူ နှင်းဆီပန်းသုံးပွင့်နှင့် ခေါင်ရမ်းပန်းသုံးပွင့် ပါသည်။ ပေတူးလွယ်အိတ်ထဲတွင်မူ အမဲသားတွဲတစ်တွဲ ပါလာသည်။





ဘန်ဒူး၏ ကြွပ်ကြွပ်အိတ်ထဲမှ အသားကွဲမှာမူ လမ်း၌ ထူးဆန်းစွာပင် ပျောက်ဆုံးသွားပြီး ယင်းနေရာ၌ မြေကြီးခဲတစ်ခဲသာ ရောက်ရှိနေလေသည်။ မည်သည့်အချိန်က မည်သည့်အကောင်နှိုက်၍ စားသောက်သွားသည်မှန်း ကြွပ်ကြွပ်အိတ်ကိုင်ထားပါသော ဘန်ဒူးပင် မသိလိုက်ချေ။

ဆရာသိုက်ကမူ ကွင်းပိုင်ကြီးစားသွားတာဟု လမ်း၌ပြောသည်။ ဆရာသိုက်၏လွယ်အိတ်ထဲ၌မူ မည်သည့်ပစ္စည်းများပါရှိသည်ကိုမူ ဘန်ဒူးတို့မသိပါချေ။ ဆရာသိုက်အားလည်း ရွာမှထွက်ခင်ထဲက မေးမြန်းစပ်စုရန် မဝံ့ရဲပေ။ ထိုစဉ်...

"ဂစ်...ဂီး"

ရုတ်တရက် သူတို့အားလုံး၏ ခေါင်းပေါ်' အနီးကပ်ဖြတ်ပျံရင်း စူးရှစွာ အော်မြည်သွားသည့် ငှက်ဆိုးအော်သံကြောင့် အခြားလူများကို မသိပါသော်လည်း ဘန်ဒူး ရင်တုန်ပန်းတုန်ဖြစ်သွားရသည်။

"အု...ဝူ...အူး...အု"

"ဝု...ဝူ...အု...အု"

မရှေးမနှောင်းမှာပင် ကျယ်ဝန်းသော ကျောက်နွားသိုးသုသာန်သချိုင်းကြီးထဲ၌ အစာရှာဖွေ ကျင်လည်ကျက်စားကြဟန်တူသော ခွေးလေခွေးလွင့် လေးငါးကောင်၏ ဘယ်က စတင်အူလိုက်သည် မသိရပါဘဲ ကျောချမ်းဖွယ်၊ ချောက်ချားသွေးဆူပွက်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ ဆက်တိုက်ဆင့်ကဲ ဆွဲငင်စွာ အူသံတွေက တိတ်ဆိတ်ငြိမ်သက်နေသောညကို လှုပ်နှိုးလိုက်သလို ရှိလေသည်။

"ဝေါ…ဖရော…ရော"

"ရှီး…ရှဲ…ရှဲ"

"အဟင်း…ဟီး…ဟီး"

"အု…ဝူ…ဝူး"

အားလုံးခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။ စောစောက ခွေးအူသံတွေ ဆွဲငင်စွာ ထွက်ပေါ်မလာခင် တိတ်ဆိတ်နေသည့် သုသာန်ကုန်းကြီးတစ်ခုလုံး အမှတ်မထင် လေနီကြမ်းများ ဝှေ့ယမ်းလာသလို ဂူကြိုဂူကြားမှ သစ်ပင်ဝါးရုံများက ဝိညာဉ်နာနာဘာဝများ ပျော်မြူးပြေးလွှားကြသကဲ့သို့ မည်သည့်လေမှ မတိုက်ခတ်ပါဘဲ လှုပ်ရှားယိမ်းထိုးလာလေသည်။

သစ်ရွက်ကိုင်းချင်း ပွတ်ထိသံ၊ ဝါးရွက်သစ်ရွက်များ တရှဲရှဲထိသံက အမှုမဲ့ဆိုပါလျှင် လေတိုးသံလား၊ သစ်ရွက်တွေမြည်သံလား၊ ဝိညာဉ်နာနာဘာဝများ ညည်းတွားသံလား မကွဲပြားအောင် ချောက်ချားဖွယ်ဆန်လာသည်။ ခွေးလေခွေးလွင့်များကလည်း နာနာဘာဝ ဝိညာဉ်များကို တပ်အပ်မြင်တွေ့နေရသလို ဟိုမှ၊ ဒီမှ ဆွဲဆွဲငင်ငင် အူနေသံကလည်း ချောက်ချားသွေးပျက်ဖွယ်ရာ ကောင်းနေသည်။

ဆရာသိုက်က…





"ငါတို့ကို ပညာစ,စမ်းနေပြီ ထင်တယ်ကွ။ ဘာမှ မကြောက်နဲ့။ ကဲလာ…၊ ဟိုမှာ ငါရှာနေတဲ့ မြေပုံတွေ့ပြီ။ အသစ်စက်စက် လတ်လတ်ဆတ်ဆတ်ပဲ။ မင်းတို့ နှုတ်လုံမှဖြစ်မယ်နော်"

"လုံ…လုံပါတယ် ဆ…ဆရာသိုက်"

"အဲဒါ မင်းတို့ရွာက တစ်မြန်နေ့က ကလေးမီးမဖွားနိုင်လို့ မီးတွင်းထဲမှာပဲ သွေးသွန်ပြီးသေသွားတဲ့ မြနှင်းရဲ့မြေပုံပဲ။ အစိမ်းသေစစ်စစ်ပဲ။ ငါတို့ မြနှင်းကို ခေါ်ရမယ်။ ကဲ…ခဏနေကြဦး။ ငါစီစဉ်စရာတွေ လုပ်လိုက်ဦးမယ်။ မင်းတို့ ဒီမြေပုံအနားက မခွာနဲ့၊ ကြားလား။ ပေတူး…မင်းလွယ်အိတ်ပေးစမ်း"

ဆရာသိုက်က လွယ်အိတ်တောင်း၍ ပေတူး လျင်မြန်စွာ သူလွယ်ထားသည့် လွယ်အိတ်အား ဆရာသိုက်ကို လှမ်းပေးလိုက်၏။ လွယ်အိတ်ထဲ၌ အိတ်ဖြင့် သေချာစွာထုပ်ပိုးထားသော အမဲသားများ ရှိလေသည်။ ဆရာသိုက်က -

"ဟောကောင် လန်ဘား၊ မင်းပေါက်တူးနဲ့ ဂေါ်ကို အသင့်ပြင်ထား၊ ကြားလား"

"ဟုတ်…ဟုတ်ကဲ့ပါ ဆရာသိုက်"

"ကဲ…ငါတို့လုပ်ငန်းစမယ်။ အချိန်က အချိန်ကောင်းပဲ။ သန်းခေါင်ယံရောက်နေပြီ"

ဆရာသိုက်က အိတ်ထဲမှ အမဲသားတွဲကို ထုတ်လိုက်သည်။ အောက်လင်းမီးအိမ်ငယ်အား အနီးရှိ မြေပုံမှတ်တိုင်တွင်ချ



www.burmeseclassic.com

www.burmeseclassic.com



တွင် ချိတ်ဆွဲထားသဖြင့် အလင်းနီကျင်ကျင်ဖြင့် အမဲသားတွဲကြီး အား ကြည့်ရှုနေသော ဆရာသိုက်၏ ပွရောင်းရောင်း၊ ဖောသွပ် သွပ်မျက်နှာကြီးကပင် အလင်းတစ်ဝက်၊ အမှောင်တစ်ခြမ်းပင်။ နာနာဘာဝ ပရလောကသားပမာ စိုလဲ့ပြောင်နေလေသည်။

ဆရာသိုက်က အနီးရှိ အုတ်ဂူပြိုပျက်တစ်လုံးပေါ် ယင်း အမဲသားတွဲအား တင်လိုက်ပြီး သူ၏လွယ်အိတ်ထဲမှ ဖယောင်း တိုင်ကိုပါ ထုတ်ယူလိုက်၏။ အမဲသားတွဲအား တင်ထားသော ဂူပျက်ထိပ်ပေါ် ဖယောင်းတိုင်အား မီးညှိပြီး တင်ထွန်းလိုက်ရ လေသည်။ ဖယောင်းတိုင်မှာ အချိန် တစ်နာရီခွဲခန့်ခံသာ ကြာမြင့် သည့် လက်မအရွယ်မကသည့် ဖယောင်းတိုင်ဖြစ်လေသည်။ မီးညွန့်က တန့်နန့်ဖြင့် စတင်လွန့်လူးလာသည်။

ပြီးလျှင်…တစ်ဆက်တည်း -

"ကဲ…ငါစည်းချမယ်။ မင်းတို့အားလုံး ငါ့ဘေးမှာပဲ နေကြ။ ဒီသုသာန်ထဲက ဘယ်လိုတစ္ဆေသရဲ၊ ဖုတ်ပြိတ္တာ၊ မှင်စာ ကစလို့ ဘယ်လိုအသွင်သဏ္ဌာန်ပြပြ၊ ခြောက်ခြောက် တစ်ယောက် မှ မကြောက်နဲ့။ ကြောက်လို့ထွက်ပြေးရင် ငါတို့စည်းပေါက်ပြီး ဒုက္ခတွေ လိမ့်မယ်။ ငါ ကယ်လို့မရဘူး။ သရဲအစားခံရမှာပဲ။ ကဲ…ငါတို့လုပ်ငန်းစမယ်"

ဆရာသိုက်က စကားဆုံးသည်နှင့် သူ၏ စလွယ်သိုင်း ထားသည့် လွယ်အိတ်ထဲမှ တောင်ဝှေးလိုလို၊ တုတ်ချောင်းလိုလို





အရင်း၌ အနီရောင်ခါးပန်းကြိုးစ နှစ်ဖက်ချည်နှောင်စည်းထား သည့် တုတ်အား ထုတ်ယူလိုက်ပြီး မြနှင်း၏ မြေပုံဟုဆိုသော မြေပုံဝန်းကျင်တစ်ဝိုက် ပတ်ချာလည်၍ နှုတ်ကနေ မန္တန်ရွလိုလို၊ ဂါထာလိုလို တဥဉ်ဖြင့် ရွတ်လျက် စည်းဝိုင်းထားလိုက်သည်။

သို့သော် စည်းဝိုင်းအား တစ်ခါတည်းမပိတ်ဘဲ လူတစ် ယောက်ဝင်သာရုံ ရပ်ထားပြီး အနီးရှိ ဖယောင်းတိုင်ထွန်းထားပြီး အမဲသားထုပ်တင်ထားသည့် အုတ်ဂူပြိုရှေ့နားရပ်ကာ…

"ဒီ..ကျောက်နွားသိုးသုသာန်မှာရှိကြတဲ့ မကျွတ်မလွတ် တဲ့ ဝေမာနိက တစ္ဆေသရဲ၊ ဖုတ်၊ ပြိတ္တာအပေါင်းတို့ရဲ့ အကြီး အမှူး၊ ဒီသုသာန်သချိုင်းမှာ အုပ်ချုပ်တဲ့ သုသာန်စောင့်ကြီး။ သင့်ကို ကျုပ်ဆရာသိုက် ဤအမဲစားဖွယ်တွေကို ကျွေးမွေးပါ တယ်။ သင်ပိုင်ဆိုင်တဲ့ သင့်သုသာန်မှာ ငါဆရာသိုက်နဲ့အဖွဲ့ မြနှင်း ဆိုတဲ့ မိန်းကလေးနဲ့ ဆေးဖော်စရာရှိလို့ မြနှင်းကို ငါတို့ရှိရာ အမြန်လာဖို့ သင်အမိန့်ပေးပါ။ ကျွန်ုပ် ဆရာသိုက် သင်စားသောက် ဖို့ ကျွေးမွေးထားတဲ့စားဖွယ်တွေကို သင်မြိန်ရှက်စွာ စားသောက် ပါ။ သုသာန်စောင့်ပုဂ္ဂိုလ်ကြီး ငါတို့လုပ်ငန်းကို ဝင်မနှောင့်ယှက် ပါနဲ့။ လာရောက်ပြီးနှောင့်ယှက်မယ့် သင့်ရဲ့ တပည့်လက်သားတွေ ကိုလည်း သင်ကိုယ်တိုင် ကာကွယ်ပါ။ ငါဆရာသိုက်ရဲ့အမိန့်"

"ဝေါ…ရှဲ…ရှဲ"

"အု…ဝူး…ဝူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ဆရာသိုက်က ပြောပြီးသည်နှင့် နောက်ပြန်ဆုတ်ကာ ဘန်ဒူးတို့ရပ်နေသည့် မြနှင်း၏ မြေပုံရှိရာသို့ နောက်ဆုတ်ဝင်လိုက်ပြီး ကျန်သည့်စည်းကို ပိတ်လိုက်လေတော့သည်။ ဆရာသိုက် စည်းဝိုင်းထဲသို့ မဝင်ရောက်မီမှာပင် စောစောက ဆရာသိုက် ဖယောင်းတိုင်နှင့် အမဲသားတွဲတင်ထားသည့် အုတ်ဂူပျက်ကြီးရှိရာသို့ ဝေါခနဲ၊ ရှဲခနဲ ချွန်မြယ်များ တိုးဝှေ့သံနှင့်အတူ မည်းနက်သော အရိပ်မည်းကြီးတစ်ခုက ဖြုန်းဆို ရောက်ရှိလာသည်ကို အားလုံး ထိတ်လန့်ဖွယ်ရာ မြင်တွေ့လိုက်ကြရလေသည်။

"အမလေး"

ဖယောင်းတိုင်မီး နီကျင်ကျင်အောက်၌ အားလုံးမြင်တွေ့လိုက်ကြရသည်က အမွေးအမှင်များ တစ်ထွာမက ရှည်လျားသော လက်ကြီးက အမဲသားတွဲကို ဆွဲလုမ်းယူသွားခြင်း ဖြစ်သည်။ ကြီးမားသော အရိပ်ကြီးကြောင့် မျက်နှာကိုမူ မမြင်ရချေ။ ဝန်းကျင်တစ်ခုလုံး ထောင်းခနဲ အပုပ်နံ့ကြီးက အော်ဂလီဆန်ဖွယ်ရာ လွှမ်းခြုံသွားလေတော့သည်။ သတ္တိကောင်းသည်ဟု ကိုယ့်ကိုယ်ကိုထင်မှတ်နေသည့် ဘန်ဒူးပင် သွေးရပ်မလို ဖြစ်သွားပြီး ဇောချွေးများ ပြန်လာသည်။

"ဂျွတ်...ဂျွတ်...ဂျွတ်"

"အဟီး...ဟီးဟီး"





အမဲသားတွဲကြီးအား အစိမ်းလိုက် တဂျွတ်ဂျွတ်ကိုက်ဝါးစားနေသည်ကပင် ဘန်ဒူးတို့ရှိနေရာကနေ ကြားနေရသည်။

"အဲဒါ သုသာန်စောင့်သဘက်ကြီးပဲ။ သူ့အသက်က အနှစ်လေးငါးရာရှိပြီ။ ကဲ...လန်ဘား၊ မြေပုံကိုတူးတော့"

"ဟို...ဟို...အကောင်ကြီး"

"ဟေ့ကောင်...ငါနိုင်းတာပဲလုပ်။ သူက သူ့အလုပ်သူလုပ်တာ။ ငါတို့က ငါတို့အလုပ် ငါတို့လုပ်ရုံပဲ။ ဒီကောင်ကြီး စည်းထဲ မဝင်နိုင်ဘူး။ အလောင်းဖော်တော့။ အချိန်မရှိဘူး၊ မြန်မြန်လုပ်..."

"ဒုတ်...ဒုတ်...ဖရော"

ခပ်ပွပွ မြေကျစ်စာခဲများနှင့် ပေါက်တူးထိတွေ့သံ တဒုတ်ဒုတ်က ထွက်ပေါ်လာသည်။

"ဝေါ...ဝိုး...ဝိုး"

"ဖရော...ရော...ဖြောင်း"

"အု...ဝူး...အူး...အု...အု"

"အုဝူ...ဝု...ဝူး"

"အဟီး...ဟင်း...ဟင်း...ဟီး"

လန်ဘားက မြနှင်း၏မြေပုံအား ချွေးတဒီးဒီးကျအောင် ကြောက်စိတ်ရောယှက်ကာ သွက်လက်စွာတူးဖော်နေသော်လည်း နောက်ကျောမလုံချေ။ သူတို့စတင်ရောက်ရှိစဉ်က ညဉ့်၏အမှောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဟိုနား ဖျိုးခနဲ၊ ဒီနား ဖျင်းခနဲ ချိုးချွတ်အသံများလောက်သာ စိတ်ချောက်ချားဖွယ်ရာ ကြားရသည့် သုသာန်ကုန်းကြီးက လန်ဘား မြနှင်း၏အလောင်းကို စတင်တူးဖော်နေကတည်းက တူးဆန်းစွာပင် သချိုင်းကြီးက နိုးထအသက်ဝင်လှုပ်ရှားလာသလို လေသံမိုးသံ၊ သစ်ရွက်သစ်ကိုင်းများ လှုပ်ယမ်းမြည်သံ၊ ခွေးအူသံကိုအပြင် အသက်ထွက်ခါနီး လူမမာများ ညည်းညူသံတွေသာ ဝန်းကျင်တစ်ဝိုက် ကြားလာရသည်။

တိုက်ပုံအင်္ကျီဟာပြဲနှင့် ရှမ်းဘောင်းဘီပွပွကြီးဝတ်ဆင်ပြီး လွယ်အိတ်ကြီးထဲမှ ဆေးမှုန့်များ ပက်လိုက်၊ ပါးစပ်ကနေ ပွစိပွစိဖြင့် မည်သည့်ဂါထာမန္တန်များ ရွတ်နေမှန်းမသိရသည့် ဆရာသိုက်က လန်ဘားတူးဖော်နေသည့် မြနှင်းအလောင်းရှိရာ မြေပုံကြီးထိပ်၌ ကားရားကြီး မတ်တတ်ရပ်နေသည်။

လန်ဘား၏ ဘေးနှစ်ဖက်တွင်မူ ဘန်ဒူးနှင့် ဌေးမြင့်၊ ပေတူးတို့က ဟိုကြည့်၊ ဒီကြည့်ဖြင့် ဂနာမငြိမ်စွာ တုန်တုန်ယင်ယင်ဖြင့် မျက်နှာတွေက ထိတ်လန့်ချောက်ချားနေသော ၁၈သွင်အပြင်က ဖုံးဖိထားမရပါချေ။ မည်သည့်အတွက်ကြောင့်ဆိုသော် လန်ဘားက ခေါင်းကြီးငုံ့ကာ အလောင်းမပေါ် ပေါ်အောင် ပေါက်တူးဖြင့် တူးလိုက်၊ မြေစာများ ရက်တင်လိုက်နှင့် အလုပ်များနေ၍ ပတ်ဝန်းကျင်၌ မည်သို့ဖြစ်ပျက်နေသည်ကို မတွေ့မမြင်ရပါသော်လည်း နံဘေးရှိ ဘန်ဒူးတို့မှာမူ အောက်လင်းမီးအိမ်ငယ်၏ အလင်း





ကျောင်ကျင်ဖြင့် သူတို့နှင့် ဆယ်ပေခန့်အကွာ မှတ်တိုင်ကြို၊ မှတ်တိုင်ကြား မြေပုံမို့မို့နှင့် ချုံပုတ်ချုံရိုင်းများအကြား ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားသွားလာနေကြပါသော ကျောက်နွားသိုးသချိုင်းကြီးတွင်ရှိ မကျွတ်မလွတ်သည့် နာနာဘာဝ ပရလောကသား အများအပြားကို ပုံပြင်ပမာ မျက်စိဖြင့် တပ်အပ်မြင်နေကြရ၍ ဟန်မဆောင်နိုင်စွာ တုန်လှုပ်နေကြခြင်း ဖြစ်သည်။

"အဟောင်း...ဟီး...အင်း"

"ဟီး...ဟား...ဟား...အင်း...အဟောင်း"

"ဂျွတ်...ဂျို...ဂျလိ"

"အု...ဝူး...အူး"

"ဒုတ်...ဒုတ်...ဖျော..."

ဘန်ဒူး မျက်စိလည်း မမိုတ်ရဲ။ တစ်ချက်ကလေး အကြည့်ဝေ့လိုက်သည်နှင့် သူနှင့် မျက်နှာချင်းဆိုင်ရှိ အုတ်ဂူပြိုပျက်ပေါ် ထိုင်နေကြသော မိန်းမသုံးယောက်က သူ့ကို စူးစူးဝါးဝါး ကြည့် နသည်။ နှစ်ယောက်က ထဘီရင်လျားနှင့်၊ တစ်ယောက်က ရှည်လျားသော ဆံပင်နီကြောင်ကြောင်ကြီးက မျက်နှာတင်မက အဝတ်ဗလာနှင့် သူမ၏ ကိုယ်လုံးကိုပါ အမွေးအမှင်တွေ ဖုံးလွှမ်းထားသကဲ့သို့ ရှိသည်။ ထဘီရင်လျားနှင့် မိန်းမနှစ်ယောက်က အုတ်ဂူပျက်ပေါ် ဆောင့်ကြောင့်ထိုင်ပြီး သန်းတုပ်နေရာမှ ဘန်ဒူးတို့ရှိရာသို့ မကျေမနပ် စူးစူးရှားရှား လှမ်းကြည့်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသွင်ပြင်တွေက ခက်ထန်မာကျောနေလေသည်။

ယင်းအုတ်ဂူပျက်နံဘေး မြေကြီးမို့မို့ မြေပုံထက်တွင်လည်း တစ်တောင်ခန့်မျှသာရှိမည့် ခေါင်းကြီးက ရေပုံးလောက်ရှိပြီး ခန္ဓာကိုယ်ကမူ နံရိုးကားကားလေးနှင့် သတ္တဝါလေးသုံးကောင်ကလည်း လူလက်ဖျံရိုးကြီးတစ်ခုအား အလုအယက်ဝိုင်းလုကာ ရှည်လျားသော လျှာကြီးများဖြင့် လျက်နေကြ၏။ ခန္ဓာကိုယ်မှာ တစ်တောင်ခန့်မျှသာဟု ဆိုရပါသော်လည်း မျက်စိနှစ်လုံးကမူ အကြမ်းပန်းကန်လုံးအရွယ်နီးပါးမျှ ပြူးကျယ်ဝိုင်းစက်နေ၏။ တစ်ချက်တစ်ချက် အရိုးကြီးကိုက်လျက်မှ ဆရာသိုက်နှင့် ဘန်ဒူးတို့လူသိုက်ရှိရာသို့ မကျေမနပ် လှမ်းကြည့်သည်။ မှင်စာကောင်လေးတွေပဲ ဖြစ်မည်။

"အဟီး…ဟီး…ဟီး"

"ဒုတ်…ဒုတ်…ဖရော"

လန်ဘားမောသွား၍ ပေတူးက အစားဝင်၍တူးသည်။

သုသာန်ကုန်းတစ်ခုလုံး လေတိုးမှေ့သံလား၊ ဝိဉာဉ်နာနာဘာဝပေါင်းစုံတို့၏ အော်မြည်သံလား မသိသော အသက်ထွက်ခါနီး ရောဂါဖောက်နေသည့် လူမမာတစ်ဦး ညည်းတွားသံများနှယ် ဝန်းကျင်တစ်ဝိုက် တဟင်းဟင်း တဟီးဟီး ညည်းသံများက ပျံ့လွင့်နေသည်။ မြေပုံတစ်ခုနှင့် တစ်ခုကြား ရိပ်ခနဲ၊ မည်းခနဲ ကူးလူးဖြတ်သန်းသွားနေသော အသွင်သဏ္ဌာန်မျိုးစုံ အဖြူရောင်





အရိပ်များကိုလည်း မြင်နေရသည်မှာ သွေးပျက်လန့်ထိတ်ဖွယ်ရာကောင်းလွန်းလှသည်။ တော်ရုံ စိတ်မခိုင်သူဆိုပါက ရူးသွပ်သွားနိုင်ပေသည်။ ဘန်ဒူး၊ ငွေးမြင့်၊ ပေတူး၊ လန်ဘားတို့က ရဲဆေးတင်ထားကြသလို ဆရာသိုက်တစ်ဦးလုံး ပါဝင်နေ၍လည်း သုသာန်ဝင်းအနှံ့ မြင်တွေ့နေရသည့် ကြောက်မက်ဖွယ် တစ္ဆေသရဲ နာနာဘာဝများအား လက်တွေ့ထင်ရှား မြင်လိုက်ကြရ၍ စိတ်က တုန်လှုပ်ချောက်ချားမိကြပါသော်လည်း တစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲ အုပ်စုလိုက်ဖြစ်နေ၍ ကြောက်စိတ်က အတန်ငယ် လျော့ပါးနေသယောင် ထင်မိလေသည်။

"ဒုတ်…"

"ဟော…ပေါ်ပြီ၊ ပေါ်ပြီ"

"ဟော့ကောင်တွေ မြန်မြန်လုပ်။ လန်ဘားပါဆင်း။ အဲဒီအခေါင်းကို အပေါ်မ,တင်။ မြန်မြန်လုပ်"

ဆရာသိုက်၏ ညွှန်ကြားချက်အတိုင်း ပေတူးအပြင် လန်ဘားပါ အခေါင်းကြီးရှိသည့် မြေကျင်းထဲဆင်းကာ အခေါင်းကြီးအား မနိုင့်တနိုင်ဖြင့် မသည်။ အပုပ်နံ့ကြီးကလည်း မခံမရပ်နိုင်အောင် ဆိုးရွားနံစော်လွန်းလှသည်။ ဘန်ဒူးနှင့် ငွေးမြင့်က အပေါ်ကျင်းနှုတ်ခမ်းကနေ မနိုင်မနင်း မလေသည်။

"ဝေါ့…ထွီ"

"အီး…လေး…လေးလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဘန်ဒူးတို့လေးယောက် ဆိုးရွားနံစော်လွန်းလှပြီး သူ… လေးယောက် မ,တာတောင် အပေါ်သို့ မနည်းပင် မကြရသည်… မသာများသည် သေသွားပါက လေးသည်ဟူသည်မှာ ဟုတ်ချေ… ဟု ဘန်ဒူးတွေးသည်။ ဆရာသိုက်က ကျင်းနှုတ်ခမ်းထက်ချထာ… သည့် အခေါင်းကြီး၏ထိပ်သို့ လျှောက်လာသည်။ ထူးဆန်း… သည်မှာ မြနှင်း၏ အခေါင်းကြီး မြေပြင်ပေါ် စတင်ရောက်… သည်နှင့် တဟီးဟီး တဟားဟားနှင့် ညည်းတွားသံများ ဟို… ဒီမှ ဆူညံလှုပ်ခတ်နေသော သုသာန်ကုန်းကြီးတစ်ဝိုက် ချောက်ချား… သွေးပျက်ဖွယ် ညည်းသံကြီးများက ပို၍ဆူညံလာ၏။

"အဟီး…ဟင်းဟင်း"

"အီး…အင်း…ဟင်း"

"ဝေါ…ရှဲ…ရှဲ"

"ဖျတ်…ဖျတ်…ရှပ်…ရှပ်"

"ဖရော…ရော…ရော"

"ဟား…ခဲတွေကျလာတယ်ဟေ့။ ဟေ့ကောင်တွေ ရှောင်…ရှောင်"

"ဖလောက်…ဖောက်…ဖောက်…ဖျော"

ဆရာသိုက်တို့လူစုရှိနေရာ ဝန်းကျင်တစ်ဝိုက်ရှိ ဝါးရုံ… များ၊ သစ်ပင်ကြီးငယ်များမှာ ညဥ့်နက်သန်းခေါင် လေနှင့်ကြ… ဝင်မွှေသကဲ့သို့ ပြောင်းဆန်အောင် လှုပ်ခါယမ်းနေပြီး နေရာအ…





မှ တဟားဟားဖြင့် ညည်းတွားသံကြီးများကလည်း အသည်းတုန်၊ အူတုန်ဖွယ် ပိုပြီးဆူညံလာနေသည်။ ဘန်ဒူးတို့မှာသာ အခေါင်းကြီးအား အလယ်၌ထား၍ ဟိုကြည့်၊ ဒီကြည့်နှင့် ထိတ်ထိတ်ပျာပျာ စိုးရိမ်ထိတ်လန့်နေပါသော်လည်း ဆရာသိုက်ကမူ ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး –

"အား…ဒီကျောက်နွားသိုးသချိုင်းကလည်း နိုင်းစားမယ်ဆို နိုင်းစားရလောက်တဲ့ မကျွတ်မလွတ်တဲ့ တစ္ဆေမှင်စာတွေ အောတိုက်နေတာပဲဟေ့။ ကဲ…ဘန်ဒူးနဲ့ လန်ဘား၊ မင်းတို့ ခေါင်းကို ရိုက်ဖွင့်ကွာ။ ငါတို့မြန်မြန်လုပ်မှ ရမယ်။ သူတို့လူမပါအောင် ငါတို့ကို ဝိုင်းနှောင့်ယှက်ကြလိမ့်မယ်။ ဘာမှမကြောက်ကြနဲ့။ ငါ့မှာ သူဟို့ကြောက်တဲ့ အင်းဖယောင်းတိုင်တွေနဲ့ ဆန်မန်း၊ သဲမန်းတွေ ပါတယ်။ စည်းဝိုင်းထဲကိုလည်း ဝင်ဖို့မပြောနဲ့၊ အနားတောင် မသီနိုင်ကြပါဘူး။ ကဲ…လုပ်စရာရှိတာ မြန်မြန်လုပ်၊ ခေါင်းဖွင့်"

"ကျွန်…ကျွန်တော် ကြောက်…ကြောက်လာပြီ ဆရာသိုက်"

"ဟာ…ဟေ့ကောင်၊ ဘာဗွေဖောက်လာတာလဲ။ ဒီပစ္စည်းကို မင်းတို့ပဲ လိုချင်တယ်ဆိုလို့ ဒီအခြေအနေတောင် ရောက်နေပြီ။ ကဲ…မင်းမဖွင့်ရဲရင် ဘန်ဒူးနဲ့ ပေတူး ဖွင့်။ မြန်မြန်လုပ်၊ အချိန်မရှိဘူး။ ငါတို့ထွန်းထားတဲ့ ဖယောင်းတိုင် မကုန်ခင်ပဲ ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"ဟာ…"

"အမလေး…ကြောက်စရာကြီး"

ပေါက်တူးဖြင့် ကလန့်၍ ခေါင်းဖုံးအား ပေတူး ဖွင့်လိုက်သည်နှင့် ထောင်းခနဲ ဆိုးရွားလွန်းလှသည့် အပုပ်နံ့ကြီးက အားလုံး နှာခေါင်းပိတ်မိမတတ် ဖြစ်သွားကြသည်။ သို့သော် မပိတ်ရဲ။ အသက်အောင့်ကာ ခေါင်းကြီးထဲသို့ ကြည့်လိုက်မိသည်။

တစ်ချိန်က သူတို့ရွာ၏ ကွမ်းတောင်ကိုင် အလှပဂေး မြနှင်းက ခုတော့ မြင်ရက်စရာမရှိအောင်ပင် ဝအစ်ဖောင်းကားပြီး အခေါင်းပင်ကျုပ်နေလေသည်။ ဒီကြားထဲ မြနှင်း၏ မျက်လုံးအစုံက ပြွင့်လျက်သားကြီးဖြစ်နေသလို အမှတ်တမဲ့ဆိုပါလျှင် သူတို့အား မကျေမနပ်ကြည့်နေသလို ထင်ရသည်။

"ကဲ…ဒွေးမြင့်၊ မင်းလွယ်အိတ်ထဲက ပစ္စည်းတွေ အဆင်သင့်လုပ်ထား။ ငါ ဖယောင်းတိုင်ထွန်းမယ်။ ဒီကောင်မ ထလာရင် ငါပြောတဲ့အတိုင်း သေချာပစ္စည်းတွေ တစ်ခုချင်းပေး။ သူ့ဝိညာဉ်က ဒီသချိုင်းထဲမှာပဲ ရှိတယ်။ ငါခေါ်မှ သူစည်းဝိုင်းထဲ ဝင်လို့ရမှာ"

"ဟိုကောင် ပေတူး၊ မင်းက ယပ်ခတ်၊ လန်ဘားက ပစ္စည်းတွေ ခြစ်ယူ၊ ဟိုတိပြီးနော်။ ကဲ…ငါ သူ့ကိုခေါ်လိုက်တော့မယ်။ ဘာမှမကြောက်ကြနဲ့"





"ဖရော…ရော"

"ဝေါ…ရှဲ…ဝုန်း"

ဆရာသိုက်ကသာ မကြောက်ကြနှင့်ဟု ဆိုပါသော်လည်း ဘန်ဒူးတို့လေးယောက်ကမူ ရွာကမထွက်ခင်ကတည်းက ဆရာသိုက် ချည်နှောင်ပေးထားသော လက်ဖွဲ့ကြိုးကိုယ်စီ ရှိကြပါသော်လည်း ကိုယ့်ရွာသူ မြနှင်း၏ အခေါင်းနှင့် အလောင်းအား မျက်စိရှေ့ ကိုယ်တိုင်ကိုယ်ကျ ကြောက်မက်ဖွယ်ရာ ပွရောင်းနေသည့် ရုပ်သွင်ဖြင့် မြင်နေရပြီး သုသာန်ကုန်းကြီးတစ်ခုလုံးလည်း မကျွတ်မလွတ်သည့် နာနာဘာဝ တစ္ဆေသရဲ၊ ဖုတ်၊ ပြိတ္တာတွေက သူတို့လူစုအား ခံပြင်းဒေါသထွက် သောင်းကျန်းနေသည့်အလား ဝါးရုံကိုင်းများ၊ သစ်ပင်ကြီးငယ်၊ ချုံနွယ်များပင် ဝုန်းဒိုင်းကျဲ လှုပ်ယမ်းနေသည်ကပင် ကြောက်စိတ် ငယ်ထိပ်သို့ တိုးဆောင့်လာနေလေ၏။ စိတ်သည် ဆန်းကြယ်လွန်းလှသည်။

သို့သော် မည်သူမျှ စည်းအပြင် ထွက်ပြေး၍မရ။

စည်းပေါက်လျှင် သူတို့အားလုံး တစ်ယောက်မျှ မကျန်အောင် ဤသုသာန်ကုန်းရှိ တစ္ဆေသရဲများက ကုပ်ချိုး၍ စားသောက်ကြမည်ဟု ဆရာသိုက်က တင်ကြိုပြောပြထားပြီးသား။ အရက်ရှိန်က အနည်းငယ်ပြေလာလေ ရဲစိတ်နေရာ၌ စိုးရိမ်ထိတ်လန့် ကြောက်ရွံ့စိတ်က အနည်းနှင့်အများ ခိုဝင်လာလေသည်။ ဘန်ဒူးပင် ဒူးများ ခွေညွှတ်မတတ် ဖြစ်ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာသိုက်က အခေါင်းထိပ်တွင် မီးထွန်းပြီး နှုတ်ကချေ ခပ်တိုးတိုးရွတ်နေသည်။ ကြယ်စကြယ်နတို့ပင် ညဉ့်နက်လာ၍လား၊ တိမ်ညိုတို့ ဖုံးလွှမ်းဖျောက်ပယ်ထား၍ပဲလား မသိ။ အမှောင်က ခုနထက်စာလျှင် ပို၍ရင့်မှောင်လာသည်။ လေပြေကြမ်းထဲမှာ ဓာတ်ဆီအနည်းငယ်သာ ကျန်တော့သည့် အောက်လင်းလက်ဆွဲ မှန်အိမ်ငယ်နှင့် မြနှင်း၏ အခေါင်းခေါင်းရင်းထိပ်၌ ထွန်းညှိထားသော ဖယောင်းတိုင်တုတ်တုတ်ကြီးအလင်းကသာ သုတ်ဝန်းကျင် ပျပျလေး ဖြာလင်းနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကိုယ့်လက်ပင် ကိုယ်ပြန်မမြင်ရအောင် မှောင်မိုက်သွားသည်ဟု ဆိုရပေမည်။

"ကဲ...လွန်ခဲ့တဲ့ သုံးရက်က သေဆုံးသွားတဲ့ မြနှင်း နင့်ကို ငါဆရာ ခေါ်နေတယ်။ နင် ရောက်တဲ့နေရာကနေ အမြန်ဆုံး နင့်ရုပ်ထဲ နင့်ဝိညာဉ် လာပြန်ဝင်။ ငါဆရာခေါ်နေတယ် မြနှင်း အမြန်ဆုံးလာခဲ့"

"အု...ဂူ...ဂူး...အူး"

"ဖရော...ဖရောက်...တောက်"

"မြနှင်း...ရောက်ရာအရပ်ကနေ နင့်ရုပ်ထဲ နင်ပြန်ဝင် ငါဆရာသိုက် အမိန့်၊ ခုချက်ချင်း လာစမ်း"

စက္ကန့်ကနေ မိနစ်သို့ ကူးပြောင်းလာတော့ ဆရာသိုက် လက်ထဲရှိ တစ်တောင်ခန့် ပထမဆုံးစည်းတားသည့် တုတ်ကလေး





အား ဆ,ရင်း အသံက အနည်းငယ်မာလာသည်။ ဒေါသထွက်လာဟန် တူလေသည်။ ဘန်ဒူး၊ ငွေးမြင့်တို့မှာ မှောင်မည်းနေသော သေးပတ်ဝန်းကျင် ဂူကြိုဂူကြား မှတ်တိုင်အကျိုးအပဲ့များနှင့် ဝါးရုံတွေကြားကနေ မည်သည့်ပုံသွင်သဏ္ဌာန်နှင့် မည်သည့်တစ္ဆေသရဲ နာနာဘာဝများ ထွက်ပေါ်လာမလဲဟု အထိတ်တလန့် စူးစမ်းကြည့်နေရသည်။ သူတို့မှာ ကိုင်းဓားရှည်များလည်း ပါလာသည်။

တစ်စုံတစ်ခု ကြွလာပါက အသက်အန္တရာယ်ဖြင့် နီးကပ်လာပါက တစ္ဆေသရဲ၊ သုသာန်စောင့်ကြီးရော၊ မှင်စာဖြစ်ဖြစ်၊ သဘက်ကြီးပဲဖြစ်ဖြစ် ဓားစာကျွေးပစ်မည်ဟု ဘန်ဒူးတွေးထားသည်။

"ကဲ...မြနှင်းကို ပိုင်ဆိုင်တဲ့၊ ချုပ်နှောင်ထားတဲ့ ခိုင်းစေတဲ့ သုသာန်စောင့်ကြီး။ သင့်ကို ကျွန်ုပ်တို့က သင့်နယ်မြေမှာ အစားအစာလည်း ကျွေးမွေးပြီးပြီ။ သင်က မြနှင်းကို မလွှတ်ဘူးဆိုရင် ကျုပ်အဆိုးမဆိုနဲ့။ ကျုပ်ဆရာသိုက်က ဓားသရိုင်းအောင်ထားတဲ့သူပဲ။ ကျုပ်ရဲ့အမိန့်မနာခံရင် သင့်ကိုပါ ကျုပ်က ကြိုးစကြာ၊ မီးစကြာနဲ့ ချည်နှောင်ရလိမ့်မယ်။ သင်ကိုယ်တိုင် မြနှင်းကို လွှတ်ပါ"

"အဟီး...ဟင်း...ဟင်း"

"ဝေါ...ဖရော...ရှီး...ရှီး"

"အု...ဝူး...ဝူး...အူး"



www.burmeseclassic.com

www.burmeseclassic.com



“ဟော…ဆ…ဆရာသိုက်၊ အ…အလောင်းကြီး… လှုပ်…လှုပ်လာပြီ”

“ဟာ…ဟုတ်…ဟုတ်တယ် ဆရာသိုက်။ ဟာ… ထ…ထတော့မယ်”

“ကဲ…သင့်ကို ကျွန်ုပ်အမိန့်ပေးတယ်။ မြနှင်း…ခုချက်ချင်း ထစမ်း။ ငါ့အမိန့်ကို နာခံ။ ခုထစမ်း”

“ဟာ…မြ…မြနှင်းအလောင်းကြီး ထ…ထလာပြီ”

★ ★ ★

ဘန်ဒူးနှုတ်မှ အလန့်တကြား လေသံက ထွက်ပေါ်လာသည်။

ဌေးမြင့်၊ ပေတူးတို့လည်း ထိတ်လန့်စိတ်၊ အံ့ဩစိတ်တို့ဖြင့် ကြောင်တောင်ကြီး မှင်တက်နေမိကြသည်ဟု ဆိုရမည်ဖြစ်သည်။ သူတို့တစ်သက်ဖြင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါသာ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရသည့် မြင်ကွင်းပင်ဖြစ်သည်။ သုသာန်ကြီးတစ်ခုလုံး အမှောင်ထုအောက် ပိန်းပိန်းပိတ်နေပြီး သူတို့လူစုရှိရာ မြနှင်း၏ မြေပုံနှင့် ခေါင်းတလားကြီးအနီးတစ်ဝိုက်တွင်သာ ဖယောင်းတိုင်၊ အောက်လင်းဓာတ်မီးအိမ်ငယ် အလင်းဖြင့် ဝိုက်ဝိုက်ကွက်ကွက်ကလေး လင်း၍နေလေသည်။





သို့သော် တစ်ပေ၊ နှစ်ပေခန့်မျှသာ မကွာသည်မို့ အဖြစ်ကို ထင်းထင်းကြီး မျက်စိတပ်အပ်မြင်နေရလေသည်။

“ကဲ…ထစမ်း၊ မြန်မြန်ထ မြနှင်း။ ထပြီး ဒီမှာထိုင်။ ငါဆရာအမိန့်ပေးနေတယ်”

ဆရာသိုက်၏ ခက်ထန်သော လေသံကြောင့် ခေါင်းတလားကြီးထဲမှ မြနှင်းက မတ်တတ်ရပ်ကာ ခေါင်းတလားကြီး အပြင်သို့ လှမ်းထွက်လိုက်၏။ အပုပ်နံ့ကြီးက ဝန်းကျင်တစ်ခုလုံး မခံနိုင်အောင် ထောင်းထောင်းထနေသည်။ မြနှင်း၏ခန္ဓာကိုယ်မှာ လွန်ခဲ့သည့်သုံးရက် မသေဆုံးခင်ကထက် ပိုမို၍ ပွရောင်းဖောင်းကားနေပြီး သွေးဆုတ်ဖြူရော်နေသည့် မျက်နှာပြင်ထက် ဆံပင်ကြီးက ဖွာရာကျဲ ဖုံးအုပ်နေသည်။ ယင်းအသွင်ပြင်ကပင် ထိတ်လန့်ချောက်ချားဖွယ်ရာ ကောင်းလွန်းလှသည်။

ရပ်သိရွာသိ သေပြီးမြေမြှုပ်နှံထားသည့် အခေါင်းတလားကြီးထဲမှ ဝိညာဉ်ကင်းမဲ့နေသော ရုပ်ထည်ကြီးအား သူတို့အားလုံး၏ရှေ့မှောက်တွင် ခေါင်းတလားကြီးထဲမှ ထပြီးလှမ်းထွက်လာနိုင်အောင် အစွမ်းထက်သည့် ဆရာသိုက်ပညာကို ဘန်ဒူးတို့အုပ်စု အနည်းငယ် ရှိန်သွားလေသည်။

“အဲဒီမှာ ထိုင်စမ်း”

ဆရာသိုက်၏ အမိန့်အတိုင်း မြနှင်းက တစ်သဝေမတိမ်း လိုက်နာသည်။ ခေါင်းတလားကြီးနံဘေး မြေပြင်ပေါ် မြနှင်းက



www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ကျုံ့လေး ထိုင်ချလိုက်သည်။ တိတ်ဆိတ်နေသည့် သုသာန်ဝင်းကြီးတစ်ခုလုံး ဆရာသိုက်၏ အသံကသာ ဖုံးလွှမ်းနေ၏။ မြနှင်း၏ အလောင်းကောင်ကြီး ခေါင်းတလားကြီးတွင်းမှ စတင်ထလာသည်နှင့် ခုနတစ်ချိန်လုံး ဆူညံစွာ အော်ညည်းနေကြသည့် အသံများ၊ ငှေ့ယမ်းယိမ်းခါနေသည့် သစ်ပင်ဝါးရုံများ၊ ခွေးအူသံများ ရုတ်ခြည်းဘာသံမျှ မကြားရတော့လောက်အောင် တိတ်ဆိတ်ငြိမ်သက်၍သွားသည်ကပင် ထူးဆန်းနေရလေသည်။ သုသာန်ကုန်းကြီးတစ်ဝိုက် သစ်ရွက်တစ်ရွက်ကြွေသံ၊ သစ်ကိုင်းခြောက်ငယ်တစ်ခု ကျိုးကျသံကိုပင် ကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်မှုမျိုးဖြင့် ငြိမ်သက်နေခြင်း ဖြစ်သည်။

"ငွေးမြင့်…ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးပေးလိုက်။ ကဲ…မြနှင်း သနပ်ခါးသွေး။ ပြီးရင်လိမ်းစမ်း"

ငွေးမြင့် သူ့ရှေ့တည့်တည့်၌ သွေးတစ်စက်မျှမရှိသည့် ဖြူဆုတ်ဆုတ် အပုပ်နံ့များ တထောင်းထောင်းထနေသော မြနှင်း၏ အလောင်းကောင်ကြီးအား တည့်တည့်မကြည့်ရဲဘဲ မျက်နှာလွှဲလျက် ကျောက်ပျဉ်နှင့် သနပ်ခါးတုံး၊ ရေဘူးအား အရှေ့တည့်တည့်ချပေးလိုက်သည်။

"ကဲ…သနပ်ခါးသွေးစမ်း"

ဆရာသိုက်က ခက်ထန်စွာ ပြောလိုက်သော်လည်း မြသွေးက သနပ်ခါးတုံးကို မထိဘဲ ဆရာသိုက်ထံသို့ မျက်သားနက်ဆန်





ရှိသည့် ဖြူဆွတ်ဆွတ် မျက်ဝန်းအစုံဖြင့် မကျေနပ်သလို လှမ်းကြည့်သည်။ မြနှင်း၏ပုံစံက ဆရာသိုက်၏စကားကို မနာခံ၊ နာယူလိုသော သဘော။

"အောင်မာ…ငါ့ကို အာခံချင်တယ်ပေါ့၊ ဟုတ်လား။ နင်က ဘာအစွမ်းရှိလို့ လူပါးဝချင်တာလဲ။ ငါတို့မှာ အချိန်မရှိဘူး။ ကဲ…သနပ်ခါးသွေးပြီးလိမ်း။ ဟိုကောင် လန်ဘား…ကောင်မသနပ်ခါးလိမ်းတုန်း အမြန်ဆုံးခြောက်အောင် မင်းယပ်ခတ်ပေး။ ဒါမှ မြန်မြန်ပြီးမယ်။ အချိန်သိပ်မရှိတော့ဘူး"

"ရှဲ…ရှဲ"

"ဂျိ…ဂျလိ…ဂျလိ…ရှဲရှဲ…"

"ဟဲ့ကောင်မ…မူယာမာယာများပြီး မင်းသမီးလို ကနွဲ့ကလျှသွေးမနေနဲ့။ မြန်မြန်သွေးပြီး မြန်မြန်လိမ်းစမ်း"

"အု…ဝူ…ဝူး…အူ"

"ဖရော…ဖရောက်…တောက်…တောက်"

"ဝုန်း…ဘုတ်"

"အံမယ်…ငါ့ကို ပညာစမ်းချင်တယ်ပေါ့။ ကဲကွာ…မှတ်လောက်သားလောက်အောင် ပညာပြလိုက်ဦးမှပဲ…ကဲ"

"ဖရော…ရော"

"အီး…အင်း…အဟင်း"

"အူး…အီး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာသိုက်က မြနှင်း၏ အလောင်းကောင်ကြီး သနပ်ခ... စတင်သွေးနေစဉ် ခုန ချောက်ချားဖွယ်ရာပင် တိတ်ဆိတ်ငြိမ်သက်နေသည့် အနီးဝန်းကျင်၌ ညည်းတွားသံများနှင့်အတူ စည်းဝိုင်းထဲသို့ ကျရောက်လာသည့် ခဲအမှုန်အစများနှင့် မြေကျစ်စာခဲများကြောင့် ဒေါသထွက်သွားပြီး လွယ်အိတ်ထဲမှ ဆန်မန်းအချို့အား လက်ဖြင့်ဆုပ်ကာ အရပ်လေးမျက်နှာသို့ ပက်လိုက်၏။

နာကျင်သည်းထန်စွာ အော်ဟစ်ညည်းတွားသံများ အဆက်မပြတ်ထွက်ပေါ်လာသည်။

အသံထွက်ပေါ်လာရာ တောင်ဘက်နှင့် အရှေ့တောင်သို့ လှမ်းကြည့်လိုက်ရာ အရိပ်သဏ္ဍာန်လိုလို၊ အဖြူရောင် မြူရိပ်ငွေ့များနယ် အရိပ်များ ဟိုဒီပြေးလွှားသွားကြသည်ကို မြင်ရ၏။ သုသာန်ကုန်းကြီးအတွင်းရှိ မကျွတ်မလွတ်သည့် မကောင်းဆိုးရွားတစ္ဆေသရဲ၊ ဖုတ်၊ ပြိတ္တာ၊ မှင်စာ အစရှိသော နာနာဘာဝများ ဆရာသိုက်၏ ဆန်မန်းကြောင့် နာကျင်စွာ ပြေးလွှားအော်ဟစ်ညည်းညူကြခြင်းပင် ဖြစ်၏။ အသံဗလံများ ခေတ္တတိတ်ငြိမ်သွားပြန်သည်။ မြနှင်း၏ အလောင်းကောင်ကြီးမှ စည်းချက်ညီညီ ကျောက်ပျဉ်ထက် သနပ်ခါးသွေးနေသံက မှန်မှန်ထွက်ပေါ်နေသည်။

"ရှဲ...ရှဲ...ရှဲ"

"ဂျိ...ဂျလိ...ဂျစ်...ဂျစ်"





"လန်ဘားက သနပ်ခါးမြန်မြန်ခြောက်အောင် ယပ်ခတ်။ ငွေးမြင့်က မျက်နှာက သနပ်ခါးတွေကို လက်ကိုင်ပဝါခံပြီး နှီးပြားနဲ့ ခြစ်ချ။ မြန်မြန်လုပ်ကြ၊ အချိန်မရဘူး။ ဟဲ့ကောင်မ...မြန်မြန်သွေးပြီး မြန်မြန်လိမ်းစမ်း"

သနပ်ခါးတုံးအား ကျောက်ပျဉ်ထက် တရှဲရှဲသွေးနေရာမှ မြနှင်းအလောင်းကောင်ကြီးက ဆရာသိုက်အား လှမ်းကြည့်ပြီး ရုတ်တရက် သူမ၏မျက်နှာကြီးက နောက်ဘက်သို့ လည်ထွက်သွားသည်။

"အောင်မလေးဗျ...လည်...လည်သွားပြီ...ဆ...ဆရာသိုက်"

"ဘာမှ မကြောက်နဲ့၊ ပညာပြနေတာ။ ဟိုဘက်လှည့်ရင် လှည့်တဲ့ဘက်လိုက်ခြစ်။ ဒီသနပ်ခါးက အရေးကြီးတာ။ ရသလောက်ခြစ်။ မင်းတို့ယူလာတဲ့ ခေါင်ရမ်းပန်း သူ့ကိုပေးလိုက်။ ဒီကောင်မတွေက တစ္ဆေသရဲဘဝ ရောက်တာတောင် အလှအပကော်ဇ သိကွ။ ဒီသင်္ချိုင်းထဲမှာလည်း သူ့ကိုကြိုက်တဲ့ သရဲသဘက်ကောင်တွေ ရှိမှာပေါ့...အဟား"

"တော်...တော်လောက်ပြီထင်တယ် ဆရာသိုက်။ ကျွန်...ကျွန်တော်...ကျော...ကျောချမ်းနေပြီ"

"ပြစမ်း။ အေး...ဒီလောက်ဆို ရလောက်ရောပေါ့။ တဲ့...ဟိုကောင်မ တော်ပြီ။ သနပ်ခါးဆက်မသွေးနဲ့တော့။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



လိုရာရပြီ''

ဆရာသိုက်က ခပ်ထန်ထန်ဟိန်းဟောက်လိုက်ပါသော်လည်း မြနှင်းမှာ ကျောက်ပျဉ်ထက်၌ သနပ်ခါးတုံးအား မြေကြီးပေါ် ကျုံ့ကျုံ့လေးထိုင်ကာ တဂျိုဂျို၊ တရှဲရှဲနှင့် မရပ်မနား သွေးနေဆဲပင် ဖြစ်သည်။ ဆရာသိုက် မျက်မှောင်အနည်းငယ် တွန့်ကျုံ့သွားသည်။ ရှေ့မှ မျက်နှာကြီးက နောက်သို့ရောက်လိုက်၊ ဖားလျားဖွာရာကျဲနေသော ဆံပင်ဖားလျားကြီးနှင့် သေဆုံးပြီးအလောင်းကောင်ကြီးဖြစ်သည့် မြနှင်းက မကြားသလို လက်နောက်ပြန်ကြီးသာ သနပ်ခါးတုံးအား အဆက်မပြတ်သွေးနေသည်။ ထိုစဉ်…

''ဘုတ်…ဘုတ်…ဘုတ်…ဗုန်း…ဗုန်း…''

''အု…ဂူး…ဂူး…အုံ''

''ဂစ်…ဂီး…ဂီး''

''ဖြောင်း…ဝေါ''

''ရှဲ…ရှဲ…ရှဲ…ဖရော…ရော''

''ဘုတ်…ဘုတ်…ဘုတ်…ဗုန်း''

ကျောက်နွားသိုးသချိုင်းကြီး၏ အဝင်ဝဘက်လောက်မှဟု ထင်မှတ်ရသည့် မြေပြင်သုသာန်မြေပေါ် ထုထည်ကြီးမားလှသည့် ခြေလှမ်းကြီးများဖြင့် လှမ်းလာသလို တဘုတ်ဘုတ်၊ တဘုန်းဘုန်းနှင့် ပြင်းထန်ကျယ်လောင်သော ခြေသံကြီးအား ဆရာသိုက်အပါအဝင် ဘန်ဒူးတို့သူငယ်ချင်းလေးယောက်ပါ ကျယ်လောင်စွာ





ကြားလိုက်ရလေသည်။

ယင်းခြေသံကြီးကြောင့် ဘန်ဒူးပင် ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားမိလေသည်။ နီကျင်ကျင် ဖယောင်းတိုင်မီးအလင်းဖြင့် ယှက်ဖြာနေသော ဆရာသိုက်၏မျက်နှာက ကွက်ခနဲပျောက်ယွင်းသွားသည်။ ဆရာသိုက်က ဘန်ဒူးတို့အုပ်စုဘက်လှည့်ကြည့်လျက် -

''ကဲ…တို့ကိစ္စ အောင်ပြီ။ ငါတို့လာခဲ့တဲ့လမ်းက ပြန်ထွက်ဘဲ ကျောက်နွားသိုးတောင် အရှေ့မြောက်ဘက်ကနေ ဖြတ်လမ်းက ရွာထဲပြန်ဝင်မယ်။ တစ်ခုတော့ ရှိတယ်။ ငါတို့ပြန်ရင် အနှောင့်အယှက် နည်းနည်းကြုံချင်ကြုံမယ်။ ဒီမြနှင်းသရဲမလည်း လိုက်လာချင်လိုက်လာလိမ့်မယ်။ ဒါပေမဲ့ ငါတို့ငါးယောက် သူတို့ရဲ့ သုသာန်နယ်မြေစည်းအတွင်းက ထွက်နိုင်ရင်ရပြီ''

''ရှဲ…ရှဲ…ဂျလိ…ဂျစ်''

မြနှင်း၏ အလောင်းကောင်ကြီးကလည်း အပုပ်နံ့တထောင်းထောင်းနှင့် သနပ်ခါးကို အဆက်မပြတ် သွေးနေဆဲပင်။ နောက်ကျောသို့ လည်နေသော မျက်နှာဖြူဆုတ်ဆုတ်ကြီး၊ မျက်ဆန်နက်မပါသော မျက်လုံးကြီးတွေကမူ ချာချာလည်နေပြီး ပါးစပ်မှလည်း လျှာကြီးက တန်းလန်းထွက်ကျနေသေးသည်။

ငွေးမြင့်ခန္ဓာကိုယ်က တဆတ်ဆတ်တုန်နေ၏။

မြနှင်း၏အလောင်းကြီးဘက် မကြည့်ရဲချေ။ ယင်းအခိုက်



www.burmeseclassic.com

www.burmeseclassic.com



"အု…အု…ဂူ…အူး"

"အု…ဂူ…အူ"

"ဘုတ်…ဗုန်း…ဘုတ်"

"အဟင်း…ဟီးဟီး…ငါ့ဟာပြန်ပေး"

သနပ်ခါးတုံးနှင့် ကျောက်ပျဉ် တဂျိဂျိသွေးမြည်သံ၊ ခွေးလေခွေးလွင့်များ တညီတညွတ်တည်း စီးခနဲ ဆွဲဆွဲငင်ငင် အူသံ။ မြေကြီးနှင့် ကြီးမားသော ခြေဖဝါးကြီး ထိတွေ့သံ။ မြနှင်း၏ မပီဝိုးတဝါး စကားသံတို့အား ဘန်ဒူး၊ ဒွေးမြင့်၊ လန်ဘား၊ ပေတူးတို့ နောက်ပြန်လှည့်မကြည့်တော့။

ဒွေးမြင့် ညာလက်ထဲ၌မူ မြနှင်း၏ သနပ်ခါးမှုန်များ စုထုပ်ထားသော လက်ကိုင်ပဝါအား ကျစ်ကျစ်ဆုပ်လျက် …

ဆရာသိုက်၏ ခြေလှမ်းကျဲကြီးတွေနောက် ထက်ကြပ်မကွာ အပြေးလိုက်ပါသွားကြတော့၏။

★ ★ ★

ကျောက်နွားသိုးရှာ သချိုင်းကုန်းမှာ နှစ်ဧက၊ သုံးဧကခန့်ကျယ်ဝန်းသော သုသာန်ဧရိယာကြီးဖြစ်လေသည်။ အမှန်မှာ သုသာန်ကုန်းကြီးအတွင်း နှစ်ပေါင်းများစွာကပင် ရှင်သန်ပေါက်ရောက်နေသည့် သစ်ကြီးဝါးကြီးအချို့နှင့် ကြခတ်ဝါးရုံ၊ ဝါးပိုးဝါး





ရုံကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေသဖြင့် မြေပုံမို့မို့များ၊ ဂူပြိုပျက်များ၊ မှတ်တိုင်အကျိုးအပဲ့များကို ကြယ်ရိပ်အလင်းပါးပါးအောက် ဟိုတစ်စ၊ ဒီတစ်စ လှမ်းမြင်ရသည်။

ရှေ့ဆုံးမှ ခြေလှမ်းကျဲကြီးတွေနှင့် သွားနေသော ဆရာသိုက်အား မီအောင် ဘန်ဒူးတို့လေးယောက် ထက်ကြပ်မကွာ လိုက်နေကြရသည်။ သစ်ပင်ကြို၊ ဂူကြို၊ဂူကြား၊ မှတ်တိုင်များကြားကနေ ဆရာသိုက်က ဖြတ်သည်။ သုံးလေးလံမက ကွာသည့် ဆရာသိုက်အား ဘန်ဒူးတို့ မျက်ခြည်အပြတ်မခံဝံ့။ ဆရာသိုက်အား ယုံကြည်အားကိုး၍သာ ဒီည သူတို့ မြနှင်း၏ အလောင်းကောင်ကြီးထံမှ သနပ်ခါးကို အရယူခဲ့ခြင်းဖြစ်သည်။ ယင်းသနပ်ခါးအစွမ်းကို အားကျ၍သာ လူမနီး၊ သူမနီး မကြောက်မဝံ့ဘဲ ဆရာသိုက်ခေါ်ရာ သချိုင်းကြီးထဲသို့ ဘန်ဒူး၊ ဒွေးမြင့်၊ လန်ဘား၊ ပေတူးတို့ လိုက်ပါဝံ့ကြခြင်း ဖြစ်သည်။

လက်တစ်ဆုပ်စာ အစိမ်းသေသနပ်ခါးမှုန့်ဖြင့် မထိုက်တန်အောင် သူတို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်က ထိတ်လန့်ချောက်ချားဖွယ်ရာ ကောင်းလှသည်။ ဘန်ဒူး နဂိုကမူ တစ္ဆေသရဲ၊ ဖုတ်၊ ပြိတ္တာများ၊ သဘက်များ ဆိုသည်မှာ ရွာရှိ သက်ကြီးရွယ်အိုတွေပါးစပ်ဖျားနှင့် ရွာဦးကျောင်းရှိ ဘုန်းကြီးစာတွေထဲမှာသာ ရှိသည်ဟု ထင်မှတ်ထားမိသည်။

"ဟေ့ကောင်တွေ…မြန်မြန်လျှောက်။ နောက်က သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာကြပြီထင်တယ်”

“ဘယ်···ဘယ်သူလိုက်လာတာလဲ ဆ···ဆရာသိုက်”

ပေတူးက အပြေးတစ်ပိုင်း လှမ်းနေရင်းမှ ဆရာသိုက်အား မေး၏။ ဆရာသိုက်က ချာခနဲလှည့်ကာ ဒေါသလေသံဖြင့်

“မင်းပထွေး၊ မင်းအဘတွေပေါ့ဟ။ မင်းက သင်္ချိုင်းကုန်းထဲ ညဥ့်နက်သန်းခေါင်လာပြီး အစိမ်းသေသနပ်ခါးယူတာ လွယ်လွယ်များ ပျော်ပွဲစားထွက်လာတယ်ထင်လို့လား။ သူတို့ပစ္စည်း သူတို့အပါခံမှာမဟုတ်ဘူး။ မြန်မြန်ကလည်း ပေးမှာမဟုတ်ဘူး”

“ဒီကြားထဲ မင်းတို့ ကျောက်နွားသိုးသင်္ချိုင်းကို ငါက လျှော့တွက်မိတာကွ။ ငါတို့ကိုစွ အောင်မြင်ခါနီး နောက်ဆုံးပိတ်ရောက်လာတဲ့ သဘက်ကြီးက သက်တမ်းအတော်ရင့်နေပြီကွ··· ဟော···”

“ဘုတ်···ဘုတ်···ဗုန်း”

“ငါ့ပစ္စည်းပြန်···ပေး။ ငါ···ငါ့ဟာ··ပြန်···ပြန်ပေး”

“အဟင်း···ဟီးဟီး”

“ဟီး···ဟား···ဟင်း···အင်း”

“ဝေါ···ရှဲ··ရှဲ···ဖြောင်း”

ကြားနေရသော ခြေလှမ်းသံကြီးကြောင့် သူတို့မပြေးရဲ တစ်မယ် အပြေးတစ်ပိုင်းလှမ်းနေသော မြေကြီးပင် တုန်ခါနေ





သယောင် စိတ်ထဲထင်မိသည်။ သူတို့လူစု၏ အနောက်ဘက်တွင် သာမက အရှေ့ဘက်ရှိ ဝါးရုံပင်ကိုင်းတွေ၊ သစ်ပင်ချုံနွယ်အချို့ပါ လေကြမ်းများ အကြမ်းတိုးဝှေ့နေသကဲ့သို့ သစ်ကိုင်းဝါးကိုင်းချင်း ညွှတ်ကိုင်းပြီး တဝေါဝေါ တရှဲရှဲမြည်နေသည်။ တောခြောက်သည်လား၊ တောမှောက်သည်လား မကွဲပြား။

ဘန်ဒူး၏ အကြားအာရုံထဲ၌မူ ကလေးငယ်များ၊ အမျိုးသမီးများ၏ ငိုသံ၊ အော်ညည်းသံတွေကြား ငါ့ဟာပြန်ပေး၊ ငါ့ဟာပြန်ပေးဟူသော သဲသဲကွဲကွဲအသံကြီးပါ နီးကပ်စွာကြားနေရသည်။ ဘန်ဒူးနံဘေးမှ ဌေးမြင့်၏ မျက်နှာတစ်ပြင်လုံး မီးအိမ်အလင်းရောင်အောက် ဇောချွေးများ သီးနိုနေသည်။ ထိုစဉ် လန်ဘားပါးစပ်မှ -

“ဟာ···ရှေ့···ရှေ့မှာ”

ဝေါခနဲ ချုံပုတ်ငယ်တစ်ခုထဲမှ ပြေးထွက်လာသည့် တောဘက်လား၊ မည်သည့်သတ္တဝါမှန်း ခွဲခြားမရသည့် သတ္တဝါသုံးလေးကောင်ကြောင့် အားလုံး တုံ့ခနဲဖြစ်သွားသည်။ ဘာလုပ်၍ ဘာတိုင်ရမှန်း မသိ။

“ဟာ···”

“နည်း···နည်းတဲ့အကောင်ကြီး မဟုတ်ဘူး”

တောကြောင်လိုလို၊ တောဝက်လိုလို သတ္တဝါသုံးလေးကောင်က ကြယ်ရောင်အောက်မှာပင် ရုတ်တရက် လျှင်မြန်စွာ



www.burmeseclassic.com

www.burmeseclassic.com



အရင်ကြီးတွေက ရှည်လျားဆန့်ထွက်လာသည်ကို မြင်၍ ဘန်ဒူးပင် သွေးရပ်မလို ဖြစ်သွား၏။ ဆရာသိုက်က -

"အောင်မာ..."

"ဖရော...ဖျော...ဖျော"

"အီး...အူး"

ဆရာသိုက်လက်ထဲမှ ဝေါခနဲ ကျဲပြန့်သွားချိန် မချိမဆံ့ ညည်းတွားသံများနှင့်အတူ ဖျတ်ခနဲ ယင်းတစ္ဆေကောင်ကြီးများ ပျောက်ကွယ်သွားသည်။ သို့သော် တစ်တောလုံး၊ သုသာန်ကြီး တစ်ခုလုံး အသံဗလံမျိုးစုံ၊ ညည်းတွားသံ၊ ရယ်သံ၊ ငိုကြွေးသံတို့ ဖြင့် ပွက်လောရိုက်နေသည်။ ရှေ့တွင် သုသာန်ကုန်းမြေ နယ်နိမိတ် အစပ် ဖြတ်လမ်းဝရှိ ရေးကပင်ရှိသော အုတ်ဂူကြီးအား လှမ်းမြင် နေရပြီး ယင်းအုတ်ဂူကြီးမှာ ဘန်ဒူးတို့ ငယ်စဉ်ကတည်းက တည်ရှိ သည့် ရွာနှင့် သုသာန်ကုန်း နယ်နိမိတ်စည်းဖြစ်သည်။

"ရွာ...ရွာရောက်ပြီကွ"

"ပေး...ငါ့ဟာ...ပြန်...ပြန်ပေး"

"ဖရော...ရော"

လေနီကြမ်းတစ်ခု သူတို့အားလုံး၏ နံဘေးမှ ဝေါခနဲ ဖြတ်သန်းသွားသလို ဘယ်ညာနှစ်ဖက်စလုံး လေတိုးဖွေခြင်းခံလိုက် ရပြီး ရုတ်တရက် အုတ်ဂူကြီးအနီးမှာ ရပ်နေသော ဆံပင်ဖားလျား နှင့် မိန်းမသုံးယောက်အား အားလုံး တွေ့မြင်လိုက်ရ၏။ ခြေလှမ်း





တွေ တုံ့ခနဲ ဖြစ်သွားကြ၏။

"ငါ့ပစ္စည်း...ပြန်...ပြန်ပေး"

အလယ်မှ ဆံပင်ဖားလျားနှင့် ထဘီကြီးရင်လျားလျက် လက်ဆန့်တန်းပြီး မပီမသ လူ့ညည်းသံကြီးပမာ ပြန်လည်တောင်း ခံနေသူမှာ အစောပိုင်းက သူတို့တစ်တွေ လွှန်ခဲ့သော သုံးရက်ခန့် ကမှ မြှုပ်နှံထားရာကနေ ပြန်တူးဖော်ပြီး တစ္ဆေသနပ်ခါးအား အရယူခဲ့သည့် ရွာအစွန်ပိုင်းမှ မြနှင်းပင် ဖြစ်လေသည်။

"ငါ့ပစ္စည်းပြန်ပေး...ငါ့ဟာပြန်ပေး"

"အဟီး...ဟင်း...ဟင်း"

"ဟီး...ဟား...ဟား"

အစိမ်းသေ မြနှင်းအပြင် ထဘီရင်လျားထားသည့် မိန်းမ နှစ်ယောက်ကလည်း မျက်ထောင့်ကြီးများနီလျက် ဘန်ဒူးတို့လူစု အား မကျေမချမ်း အကြည့်ဖြင့်ကြည့်ကာ ရှေ့သို့ တရွေ့ရွေ့တိုး ကပ်လာ၏။ သူမတို့အသွင်သဏ္ဌာန်များက ဒွေးမြင့်၏ လက်တွင်း မှ သနပ်ခါးထုပ်အား မရရအောင် ပြန်လုယူမည့် ဟန်မျိုးဖြစ်သည်။

ယင်းအခိုက်မှာပင် ဘယ်ကနေ ဘယ်ပုံရောက်ရှိလာာက မှန်းမသိသည့် မည်းကျုတ်ကျုတ် ပုပ်အဲ့အဲ့ အသွင်သဏ္ဌာန်မျိုးစုံ နှင့် ခေါင်းကြီးကိုယ်သေး၊ အရုပ်ဆိုးဆိုး ပရလောကသား တစ္ဆေ မှင်စာ အကြီးအငယ်များကလည်း အစုလိုက်၊ အုပ်စုလိုက် မကျေ မနပ်အကြည့်ဖြင့် ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က သစ်ပင်ကိုင်းပေါ် တွဲလောင်းထိုင်လျက် ကိုယ့်အသားကိုယ် ပြန့်ပြီးဖဲ့ကာ တဂျွတ်ဂျွတ် ကိုက်ဝါးစားနေကြသည်။ တချို့ ပြိတ္တာကြီးများ လက်ထဲကမူ သစ်သားမှတ်တိုင်ငုတ်ကြီးများ ကိုင်ထားသည်။ ဘန်ဒူးတို့အုပ်စု ကြက်သီးများ တဖြန်းဖြန်းထလျက် ဆံပင်များပင် ထောင်ထ,လာနေသည်။

အားလုံး ဘယ်လိုရှေ့တိုးရမည်မှန်း မသိ။ ဝန်းကျင်တစ်ခုလုံး ရယ်မောသံများ ညံနေသည်။

အရှင်းဆုံးပြောရပါလျှင် ဘန်ဒူးတို့တစ်သက်တာ ဒီတစ်ညလုံး မကြုံဖူးသည်များ၊ ထိတ်လန့်သွေးပျက် ချောက်ချားဖွယ်ရာ ရင်ဆိုင်ကြုံတွေ့နေရ၍ သူတို့စိတ်ရှုးထပြီး လိုချင်မက်မောသည့် အစိမ်းသေသနပ်ခါးအား လိုပင်မလိုချင်တော့ပေ။ သို့သော် ဒီပစ္စည်းအတွက် သူတို့ ညဥ့်ဦးယံကပင် သုသာန်သင်္ချိုင်းကုန်းကြီးထဲ အသက်နှင့်ရင်း၍ ရအောင်ဆောင်ရွက်ခဲ့ကြပြီးပေပြီ။

"ဘုတ်…ဘုတ်"

"ဟာ…"

"ဟော့ကောင်တွေ…ပြေး…ပြေး"

ရုတ်တရက် လုံးဝထင်မှတ်မထားပါဘဲ ကောင်းကင်မည်းကြီးထဲမှ ဖြန်းခနဲ ပြုတ်ကျလာသည့် အုတ်ဂူပျက်ကြီးရှေ့နားသို့ ကြီးမားလွန်းလှသည့် တဲအိမ်တစ်လုံးစာခန့်မျှရှိသည့် အမွေးအမှင်များ ဖုံးအုပ်နေသော ခြေထောက်ကြီးနှစ်ခုက ဝုန်းခနဲ





ကျလာလေသည်။ ဘန်ဒူးတို့အနားပင် မြေကြီး၊ မြေခဲ၊ မြေမှုန်များ တဖွားဖွား လွင့်စဥ်ကျလာသည်။

ဆရာသိုက်၏ နှုတ်မှပင် သူတို့တစ်ခါမှ မကြားဖူးသည့် အထိတ်တလန့် သွေးပျက်ဖွယ်ရာ အသံနက်ကြီး ပေါ်ထွက်လာသည်။ ဆရာသိုက် ချာခနဲ လှည့်ပြေးလေသည်။

"ပြေး…ပြေး"

"နည်း…နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"

"အဟီး…ဟား…ဟား…ဟီး"

"ငါ့ဟာပြန်ပေး။ ငါ့ပစ္စည်းပြန်ပေး…ဟီးဟီး"

"ဂစ်…ဂီး…ဂီး"

★ ★ ★

(၁၈)

✦ ၁.၁၀.၂၀၁၄ ✦

"အရှင်ဘုရား မိန့်ဟပြောပြတဲ့ အဖြစ်အပျက်က အရမ်းထူးဆန်းသလို အရမ်းလည်း အံ့သြစရာ၊ သွေးပျက်စရာကောင်းတယ်ဘုရား။ နာမ်လောက၊ ပရလောကသားတွေ၊ တစ္ဆေသရဲ၊ ပုတ်ပြိတ္တာ ဆိုတဲ့ ဝေမာနိကတွေရဲ့ ဆိုးရွားလှတဲ့ ဘဝကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကွက်ကွက်ကွင်းကွင်း အများသိရတာပေါ့ အရှင်ဘုရား။ အဲ... ဒါပေမဲ့...တစ်ခုတော့ တပည့်တော်မရှင်းလို့ မေးပါရစေ''

''မေးပါဒကာ၊ မေးပါ။ ဘာသိချင်လို့လဲ''

''အရှင်ဘုရား ပြောပြတဲ့အထဲက အဲဒီ ဆရာသိုက်ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ကျောက်နွားသိုးရွာသား ကာလသားတွေဖြစ်တဲ့ ဘန်ဒူး တို့၊ ငွေးမြင့်တို့၊ လန်ဘားတို့ဆိုတဲ့ ချာတိတ်တွေက ဒီလောက် ပရလောကသားတွေ မျိုးစုံကြီးစိုးနေထိုင်တဲ့ သုသာန်ကုန်းကြီးထဲ ဘာကိစ္စကြောင့် ဘာပစ္စည်းကို လိုချင်မက်မောလို့ အသက်ကို တောင် မကြောက်မရွံ့သွားကြတာလဲ အရှင်ဘုရား''

''ပီယဆေးလေ။ ပီယဆေးကြောင့်ပေါ့ကွယ်။ ကိုယ်နှစ် သက်တဲ့၊ မြတ်နိုးတဲ့ မိန်းမချော၊ မိန်းကလေးတွေ ကိုယ့်နောက် တန်းဟန်းစွဲလိုက်ကြတဲ့ မျက်နှာပွင့်ပီယဆေး ဖော်ဖို့အတွက် စွန့်စား ပြီးသွားခဲ့ကြတာပေါ့ကွယ်''

''ဗျာ...''

''မောင်ရင်လေးလည်း ကြားဖူးမှာပေါ့ကွယ်။ လူငယ် တွေ၊ ကာလသားတွေဆိုတာ စိတ်ရူးပေါက်ရင် ထင်ရာမြင်ရာ လုပ်ကိုင်တတ်တဲ့ သဘောရှိတယ်မို့လား။ အမှန်အမှား၊ အပြား အလုံး ဘယ်ကွဲပြားနိုင်မလဲကွယ်။ ကိုယ်ဖြစ်ချင်တာ၊ လိုချင်တာ တစ်ခုပဲ ရှေ့တန်းတင်တတ်ကြတာကလား။ ဒါကြောင့်လည်း အများတွေနဲ့ ကြုံဆုံရတာပေါ့။ အမှန်တော့ ဒီအလုပ်၊ ဒီအဖြစ်





ဒီကိစ္စမျိုးတွေဆိုတာ လောကီနယ်မြေမှာ ဘယ်သူမှ လက်မခံတဲ့ ဆိုးရွားအောက်တန်းကျတဲ့ နည်းတွေနဲ့ စီရင်တာပဲကွယ့်။ ဘာပြု လို့လဲဆိုတော့ ဆရာသိုက်က ရွာနီးချုပ်စပ်မှာ အောက်လမ်းဆရာ ရယ်လို့ နာမည်ထွက်နေတဲ့သူကိုး''

''သူတို့ အဲဒီ ကျောက်နွားသိုးသင်္ချိုင်းကြီးထဲမှာ မီးမဖွား နိုင်ဘဲ သေဆုံးသွားတဲ့ မြနှင်းရဲ့အလောင်းကိုဖော်၊ ပရဝိဉာဉ်ခေါ် သွင်းပြီး ကျောက်ပျဉ်နဲ့ သနပ်ခါးစီရင်တာ မျက်နှာပွင့်ပီယဆေး ရဖို့ပဲကွယ့်။ အမှန်တော့ အောက်တန်းကျတဲ့ ပညာတွေ၊ နည်းတွေ ပေါ့ကွယ်။ မလုပ်ကောင်းတဲ့အရာတွေလို့ပဲ ဆိုရမယ်''

''အဲဒါထက် အဲဒီညက ဘာ...ဘာတွေ...ဆက်ဖြစ် သွားသလဲ အရှင်ဘုရား''

ကျွန်တော် အလောတကြီး မေးလျှောက်လိုက်မိသည်။ သက်တော်ငယ်ရွယ်သေးသော ဦးပဥ္ဇင်းငယ်က သက်ပြင်းချ သည်။ ယင်းအခိုက်...

''တူ့နယ်...တဲ့နယ်...ဖြောင်''

''ငါဆရာ...ရွာအရိုး...ပုဆိုးနဲ့ထဘီမပါ...ဟိတ်.. ငါကိုယ်တော်တိုင်းအမိန့်...ခုနာခံစမ်း...အံမယ်...သရဲမက ငါ့ကိုစမ်းတယ်ပေါ့လေ။ တယ်...ငါ ကြိုးနဲ့တုပ်လိုက်ရ... မင်းတို့ တစ္ဆေသရဲတွေ၊ မှင်စာတွေကို ပြုတ်တောင်မစားဘူးကွ...တူ့နယ့် တဲ့နယ်ဖြောင်...''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ဦးပဥ္စင်းငယ်တို့ရှိနေရာ ရွာထိပ် စေ ဒီ တန်ဆောင်းရှေ့မှ ပါးစပ်ကနေ ပြောချင်ရာပြော၊ ဆိုချင်ရာဆိုလျက် အဝတ်အစားများ ဖိုသီဖတ်သီနှင့် ကြီးမားသည့် လွယ်အိတ်ကြီး တစ်လုံး လွယ်ထားသော ဆံပင်ရှည်ညှဉ်းသိုးသိုး အဘိုးကြီးတစ် ဦးက စေတီလေးတစ်ဖက်သို့ အပြေးတစ်ပိုင်း တက်သွားသည်။

ကြည့်ရသည်မှာ စိတ်ဖောက်ပြန် ရူးသွပ်နေပုံပေါ်သည်။ ဦးပဥ္စင်းက -

"ကံ-ကံ၏အကျိုးကို ဘယ်လိုသတ္တဝါမှ ပြေးလို့မလွတ် ဘူးဆိုတာ အဲဒါပဲ။ အင်း...သံဝေဂလည်း ယူစရာကောင်းသလို၊ အရမ်းလည်း ထိတ်လန့်စရာကောင်းတယ်ကွယ့်။ သူ့နာမည်က ဆရာသိုက်တဲ့။ ခုတော့ အရူးကြီးဘသိုက်ပေါ့လေ"

"ဗျာ..."

"အဲဒီ သင်္ချိုင်းကုန်းမှာ အစိမ်းသေ သရဲမမြနှင်းကိုခေါ် ပြီး မျက်နှာပွင့်ပီယသနပ်ခါး ဆေးဖော်ဖို့ ဦးဆောင်ခဲ့တဲ့ ဆရာသိုက် လေ။ အဲဒီညက လန့်ဘားနဲ့ ပေတူးတို့က နှလုံးသွေးရပ်ပြီး သေ သွားကြတယ်။ ငွေးမြင့်ရယ်၊ ဆရာသိုက်ရယ်က ဘယ်လိုတွေ ဘယ်လိုရင်ဆိုင်ပြီး ဘာတွေ တွေ့ကြုံခဲ့သလဲ မသိနိုင်သလို အရူး ဘဝရောက်သွားတာပဲ။ ဦးပဥ္စင်းရဲ့ဘွဲ့က ဦးပညာဝ။ လူ့ဘဝတုန်း ကတော့ တစ်ရွာလုံးက ဘန်ဒူးလို့ပဲ ခေါ်ကြတယ်"

"ဟင်...ဒါ...ဒါဆို"





"ဟုတ်တယ်...ခု ဒကာလေးကို ပြောပြတဲ့ ကျောက် နွားသိုးသင်္ချိုင်းကြီးထဲမှာ မြနှင်းရဲ့အလောင်းကိုဖော်ပြီး ပီယဆေး ဖော်ဖို့ ကြိုးစားခဲ့တဲ့ တစ္ဆေသရဲ၊ ဖုတ်ပြိတ္တာ၊ မှင်စာတွေနဲ့ ကိုယ် တိုင်တွေ့ကြုံ နပန်းလုံးခဲ့ရတဲ့ ဘန်ဒူးဆိုပါတော့။ ဒီအဖြစ်အပျက် က ဦးပဥ္စင်းကိုယ်တိုင် ကြုံခဲ့ရတဲ့ တကယ့်အဖြစ်ပဲ။ သံဝေဂ ယူနိုင်အောင်လို့ ဦးပဥ္စင်းက အမှတ်မထင် ကြုံတုန်းပြောပြမိတာ ပါ။ ကဲ...နေလည်းညိုပြီ၊ ဦးပဥ္စင်းကြွမယ်"

ရိုးမတောင်တန်းကြီးများ အထက်၌ လိမ္မော်ရောင်နေလုံး ကြီးက မေးတင်စပြုနေလေပြီ။ အရွယ်လတ်ခန့် ဦးပဥ္စင်းလေးက သပိတ်ချည်လွယ်ကာ တရွေ့ရွေ့ ထွက်ခွာလှမ်းသွားပြီဖြစ်သည်။ သို့သော် သူမသိလိုက်သည်က ယင်းကျောက်နွားသိုးသင်္ချိုင်းကုန်း ကြီးထဲက အစိမ်းသေသရဲမ မြနှင်းထံက သူတို့ သက်စွန့်ဆံဖျား ယူလာခဲ့သည့် ပီယသနပ်ခါးများအား ဘယ်သို့သုံးစွဲလိုက်သလဲ၊ ဘာတွေထူးခြားဆန်းကြယ်သလဲဆိုတာ သူမမေးမိလိုက်ခြင်းပင် ဖြစ်လေသည်။

ယင်းသနပ်ခါးအစွမ်း သူသိချင်နေတာအမှန်။

ရွှေဘုန်းကံ



www.burmeseclassic.com

www.burmeseclassic.com



# အလောင်းလုတဲ့ ည

## ကာဝေနီ

ကုန်းစုရွာတွင် မသူဇာဆိုသည့် ကောင်မလေးထူးထူးဆန်းဆန်းသေရာမှဇာတ်လမ်းကစတော့သည်။ ကောင်မလေးကရိုးရိုးသေတာမဟုတ်။ ဆံပင်ရှည်လူကြီးတစ်ယောက်ရွာထဲဝင်လာပြီး မသူဇာတို့အိမ်ရှေ့ ရောက်လာခဲ့သည်။ ကောင်မလေးကို စုန်းမဟုရိုးစွပ်ပြီးပညာပြိုင်ဖို့လာရောက်စိန်ခေါ်သည်။ ထို့ကြောင့်





တစ်ရွာလုံးအံ့ဩသွားရသည်။ ညရောက်သည့်အခါ စိန်ခေါ်ချိန်းဆိုထားသည့် ရွာပြင်သင်္ချိုင်းထဲတွင် ဆံရှည်စုန်းကြီးစောင့်နေစဉ် သတ္တိကောင်းသည့် ရွာသူရွာသားများ လာရောက်ချောင်းမြောင်းကြည့်ရှုနေကြသည်။

"ကောင်မလေးက စုန်း မဟုတ်ပါဘူးကွာဘယ်လာပါမလဲ"

ရွာသားများတီးတိုးပြောဆိုနေကြစဉ် မသူဇာတစ်ယောက် အဝတ်အစားနက်ကြီးများဝတ်ကာ ရောက်လာ၍ အားလုံးအံ့ဩသွားတော့သည်။ ထို့နောက်တစ်သက်နှင့်တစ်ကိုယ်ထူးခြားလှသော စုန်းပညာပြိုင်ပွဲကြီးကို တွေ့မြင်ကြရသည်။ နောက်ဆုံးတွင်မသူဇာက စုန်းမီးလုံးကြီးအသွင်ပြောင်းပြီး ဆံရှည်စုန်းကြီးထံပြေးဝင်သွားရာ ဆံရှည်စုန်းကြီးကလည်း ကျီကန်းနက်ကြီးအသွင်ယူ ပြီးပြန်တိုက်လေရာ နှစ်ယောက်စလုံး ထိုနေရာတွင်အသက်ပျောက်ကုန်ကြသည်။ မသူဇာသေဆုံးသည့်အတွက်တစ်ရွာလုံးစိတ်မကောင်းဖြစ်နေကြစဉ်ရွာကိုအစဉ် အမြဲစောင့်ရှောက်လေ့ရှိသည့် ဆရာကြီးဦးမင်းဒင်တစ်ယောက် ရွာသူကြီးဦးဘထွားထံရောက်လာပြီး

"ဒီနယ်တစ်ဝိုက်မှာရှိတဲ့ စုန်းတွေက သူတို့မွေးထားတဲ့တစ္ဆေတွေကိုလွှတ်ပြီး မသူဇာအလောင်းကိုလာ လုကြလိမ့်မယ် စုန်းတွေက အပျိုစင် စုန်းမတစ်ယောက်ရဲ့အလောင်းကို ဆေး



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖို့ ဘယ်လိုနည်းနဲ့ ရှာရ ယူကြမှာပဲ၊ အဲဒီအလောင်းသာပါသွားရင် ဒီရွာအပါအဝင် တစ်နယ်လုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ အလောင်းရသွားတဲ့ စုန်းကိုဘယ်သူမှ ထိန်းနိုင်မှာမဟုတ်ဘူး''

တစ်ရွာလုံးကရိုသေလေးစားရသည့် ဆရာကြီးဦးမင်းဒင်ကိုယ်တိုင်က ပြောလာသည့်အတွက် သူကြီးလည်းထိတ်လန့်တုန်လှုပ်သွားသည်။

''ဒါဆိုဘယ်လိုလုပ်ရမလဲဆရာကြီး''

သူကြီးကမေးလေရာ၊

''မင်းရွာက သတ္တိကောင်းပြီး လုပ်ရဲကိုင်ရဲတဲ့ လူနှစ်ယောက်လောက်ခေါ်လိုက်''

သူကြီးလည်းဆရာကြီးပြောသည့်အတိုင်းရွာထဲမှ လှဆောင်နှင့် သာဂေါင်ကြီးတို့ကို ရွေးချယ်ခေါ်ယူလိုက်သည်။

★ ★ ★

မည်သို့ပင်ဖြစ်စေ တဆင့်စကားတဆင့်နားကြောင့် ညရောက်လျှင် တစ္ဆေများအလောင်းလာလုမည့် အကြောင်း။ ထိုအလောင်းသာပါသွားလျှင် ရွာပျက်မည့်အကြောင်း။ သတင်းများပျံ့နှံ့သွားပြီး တုန်လှုပ်ချောက်ခြားကုန်ကြသည်။ အကြောက်အလန့်ကြီးသူတို့ကလည်း ချက်ချင်းပင်လှည်းပြင်ကာ ရွာနီးချုပ်စပ်ရွာများသို့ ထွက်သွားကုန်ကြသည်။ ရွာတွင် ထွက်မပြေးဘဲ ကျန်ရစ်နေကြသူများမှာလည်း ရင်တထိတ်ထိတ်နှင့် ညရောက်မည်ကိုပင်စိုးရွံ့နေကြသည်။





ညနေစောင်းသည်နှင့် ခွေးတွေက စူးစူးဝါးဝါးအူကြသည်။ ကလေးငယ်တွေက အကြောင်းမဲ့လန့်ကာ ထငိုကြသည်။ ရွာတွင် ကလေးငိုသံ၊ ခွေးအူသံတွေနှင့် သွေးပျက်ဖွယ်ကောင်းနေသည်။ မကြာမီပင် နေ့အလင်းရောင်လုံးဝပျောက်သွားပြီး အမှောင်ထုက ကြီးစိုးလာသည်။ အူနေသောခွေးတွေ အမြီးကုပ်ကာ ငြိမ်ကျသွားသည်။ ငိုနေသောကလေးတွေလည်း အငိုတိတ်သွားကြသည်။ လေငြိမ်သွားသည်။ သစ်ရွက်တွေလည်းမလှုပ်တော့။ တစ်ရွာလုံး ထူးထူးခြားခြား ငြိမ်သက်သွားသည်။ တိတ်ဆိတ်ငြိမ်သက်မှုကခွေးတွေအူနေတုန်းကထက်ပင် ချောက်ခြားစရာကောင်းသွားသည်။ တစ္ဆေတွေတကယ်လာတော့မှာလား။

★ ★ ★

''မောင်ရင်တို့ကျုပ်ပြောတာနားလည်တယ်နော်''

ဆရာကြီးဦးမင်းဒင်က လှဆောင်နှင့်သာဂေါင်ကြီးတို့ကို စေ့စေ့ကြည့်ပြီးပြောလိုက်သည်။

''နားလည်ပါတယ်ဆရာကြီး''

''အေး..အဓိက ကတော့မင်းတို့ကို ဘယ်လိုပဲလှည့်စားလှည့်စား၊ ဘယ်လိုပဲခြောက်လှန့်ခြောက်လှန့် မတုန်လှုပ်နဲ့ထွက်မပြေးနဲ့။ အေး..၊ တုန်လှုပ်မယ်၊ ထွက်ပြေးမယ်ဆိုရင် စည်းပေါက်သွားလိမ့်မယ်။ စည်းပေါက်ရင် ဒီကောင်တွေကို နိမ်နင်းဖို့မလွယ်ဘူးဖြစ်သွားလိမ့်မယ်။ စုန်းတွေရဲ့သဘာဝက သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် အလောင်းလာလုလို့ မရဘူး။ သူတို့လက်သပ်မွေးထားတဲ့ တစ္ဆေတွေကိုပဲ လွှတ်လိမ့်မယ်။ မင်းတို့ကိုပေးထားတဲ့ အကာအကွယ်အင်းတွေ ဆေးလုံးတွေကို ငါမှာကြားထားသလို အသုံးပြုရမယ်''

''စိတ်ချပါဆရာကြီး''

''အေး... ငါပေးထားတဲ့အင်းချပ်တွေထဲက ရွှေရောင်အင်းချပ်ကို တစ္ဆေတွေထဲက အကြီးဆုံး အကောင်ကြီးထွက်လာတော့မှသုံးရမယ် ကြားလား။ ကဲ သင်္ချိုင်းကိုသွားကြစို့ မကြာခင် ဒီကောင်တွေလာကြတော့မယ် ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်သွားတာတွေ့လား''

လှဆောင်နှင့်သာဂေါင်ကြီးမှာ ဆရာကြီးမင်းဒင်၏ညွှန်ကြားချက်များကို တစ်ညနေလုံး သေသေချာချာ နားထောင်ကြခဲ့ကြရသည်။

''ကဲ..ဖောင်ရင်တို့ ဟောဟိုက မီးတုတ်တွေတစ်ချောင်းစီယူပြီးမီးညှိ၊ ပြီးရင်သွားကြမယ်''

လှဆောင်နှင့်သာဂေါင်ကြီးမှာ ဆရာကြီးပေးထားသော အင်းများ၊ ဆေးများကို လွယ်အိတ်ကိုယ်စီနှင့် ထည့်လွယ်လျက် မီးတုတ်များ ကိုယ်စီကိုင်ပြီး ဆရာကြီးမင်းဒင်နောက်မှလိုက်သွားကြတော့သည်။ ဦးတည်ရာက ရွာသင်္ချိုင်း။ အမြဲတမ်းလူသူစည်ကားလျက်ရှိသောရွာမှာ ယခုတော့တိတ်ဆိတ်လွန်းလှသည်။





သုံးယောက်သား သင်္ချိုင်းထဲရောက်လာကြသည်။ နေ့လည်ကမှ မြေမြှုပ်ထားသော မသူဇာ၏မြေပုံနားသို့ရောက်လာကြသည်။

''ကဲ...ဟော့၊ မီးတုတ်တွေကို အလောင်းရဲ့ခြေရင်းတစ်ချောင်း၊ ခေါင်းရင်းဘက်တစ်ချောင်း ထိုးစိုက်ထားလိုက်ကြ''

ဆရာကြီးစကားအတိုင်း မီးတုတ်ကွေကိုမြေမှာစိုက်လိုက်ကြသည်။

''ဝေါ...ဂူး...ဂူး..ဂူး''

ရုတ်တရက် လေတွေတိုက်ခတ်လာသည်။ သင်္ချိုင်းထဲရှိ သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားကုန်သည်။ မီးတုတ်များမှမီးတောက်များလည်းတုန်ခါနေကြသည်။ သတ္တိကောင်းလှပါသည်ဆိုသော လှဆောင်နှင့်သာဂေါင်ကြီးတို့ပင် ကြက်သီးများထပြီး ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုလိုက်ကြသည်။ သစ်ပင်များပေါ်တွင် အရိပ်မည်းများရောက်လာသည်။ နီရဲသောမျက်လုံးများမှာက အမှောင်ထဲမှနေ၍ သူတို့ကိုစိုက်ကြည့်နေကြသည်ကို သတိထားမိသည်။

''ဒီကောင်တွေလာပြီ၊ သတိထားကြဟေ့''

ဆရာကြီး၏သတိပေးသံအဆုံး မည်းမည်းအရိပ်ကြီးတစ်ခုက 'ဂူးကနဲ' မီးတုတ်ပေါ်မှဖြတ်ပျံသွားသည်။

''ဟာ''



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေတစ်ကောင်က နားရွက်ကြီးကို အတောင်သဖွယ် အသုံးချပြီးပျံသန်းသွားခြင်းဖြစ်သည်။ လေအရှိန်ကြောင့် မီးတုတ်မှမီးများငြိမ်းသွားသည်။ ဖျတ်ခနဲမှောင်သွားချိန်မှာပင် သစ်ပင် ပေါ်မှ မည်းမည်းအကောင်ကြီးများ မြေကြီးပေါ်ခုန်ချလာကြသည်။

"ဘုန်း..ဘုန်း...ဘုန်း"

မြေကြီးတစ်ခုလုံးတုန်ခါသွားသည်။

ပြီးတော့ သူတို့ရှိရာပြေးဝင်လာကြသည်။

အကောင်ကြီးတွေ အနားမရောက်မီမှာပင် စူးရှသောအပုပ်နံ့ကြီးက သူတို့အားလုံး၏နှာခေါင်းဝသို့ တိုးဝင်လာသည်။

"အောင်မလေးဗျ"

သတ္တိကောင်းလှပါသည်ဆိုသော လှဆောင်နှင့်သာဂေါင်ကြီးတို့ပင်အလန့်တကြားအော်ဟစ်လိုက်မိသည်။

ဆရာကြီးမင်းဒင်လက်မှ မီးတောက်တစ်ခုထွက်လာသည်ကိုတွေ့လိုက်ရပြီး မီးတုတ်နှစ်ခုမှမီးတောက်များပြန်လည်ထွက်ပေါ်လာသည်။ ဒီတစ်ခါမီးတောက်များမှာပုံမှန်အရောင်တွေမဟုတ် ပြာလဲ့လဲ့သန်းနေသည်။ အမှောင်အားကိုးနှင့်ဝင်လာသောမည်းမည်းအရိပ်များမှာ ထိုမီးရောင်ဟပ်လိုက်သည်နှင့်ဂူးဂူးဝါးဝါးအော်ဟစ်ကာ လွင့်စင်ပျောက်ကွယ်သွားသည်။

"ဟာ..တစ္ဆေတွေတော့ပြေးကုန်ပြီ..ဆရာကြီးရေ"

"ပျော်မနေနဲ့ကိုယ့်လူရေ အဲဒါတစ္ဆေအရိပ်တွေပဲရှိသေးတယ်၊ တကယ့်ကောင်တွေလာဦးမှာ"

"အူး...အူး....အူး..ဝူး...ဝူး"

လေထဲတွင်လွင့်ပျံ့လာသော အသံကြီးတွေကအသဲထိတ်စရာကောင်းလှသည်။ မီးတုတ်မီးအလင်းရောင်၏ အပြင်ဘက်နေရာအားလုံး ပိန်းပိတ်သောအမှောင်က ကြီးစိုးသွားသည်။ အမှောင်မှ တကယ့်အမှောင်။ ဘာဆိုဘာမှမမြင်ရ။ ဝိုးတဝါးအလင်းရောင်ပင်မမြင်ရတော့။ ထိုအမှောင်ထုကြီးမှာ ဆရာကြီး မင်းဒင်ဖန်တီးထားသော မီးတုတ်အလင်းကိုဝါးမျိုစုပ်ယူလျှက်ရှိသည်။ မီးတုတ်မှာ ဖျတ်ခနဲငြိမ်းသွားခြင်းမျိုးမဟုတ်ဘဲ ဖြေးညှင်းစွာမှိန်ဖျော့လာသည်။ ကြောက်မက်ဖွယ်အမှောင်ထုကြီးမှာ တဖြေးဖြေးကျယ်ပြန့်လာသည်။ အမှောင်ထဲမှ ကြောက်မက်ဖွယ်အသံများမှာလည်းတဖြည်းဖြည်းကျယ်လောင်နီးကပ်လာသည်။

"သတိထားကြဟေ့...၊ ငါမှာထားတာတွေမမေ့ကြနဲ့ ပစ္စည်းတွေအသင့်ပြင်ထားကြ"

ဆရာကြီးမင်းဒင်က သတိပေးနေစဉ်မှာပင်....၊

အမှောင်ထဲမှပျော့ဖတ်စွာ ရှည်လျားထွက်လာသောလက်တံရှည် မည်းမည်းကြီးများက လှဆောင်နှင့်သာဂေါင်ကြီးတို့ကို လှမ်းဆွဲလေသည်။ တချို့ကမီးတုတ်ကိုလှမ်းဆွဲသည်။

စေးကပ်ပျစ်ချွဲသော လက်တံရှည်အချို့က လှဆောင်၏ခြေလက်များကိုဆွဲမိသွားကြပြီး အမှောင်ထဲသို့ အတင်းဆွဲသွင်းကြ







www.burmeseclassic.com

www.burmeseclassic.com



သည်။ လဆောင်ခြေကန်ပေးပြီးရုန်းသည်။ မရ။ သာဂေါင်ကြီးက လှဆောင်ကိုဝင်ဆွဲသည်။ နှစ်ယောက်သားတရွတ်တိုက်ပြီး အမှောင်ထုကြီးထဲ တရွေ့ရွေ့ပါသွားကြ သည်။ ဆရာကြီးမင်းဒင်က ပုပ်အဲ့စိုထိုင်းနေသော အမှောင်ထုထဲမှ လက်တံရှည်ကြီးများကို ချိန်ရွယ်ပြီး အင်းတစ်ချပ်နှင့်ပေါက်လိုက်သည်။

"ဘုန်း…ဝုန်း…အူး"

နာကျင်စွာဟာစ်အော်သည့် အသံနက်ကြီးများ အမှောင်ထုထဲမှထွက်ပေါ်လာသည်။

"ဟော့ကောင်တွေ ငြိမ်မနေနဲ့ပြန်ချကြလေကွာ"

ဆရာကြီးမင်းဒင်အသံက အဝေးကြီးမှထွက်ပေါ်လာသည့်နှယ်။ တိုးတိတ်စွာခပ်သဲ့သဲ့ထွက်ပေါ်လာသည်။ ဤနေရာတစ်ခုလုံးရှိ အသံများအလင်းရောင်များကို မကောင်းဆိုးဝါးအမှောင်ထုကြီးကဝါးမျိုသိမ်းပိုက်နေသည်။ မီးတုတ်မှ မီးတောက်လည်းသေးသေးမျှင်မျှင်လေးသာ ကျန်တော့သည်။ လှဆောင်နှင့်သာဂေါင်ကြီးမှာ လွယ်အိတ်ထဲရှိ ဆရာကြီးပေးထားသောဆေးလုံးများကိုထုတ်ပြီး တစ္ဆေလက်တံကြီးများကို ပစ်ပေါက်သည်။ ဆေးနှင့်ထိသော လက်တံကြီးများမှာ ပြာမှုန်များသဖွယ်လွင့်စင်ကွယ်ပျောက်သွားကြသည်။ ပျောက်ကွယ်သွားသော လက်တံကြီးများနေရာတွင် အနီရောင်အမွေးရှည်ကြီးများနှင့်လက်ကြီးများပေါ်လာသည်။ ထိုလက်ကြီးများက လှဆောင်တို့ကိုမတိုက်ခိုက်





ဘဲ မသုဿာကိုမြုပ်ထားသည့် မြေပုံကိုလက်သည်းရှည်ကြီးများနှင့်ဘူးစွတော့သည်။ လက်တံနီကြီးများမှာလွန်စွာသန်မာလှသည်ဖြစ်ရာ မြေကျင်းထဲမှ မသုဿာအလောင်းမှာ ချက်ချင်းပေါ်လာတော့သည်။

ဆရာကြီးမင်းဒင်တို့အားလုံး ဆေးလုံးများ အင်းချပ်များဖြင့် တစ္ဆေများလက်တံများကိုတိုက်ခိုက်နေရသည်။ယခုအခါတွင် မီးရောင်မှာ မရှိသလောက်ဖြစ်သွားပြီဖြစ်၍ လက်တံရှည်ကြီးများနောက်မှ တစ္ဆေကိုယ်လုံးကြီးများကိုပါ မြင်နေရပြီဖြစ်သည်။ တော်ရုံအသည်းငယ်တတ်သူဆိုပါက ထိုနေရာ၌ပင်လဲကျသေဆုံးသွားနိုင်သည်။ လှဆောင်နှင့်သာဂေါင်ကြီးတို့ပင် တစ်နေ့လုံးလိုလိုဆရာကြီးမင်းဒင်ကြိုတင်ပြောပြထား၍သာ စိတ်ထိန်းထားနိုင်ခြင်းဖြစ်သည်။

"ဝုန်း"

မီးတိုင်နှစ်ခုမှတစ်တိုင်မှာ မီးပြန်တောက်သွားသည်။ အခြေအနေမဟန်တော့၍ ဆရာကြီးကိုယ်တိုင် 'အင်းမီးတောက်' တစ်ခု ကိုထပ်မံဖန်တီးလိုက်ခြင်းဖြစ်သည်။ မည်သည့်ပညာသည်မျိုးမှ တစ်ပွဲထဲတွင် မီးတောက်နှစ်ခုဖန်တီးလေ့မရှိကြ။ သက်စောင့်အတွက် မီးတောက်အင်းတစ်ခုကို ချန်ထားလေ့ရှိကြသည်။ ခုပွဲက ဆရာကြီးခန့်မှန်းထားတာထက် ပိုမိုခက်ခဲနေတာသေချာသည်။ အင်းမီးက မီးတုတ်တွင်စွဲနေပြီး ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်အမှောင်ထု ကို ဝုန်းကနဲရိုက်ခတ်သည်။

'အူး…ဂူး…ဂူး'

တစ္ဆေတော်တော်များများ လွင့်စင်ပျောက်ကွယ်သွားကြသည်။

"ဝုန်း…အုန်း…ဝုန်း"

မြေကြီးသိမ့်သိမ့်တုန်သွားသည်။

"ဟာ.."

လှဆောင်နှင့်သာဂေါင်ကြီးတို့နှစ်ဦး မြင်ကွင်းကြောင့် ခြေဆုံးခေါင်းဖျားကြက်သီးများထသွားကြသည်။ ထန်းပင်လောက် အရပ်ကြီးနှင့် မည်းမည်းကောင်ကြီးတစ်ကောင်၊ တစ္ဆေများခေါင်းပေါ်တွင်အုပ်မိုးပြီးပေါ်လာသည်။ တစ္ဆေအပေါင်းလည်း အားတက်သွားသည့်နှယ်၊ အသံမျိုးစုံဟစ်အော်ပြီးရှေ့သို့တိုးလာကြသည်။ လက်တံမည်းတွေက လှုသုံးယောက်ကို ဝင်ရောက်တိုက်ခိုက်သည်။ အနီရောင်လက်ကြီးများက မြေကျင်းထဲမှ မသူဇာအလောင်းကို နှယ်ရှင်များသဖွယ် ရစ်ပတ်ယူငင်သယ်ဆောင်ကြသည်။ လှဆောင်က အိတ်ထဲမှ အင်းချပ်များကိုဆုပ်ကိုင်ပြီး လက်တံနီကြီးများထံပစ်ပေါက်သည်။

"ဝုန်း..ဝုန်း…ဝုန်း…အုံး"

ပေါက်ကွဲသံနှင့်အတူ လက်တံနီတစ္ဆေကြီးများလွင့်စင်ကုန်ကြပြီး မသူဇာအလောင်းမှာအလင်းရောင်နှင့်အမှောင်ထုကြား





တွင် ကျကျန်နေခဲ့သည်။ လှဆောင်က ထိုနေရာဆီတိုးဝင်သွားပြီး မသူဇာအလောင်းကို ဆွဲယူသည်။

"ဘုန်း…အား"

နောက်ဆုံးရောက်ရှိလာသည့် ထန်းပင်လောက်ရှိသည့် အကောင်ကြီးက လက်ကြီးကိုလွှဲပြီး လှဆောင်ကိုရိုက်လိုက်ရာ အမှောင်ထုထဲသို့ လွင့်ထွက်သွားသည်။

ဆရာကြီးက လွယ်အိတ်ထဲမှ ချည်မန်းကြိုးတစ်ခုကို ထုတ်ပြီး လှဆောင်လွင့်ထွက်သွားရာနောက်သို့ ပစ်လိုက်သည်။ ချည်မန်းကြိုးက အမှောင်ထုထဲလွင့်သွားသောလှဆောင် နောက်သို့ ဝုစ်ကနဲ လိုက်ပါသွားသည်။

ထိုအချိန်မှာပင် ထန်းပင်တစ္ဆေကြီးက မသူဇာအလောင်းကို ဆတ်ခနဲကောက်ကာ သူ့ပခုံးပေါ်ကောက်တင်လိုက်ပြီး ခြေလှမ်းကျဲကြီးများဖြင့် အမှောင်ထုထဲဝင်သွားတော့သည်။

ဆရာကြီးမှာကိုင်ထားသောချည်မန်းကြိုးစတွင် လှဆောင်ကိုရစ်ပတ်မိနေပြီကိုသိလိုက်သည်။ လွှတ်လိုက်လို့မဖြစ်။

"မောင်သာဂေါင်ရေ မီးတုတ်ကိုယူပြီး ဟိုကောင်ကြီးနောက်လိုက်စမ်းကွာ၊ တွေ့တာနဲ့ငါပေးထားတဲ့ ရွှေရောင်အင်းချပ်ကိုသုံး၊ လက်မနှေးစေနဲ့"

သာဂေါင်ကြီးလည်း ဆရာကြီးပြောသည့်အတိုင်းချက်ချင်းပင် အင်းမီးတောက်နေသည့် မီးတုတ်ကြီးကိုကိုင်စွဲပြီး ထန်း

www.burmeseclassic.com



ပင်တစ္ဆေကြီးနောက်လိုက်လေတော့သည်။ ရွှေ့လျှားလာသော မီးအလင်းရောင်နှင့်ထိတွေ့လိုက်သော တစ္ဆေမှန်သမျှ လွင့်စင်ပျောက်ကွယ်ကုန်ကြသည်။ သာဂေါင်ကြီးနားမကပ်ရဲကြ။

"ဝူး…ဝရော"

အရှိန်ပြင်းစွာဖြင့် သစ်ကိုင်းကြီးတစ်ခု သာဂေါင်ကြီးရှိရာထိုးဝင်လာသည်။ အမြန်ငုံ့ရှောင်လိုက်ရသည်။ မီးတုတ်ကိုမြှောက်ပြီးကြည့်လိုက်ရာ ထန်းပင်တစ္ဆေကြီးက သစ်ပင်တစ်ပင်မှသစ်ကိုင်းများကို ချိုးဖဲ့ပြီးပစ်ပေါက်နေခြင်းဖြစ်သည်။ သာဂေါင်ကြီးမှာ လွယ်အိတ်ထဲမှ ရွှေရောင်အင်းချပ်ကို လက်ထဲတွင်တင်းတင်းဆုပ်ပြီး ရှေ့ကိုတိုးသည်။ ထန်းပင်ကောင်ကြီးက သစ်ကိုင်းများဖြင့် ပစ်ပေါက်ရင်းနောက်သို့ဆုတ်ဆုတ်သွားသည်။ အကောင်ကြီးသော်လည်း အင်းမီးတောက်အလင်းကို ကြောက်လန့်ပုံရသည်။ ဒါကိုရိပ်စားမိသော သာဂေါင်ကြီးက မီးတုတ်ကို မြှောက်နိုင်သမျှမြှောက်ပြီး ရှေ့တိုးသည်။

"ကိုသာဂေါင်ကြီး…."

အမှောင်ထဲမှ ချွဲချွဲနွဲ့နွဲ့ခေါ်သံ။ ပြီးတော့အမှောင်ထဲမှ တစ်လှမ်းခြင်းလျှောက်လှမ်းလာသည့် ချောမောလှပသည့် မသူဇာ။ အဝတ်အစားတွေက ဖရိုဖရဲနှင့်။ မျက်လုံးတွေက အရည်လဲ့နေပြီး သာဂေါင်ကြီးကို အပြင်းအထန်ညို့ယူဖမ်းစားကာ ရှေ့တိုးလာသည်။ ချိုလွင်သောအသံလေးက အမှောင်ထုထဲမှ….၊





"ကျွန်မ အသက်ပြန်ရှင်လာတာ ကိုရင်သာဂေါင်ကြီးကြောင့်လေ။ ဘယ်လိုကျေးဇူးဆပ်ရမှန်တောင်မသိတော့ဘူး၊ ခစ်…ခစ်…ခစ်"

ရွှေရောင်အင်းချပ်ကို လက်ထဲမှာကိုင်ထားပြီး ငေးကြည့်နေမိသည်။ ဖရိုဖရဲဖြစ်နေသော အဝတ်အစားအောက်မှ အလှအပများကို စိုက်ကြည့်နေမိချိန်ဝယ် မသူဇာက သာဂေါင်ကြီးလက်ထဲမှ ရွှေရောင်အင်းချပ်ကို ဆွဲယူတော့မည်။

"မောင်သာဂေါင် သတိမလွတ်စေနဲ့နော်"

အမှောင်ထဲမှလွင့်ပျံ့ ထွက်ပေါ်လာသည့် ဆရာကြီးမင်းဒင် အသံကြောင့် သာဂေါင်ကြီးဆတ်ခနဲအသိဝင်သွားသည်။ လက်ထဲမှ ရွှေရောင်အင်းနှင့်ပစ်ပေါက်ရန် ရွယ်လိုက်သည်။

"အောင်မလေး"

ရွယ်ရုံပဲရှိသေးသည်။ သာဂေါင်ကြီးရှေ့မှ မသူဇာမှာအော်ဟစ်ပျောက်ကွယ်သွားပြီး ထန်းပင်တစ္ဆေကြီးဘွားကနဲပေါ်လာတော့သည်။ သတိကောင်းကောင်း ကပ်နေပြီဖြစ်သော သာဂေါင်ကြီးမှာ မတုန်လှုပ်တော့ဘဲ လက်ထဲမှရွှေရောင်အင်းဖြင့် အကောင်ကြီးကို ပစ်ပေါက်လိုက်တော့သည်။

ပေါက်ကွဲသံမှာ ကျယ်လောင်လွန်း၍ နားများပင်လျှံသွားရသည်။ ထန်းပင်တစ္ဆေကြီးမှာ ရွှေရောင်အင်းဒဏ်ကိုမခံနိုင်ပဲ လွင့်စင်ပျောက်ကွယ်သွားရတော့သည်။ ထိုအကောင်ကြီးပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်နှင့် ပတ်ဝန်းကျင်ရှိပိန်းပိတ်နေသည့် အမှောင်ထုကြီး လည်း ချက်ချင်းပျောက်ကွယ်သွားသည်။ အပုပ်နံ့များနှင့်အတူ တစ္ဆေတွေလည်း လေထုထဲတွင်ထွက်ပြေး လွင့်စဉ်သွားကြတော့ သည်။

''ဘုတ်…ဘုတ်…ဘုတ်''

ခြေသံကြား၍ဆတ်ကနဲလှည့်ကြည့်လိုက်ရာ ဆရာကြီး နှင့် လှဆောင်တို့ သာဂေါင်ကြီးထံပြေးလာကြခြင်းဖြစ်သည်။

''ဟိုမှာတွေ့ပြီဟေ့၊ မြန်မြန်သယ်ခဲ့ကြသူ့ကျင်း ထဲသူပြန်ထဲ့ရမယ်။ အရဏ်မတက်ခင်ပြန်မြှုပ်ပေးမှဖြစ်မှာ''

ဆရာကြီးညွှန်ပြရာနေရာမှာ ထန်းပင်တစ္ဆေကြီးပျောက် ကွယ်သွားသောနေရာဖြစ်ပြီး၊ ထိုနေရာတွင် မသူဇာအလောင်းမှာ တောင့်တောင့်ကြီးလဲနေသည်။

''အောက်…အီး…အီး…အွတ်''

လင်းကြက်တွန်သံ…။

အားလုံးခေါင်းနပန်းကြီးသွားကြသည်။ လှဆောင်နှင့် သာဂေါင်ကြီးမှာ တောင့်တင်းနေသော မသူဇာအလောင်းကို တစ် ယောက်တစ်ဖက်မကာ မြေကျင်းရှိရာသို့ အမောတကောလျင် မြန်စွာသယ်ကြတော့သည်။ ထို့နောက်အလောင်းကိုမြေကျင်း ထဲချပြီး မြေကြီးများကိုပြန်ဖို့ကြရသည်။ မြေဖို့ခြင်းကိစ္စ လက်စ သတ်ပြီးချိန်တွင် အရှေ့ဘက်ကောင်းကင်မှ အရဏ်ကျင်းသည့်





အလင်းရောင်များ ထွက်ပေါ်လာပြီဖြစ်သည်။

သုံးယောက်သား ထိုအခါမှပင် မြေပုံဘေးတွင်ခြေပစ် လက်ပစ်ထိုင်ချလိုက်တော့သည်။

★ ★ ★

သူကြီးဦးဘထွားခေါင်းဆောင်သော အဖွဲ့ရောက်ရှိလာ ချိန်တွင် ဆရာကြီးမင်းဒင်မှာ သချိုင်းထဲမှထွက်ခွာသွားပြီဖြစ် သည်။ သူကြီးက အားလုံးကို သူ့ဝိုင်းထဲခေါ်သွားပြီး လှဆောင်နှင့် သာဂေါင်ကြီးတို့ကို အဖြစ်အပျက်များအားလုံးကို ပြန်ပြောပြစေ သည်။ အချို့ကလည်း အံ့သြတကြီး ကြောက်လန့်စွာ နားထောင် ကြသလို မယုံကြည်ကြသူများလည်းရှိသည်။ အဖြစ်အပျက်များ နှင့်ပတ်သက်၍ လှဆောင်မှာ သူကိုယ်ပေါ်တွင်အထပ်ထပ်ရစ် ပတ်နေသော ချည်မန်းကြိုးများကို သက်သေပြသနိုင်သည်။

''ဟေ့…သာဂေါင်ကြီးမှာရော ဘာများပြစရာရှိလည်းကွ''

''မရှိပါဘူး သူကြီးရာ ယုံချင်တဲ့သူယုံ မယုံချင်လည်း နေကြပေါ့၊ လောကမှာကိစ္စတိုင်းဟာသက်သေပြဖို့လိုတာ မဟုတ်ပါဘူး သူကြီးရာ''

ဟုပြောပြီးသာဂေါင်ကြီးလည်း ဝိုင်းထဲမှထွက်ခွာလာခဲ့ တော့သည်။

ကာဒေနီ



www.burmeseclassic.com